PDF Compressor Free Version

# သစ်တောကြေးမုံ

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ



၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျရောက်သည့်
အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုအပ်ပါသည်။

PDF Compressor Free Version

# မာတိကာ


**မျက်နှာဖုံး**

✧ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ — မျက်နှာဖုံး

**ဒေါင်းကြီး**

✧ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ — ၁

**သတင်းများကဏ္ဍ**

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းဖမ်းဆီးရမိခြင်းသတင်းများ — ၂-၇

**သစ်တောလုပ်ငန်းကဏ္ဍ**

✧ အလေးထားစိုက်ပျိုးပြုစု ထိန်းသိမ်းကြရမည့်.... - **ဒေါက်တာ သောင်းနိုင်ဦး** — ၁၅-၁၇, ၂၃

✧ ဒုံးကျွန်းစုအဏ္ဏဝါအမျိုးသားဥယျာဉ် သတ်မှတ်မည့်အပေါ်.... - **သိုက်ဝင်းထွန်း** — ၄၆-၄၉

✧ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ကျင်းပ၍ ဒီရေတောများ.... - **ဒေါက်တာဝင်းမောင်အေး** — ၂၆-၂၉, ၃၁

**အခြားသောသိမှတ်ဖွယ်ရာဆောင်းပါးကဏ္ဍ**

✧ အပြင်းထန်ဆုံး ကမ္ဘာ့လျှင်ကြီးများနှင့်အဆိုးရွားဆုံးကမ္ဘာ.... - **ဝင်းချစ် (အမျိုးသားစာပေဆုရ)** — ၈-၁၀, ၁၄

✧ တောဆင်ရိုင်းနှင့် အိမ်မွေးဆင်များ ထိန်းသိမ်း .... - **ဉက္ကာ၊ ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် စာရင်းအင်းဌာန** — ၂၀-၂၃

**ဘဝတစ်ကျော့ကဏ္ဍ**

✧ ကျွန်တော်တို့ တောဆင်းလုပ်ငန်းဆောင်ရွက်ခဲ့စဉ်က - **အောင်ခင်(သစ်တော)** — ၁၈-၁၉

✧ ရေနံ့သာတမ်းချင်း - Ba Soe (83) — ၂၄-၂၅

✧ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ အဆင့်မြှင့်တင်ခဲ့စဉ်.... - **ဦးငွေအောင် (စီမံစိုးသစ်)** — ၄၃-၄၅

✧ လူကောင်တင် - **တင်စိုး** (BFS) — ၃၅-၃၇

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ**

✧ မြန်မာ့သယံဇာတထုတ်ယူခြင်း၊ စီးပွားရေးလုပ်ငန်း.... - **ဦးစိန်သက်၊ ညွှန်ကြားရေးမှူး(ငြိမ်း)** — ၁၁-၁၄

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ**

✧ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာ .... - **သိန်းသန်းထွန်း (သစ်တော)** — ၃၈-၄၀

**ကဗျာကဏ္ဍ**

✧ အောက်ဆီဂျင် (သို့) အသက်ရှည်ဆေး (ကဗျာ) - **ရွှေညာသူ (စက်မှု)** — ၄၂

**အင်္ဂလိပ်ကဏ္ဍ**

✧ An Old Forester Looks Back.(36)-**U Sein Thet** — ၃၀-၃၁

✧ CITES Implementation in Myanmar .... -**Ms. Daw Khin Nyein San[a], Ms. Zheng Youmiao[b]** — ၃၂-၃၄

**နောက်ကျောဖုံး**

✧ ပင်လယ်အုန်းပင် - **ဦးဟုတ်လင်း** ... — ၄၁-၄၂, နောက်ကျောဖုံး



**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ဦးသိန်းနိုင်ကြွယ်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ-၀၀၄၀၀)

**စာတည်း**

ဦးစိုင်းရွက်ဆိုင်
ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးအုန်းလွင်-၃ လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေဇင်မြင့် ဦးစီးအရာရှိ (English Editor)
ဦးချမ်းမြေ့အောင်(၁) ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးရဲလွင်ငွေ(မြ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်
ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၃၄
fdextension39@gmail.com

PDF Compressor Free Version

# အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့

ဒီရေတောများသည် သက်ရှိတို့အတွက် ရိက္ခာများ ထုတ်ပေးခြင်း၊ ကမ်းရိုးတန်းဒေသများ ရေရှည်တည်တံ့ဖွံ့ဖြိုးစေခြင်း၊ ရာသီဥတု ပြောင်းလဲမှု လျှော့ချပေးခြင်းတို့အပေါ် လူအများ သတိပြုစေပြီး အလေးထားလာစေရန် ၂၀၁၅ ခုနှစ် ကျင်းပသည့် ယူနက်စကို၏ အထွေထွေညီလာခံမှ နှစ်စဉ် ဇူလိုင်လ ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ဂေဟစနစ်များစွာရှိသည့်အနက် ဒီရေတော ဂေဟ စနစ်များကို ကီလိုမီတာ ၂၈၀၀ ကျော်ရှည်လျားသည့် ကမ်းရိုးတန်း ဒေသများဖြစ်သည့် ဧရာဝတီ၊ တနင်္သာရီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးများ၊ ရခိုင်နှင့်မွန်ပြည်နယ်များတွင် ဧက ၁.၂၆ သန်းကျော် တွေ့ရှိရပြီး နိုင်ငံဧရိယာ၏ ၀.၇၆ ရာခိုင်နှုန်းဖုံးလွှမ်းကာ ကမ္ဘာတွင် သတ္တမမြောက် ဒီရေတောဧရိယာအများဆုံးအဖြစ် ဂုဏ်ယူစရာပုံရိပ်ကို မြင့်တင်ထားပါသည်။

ဒီရေတောများသည် သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတု ပြောင်းလဲမှုများ၊ နုန်းအနည်အနှစ်ပို့ချမှုများကို လျော့ပါးစေပြီး ကုန်းမြေအသစ် သောင်တိုးမြေများဖြစ်ပေါ်စေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် လူသားအပါအဝင် သက်ရှိများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း အကျိုးပြုလျက်ရှိပါသည်။ စိုက်ပျိုးမြေများ မြို့ပြဧရိယာများ ချဲ့ထွင်ခြင်း၊ လမ်းဖောက်ခြင်း၊ ပုစွန်ကန်ဆားကွင်းများ ပြုလုပ်ခြင်းတည်းဟူသော မြေအသုံးချမှုပြောင်းလဲမှုများ၊ သစ်နှင့်သစ်တောထွက်ပစ္စည်း အလွန်အကျွံထုတ်ယူမှုများသည် ဒီရေတောများပျက်စီးစေပြီး ဒီရေတောဂေဟစနစ်ကို လွန်စွာ ထိခိုက်ရပါသည်။

နိုင်ငံတော်မှ ကမ်းရိုးတန်းဒေသများနှင့်ပတ်သက်၍ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ ဖွဲ့စည်းထားရှိပြီး အဓိက လုပ်ငန်းတာဝန်ကြီး (၁၀) ရပ်ကို အပ်နှင်းထားပါသည်၊ ဗဟိုကော်မတီသည် ဆဌမအကြိမ်အထိ အစည်းအဝေး ကျင်းပခဲ့ပြီး မကြာမီတွင် သတ္တမအကြိမ်မြောက်ကျင်းပတော့မည်ဖြစ်ပါသည်၊ ဗဟိုကော်မတီအစည်းအဝေးများမှ ဆွေးနွေးဆုံးဖြတ်ချက်ချမှုအပေါ် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရန် လုပ်ငန်းကော်မတီ၊ အကြံပေးကော်မတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ကော်မတီ အသီးသီးကိုလည်း ဖွဲ့စည်းထားရှိပါသည်။

ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအား သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ကြီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်ကြရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဒီရေတောဧရိယာများအား ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောအဖြစ် တိုးချဲ့ဖွဲ့စည်းသတ်မှတ်၍ သစ်တောဥပဒေဖြင့် ကာကွယ်ထိန်းသိမ်းခြင်း၊ ဒီရေတောစိုက်ခင်းများတည်ထောင်ခြင်း ဆောင်ရွက်သကဲ့သို့ ၃၀-၁၀-၂၀၂၄ ရက်တွင် I C M အစီအစဉ်စတင်ခြင်း အခမ်းအနားကျင်းပ၍ I C M အစီအစဉ်ဆိုင်ရာ သစ်တောကဏ္ဍ ပထမ ငါးနှစ် (၂၀၂၅-၂၆ မှ ၂၀၂၉-၃၀ ခုနှစ်ထိ) စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ဒီရေတောဂေဟစနစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးနေမှသာ ဒေသခံများ၏ လူမှုစီးပွားဘဝများလည်း တိုးတက်နေမည်ဖြစ်ပါသည်၊ ဒီရေတောများ၏ အရေးပါမှုများကို ပြည်သူများသိရှိနားလည်ပြီး စနစ်တကျ အသုံးချတတ်ရန်လိုအပ်ပါသည်။ သဘာဝဒီရေတောများကို ထိန်းသိမ်းသကဲ့သို့ ဒီရေတောများ တိုးပွားရေးအတွက် ဒီရေတောသစ်မျိုးများကို တစ်ပင်မှတစ်တောအထိဖြစ်အောင် စိုက်ပျိုးပြုစု ထိန်းသိမ်းရမည်ဖြစ်ကြောင်း ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အား ဂုဏ်ပြုဖော်ပြအပ်ပါသည်။

**သစ်တောမူဝါဒ (၆)ချက်**

**(၁) ကာကွယ်ခြင်း**

**ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။**

**(၂) ထာဝစဉ်တည်တံ့စေခြင်း**

**လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။**

**(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**

**ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။**

**(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**

**သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။**

**(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**

**သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။**

**(၆) ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရင်သန်နေစေခြင်း**

**နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိ ရင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။**

PDF Compressor Free Version

# သတင်းများကဏ္ဍ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ စီးပွားစိုပြည်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လမ်းညွှန်မှာကြား






မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စီးပွားစိုပြည်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၉-၆-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောမြေတည်ရှိမှုနှင့် သစ်တောဖုံးလွှမ်းမှု၊ မြို့နယ်စီးပွားစိုပြည်ရေးအတွက် သစ်တောလုပ်ငန်းများအား နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော်စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ချယ်ရီပင်များ ကောင်းမွန်စွာ ပေါက်ရောက်သည့် ဒေသဖြစ်သည့်အတွက် ချယ်ရီမြို့တော်ဖြစ်စေရေး စနစ်တကျဖြင့် စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ပန်းမြို့တော်ဟု ယခင်ကတည်းက နာမည်ရပြီးသားမြို့ဖြစ်သည့်အတွက် အစဉ်အလာကောင်းများကို ဆက်လက် လက်ဆင့်ကမ်း ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ဒေသမျိုးရင်းပန်းမျိုးများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပမာအနေဖြင့် ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ပန်းမျိုးစုံတင်ပို့ရောင်းချခြင်းဖြင့် ဝင်ငွေများစွာရရှိကြောင်း၊ အဓိကအားဖြင့် ဂန္ဓမာနှင့် သစ္စာပန်းမျိုးများကို တင်ပို့ခြင်းဖြစ်ပြီး ပြင်ဦးလွင်၌ အောင်မြင်ဖြစ်ထွန်းသည့် ပန်းမျိုးများဖြစ်ကြောင်း၊ အလားတူ ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့်အာရေးဗီးကားကော်ဖီသည် ကမ္ဘာပေါ်တွင် ဈေးကွက်ဝင် လူကြိုက်များသည့် ကော်ဖီအမျိုးအစားဖြစ်သဖြင့် ကော်ဖီထုတ်လုပ်မှုများကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်၍ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

PDF Compressor Free Version

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကြိုးဝိုင်း၌ ကျင်းပသော ၂၀၂၅ ခုနှစ် ပထမအကြိမ် နိုင်ငံတော်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်



၂၀၂၅ ခုနှစ်၊ ပထမအကြိမ် နိုင်ငံတော်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဇွန်လ ၁၅ ရက်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကြိုးဝိုင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy၊ Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာသူများက သစ်မျိုး (၁၆)မျိုး၊ သစ်ပင်ပေါင်း (၃,၀၀၀)ကို စိုက်ပျိုးပေးကြသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၅ ခုနှစ် ပထမအကြိမ် နိုင်ငံတော်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်းနှင့် ပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ၉-၆-၂၀၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်းသို့ သွားရောက်၍ သင်တန်းသားအိပ်ဆောင်များ စနစ်တကျထားရှိမှု၊ ကွန်ပျူတာခန်းမနှင့် စာသင်ဆောင်များတွင် သင်ကြားပို့ချနေမှု အခြေအနေနှင့် သစ်တောကျောင်းဝင်းအတွင်း သာယာလှပရေး

ဆောင်ရွက်ထားမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

PDF Compressor Free Version

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်ပျိုးဥယျာဉ်သို့ သွားရောက်၍ ပျိုးဥယျာဉ်အတွင်း သစ်မျိုး (၁၄) မျိုးဖြင့် ပျိုးပင် ၁၄၁,၀၀၀ ကျော် ပျိုးထောင်ထားရှိမှုအခြေအနေ၊ ဆေးဘက်ဝင် ဂမုန်းမျိုးစိတ် (၂၀) မျိုးနှင့် မြန်မာ့ရှားပါး သစ်ခွမျိုးစိတ် (၆၀)မျိုး ထိန်းသိမ်းစောင့်ရှောက်ထားမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်မြို့နှင့် ပတ်ဝန်းကျင်အထူးစီမံလန်းစိုပြည်ရေး၊ လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်ဖြစ်စေရေး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၂၀၂၅ ခုနှစ် မိုးရာသီ ဝန်ကြီးဌာနအဆင့် ပထမအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ




သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၂၀၂၅ ခုနှစ် မိုးရာသီ ပထမအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ၂၆-၆-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကြိုးဝိုင်း၊ အကွက်အမှတ်-၁၄ ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ စုစုပေါင်း အင်အား ၁၀၀၀ ဦး တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အထိမ်းအမှတ် ကျွန်းပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးပြီး၊ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက အထိမ်းအမှတ်သစ်ပင်များအား သတ်မှတ်နေရာများတွင် ဆက်လက်စိုက်ပျိုးပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်လာသူများက ပျိုးပင်များ စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ ပိတောက်နက်စသည့် တန်ဖိုးရှိသစ်မျိုးများအပါအဝင် စုစုပေါင်းသစ်မျိုး ( ၂၁ )မျိုးဖြင့် ပျိုးပင် (၁၅၀၀)ပင်အား လူထုလှုပ်ရှားမှုအသွင်ဖြင့်စိုက်ပျိုးကြသည်။

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းပြုစုရေး လုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေးအတွက် မိုးရာသီအကြိုနှင့် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲများကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိရာ ယခုနှစ်တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ (၁၉၄) ကြိမ် သစ်ပင်ပေါင်း (၁၆၀,၇၃၂) ပင်စိုက်ပျိုးခဲ့ပြီး မိုးကာလအတွင်း သစ်ပင်စိုက်ပွဲများအား ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။



၂၀၂၅ ခုနှစ် မိုးရာသီအတွင်း သစ်ပင်စုစုပေါင်း (၂၂)သန်းစိုက်ပျိုးမည်ဖြစ်ကြောင်း သိရှိရသည်။

## နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ (ဆဋ္ဌမအကြိမ်) အစည်းအဝေးကျင်းပခြင်း

PDF Compressor Free Version



နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ (ဆဋ္ဌမအကြိမ်) အစည်းအဝေးကို (၉-၆-၂၀၂၅) ရက်၊ တနင်္လာနေ့ နေ့လယ် (၁၃:၀၀) နာရီအချိန်တွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းသူ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ လုပ်ငန်းကော်မတီဝင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)နှင့် ရေကြောင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကော်မတီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ် သယံဇာတရေးရာဝန်ကြီးများက ဗွီဒီယိုကွန်ဖရန့်ဖြင့် တက်ရောက်ကြသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့က အမှာစကားအသီးသီးပြောကြားပြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတထိန်းသိမ်းရေးရာ အသိပညာပေးဗွီဒီယိုပြသခဲ့သည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူးက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

---

## အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူးများအဖွဲ့ နဝမအကြိမ် အစည်းအဝေးကျင်းပ



အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူးများအဖွဲ့ နဝမအကြိမ်အစည်းအဝေးကို (၁၀-၆-၂၀၂၅) ရက်၊ အင်္ဂါနေ့ နေ့လယ် (၁၄:၀၀) နာရီတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူးများအဖွဲ့အဖွဲ့ခေါင်းဆောင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ကော်မတီတို့မှ အတွင်းရေးမှူးများအဖွဲ့၏ အဖွဲ့ဝင်များက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကဏ္ဍအလိုက်အသီးသီး ရှင်းလင်းတင်ပြဆွေးနွေးကြရာ အဖွဲ့ခေါင်းဆောင်မှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

PDF Compressor Free Version

အတွင်းရေးမှူးများအဖွဲ့ အစည်းအဝေးကို (၃) လ တစ်ကြိမ် ကျင်းပလျက်ရှိပြီး လုပ်ငန်းကော်မတီများနှင့် နည်းပညာအကြံပေးအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ပေါင်းစပ်ညှိနှိုင်းခြင်းဆောင်ရွက်ကြပါကြောင်း သိရှိရပါသည်။

## ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး ပြင်ဦးလွင်မြို့နယ် ကန်တော်ကြီးအမျိုးသားဥယျာဉ်သို့ သွားရောက်စစ်ဆေး



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ပြန်လည်ပြုပြင်တည်ဆောက်ထားရှိသည့် ရွှံ့နွံ့လျှောက်လမ်းတံတားနှင့် သဘာဝငှက်ကြည့်အိမ် လျှောက်လမ်းတံတားများ ပြုပြင်တည်ဆောက်ထားရှိမှု အခြေအနေများအား စစ်ဆေးကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံသစ်တောကျောင်းသားများ တောတွင်းကွင်းဆင်းဆောင်ရွက်မှု ကြည့်ရှုအားပေး



သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးသည် ( ၉–၆–၂၀၂၅) ရက်တွင် ပြင်ဦးလွင်မြို့၊ မြန်မာနိုင်ငံသစ်တောကျောင်းအပတ်စဉ် (၁၁၈) သင်တန်းသားများ ဆင်လမ်းဆည်ရေဝေရေလဲဧရိယာအတွင်း တောတွင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုအား ကြည့်ရှုအားပေးသည်။

ညွှန်ကြားရေးမှူးချုပ်မှ သစ်တောလုပ်ငန်းများအား လက်တွေ့ကွင်းဆင်းဆောင်ရွက်ရာ၌ လုပ်ငန်းတစ်ခုချင်းအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရေးနှင့် စာတွေ့ပိုင်၍လက်တွေ့နိုင်စေရေး ကြိုးစားသင်ယူ ဆောင်ရွက်ရန်မှာကြားပြီး သင်တန်းသားများနှင့်အမှတ်တရဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

## နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းကို ရုံးအမှတ် (၃၉) တွင် ပြုလုပ်



နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက်ရွတ်ဆိုခြင်းကို (၂–၆–၂၀၂၅) ရက်၊ နံနက် (၀၉:၃၀) နာရီအချိန်၌ နေပြည်တော် ရုံးအမှတ် (၃၉) သစ်တော ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး အလံတိုင်ရှေ့ကွက်လပ်တွင်ပြုလုပ်ရာ ညွှန်ကြားရေးမှူးချုပ်ရုံးရှိ အရာထမ်းနှင့် အမှုထမ်း ဝန်ထမ်း စုစုပေါင်း (၅၆၇) ဦးမှ သစ်တောဦးစီးဌာန၏ ရုံးတက်တူညီဝတ်စုံများဝတ်၍ နိုင်ငံတော်အလံအား အလေးပြုပြီးနောက် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပါသည်။ထိုသို့ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့ နံနက် (၀၉:၃၀) နာရီအချိန်နှင့် သောကြာနေ့ ညနေ (၀၄:၃၀) နာရီတို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ်များမှ ဖမ်းဆီးရမိခြင်း

PDF Compressor Free Version

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၂-၆-၂၀၂၅) ရက်မှ (၈-၆-၂၀၂၅) ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း(၂၂.၈၂၁၄)တန်၊ သစ်မာ (၃၆.၈၁၅၈)တန်၊ အခြား(၄.၉၃၇၂)တန်၊ စုစုပေါင်း (၆၄.၅၇၄၄)တန်၊ ယာဉ်/ယန္တရား(၆)စီး၊ တရားခံ(၅)ဦး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက်အများဆုံး ဖမ်းဆီးရမိမှုမှာ ၄-၆-၂၀၂၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကင်းဆိပ်ဘိနယ်၊ စပါးကြွယ်ကျေးရွာအနောက်ဘက်နေရာများမှ တရားမဝင် ကျွန်း/ ပျဉ်းကတိုး/ သစ်လုံး/ ခွဲသား/ ခွဲခြမ်း စုစုပေါင်း (၄၄၃)လုံး/ချောင်း/ခြမ်း (၃၆.၃၂၄၂)တန်၊ ယာဉ် (၁)စီး၊ လွှဝိုင်း (၆) ဝိုင်း၊ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပါသည်။



**ပြည်နယ်နှင့် တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလမှ မေလအထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၂၀၇ | |
| ၂ | သစ်မာ | တန် | ၁၂၅ | |
| ၃ | အခြား | တန် | ၃၆၇ | |
| **စုစုပေါင်း** | | | **၆၉၉** | |
| ၄ | မီးသွေး | တန် | ၂၄၃ | |
| ၅ | ကား | စီး | ၃၄ | |
| ၆ | မြေတူးစက်/ မြေကော်စက်/ ကရိန်း | စီး | ၁ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း / ထွန်စက် | စီး | ၁ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၁၃ | |
| ၉ | စက်လှေ / ပဲ့ထောင် / ရေယာဉ် | စီး | ၉ | |
| **စုစုပေါင်း** | | | **၅၈** | **စဉ်(၅)မှ(၉) ယာဉ်/ ယန္တရား** |
| ၁၀ | သစ်စက် / အင်ဂျင် | လုံး | ၈ | |

# အပြင်းထန်ဆုံး ကမ္ဘာ့ငလျင်ကြီးများနှင့် အဆိုးရွားဆုံး ကမ္ဘာ့ငလျင်ကြီးများ

PDF Compressor Free Version

ဝင်းချစ်(အမျိုးသားစာပေဆုရ)

ကမ္ဘာပေါ်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးများအနက် ၁၉၆၀ ပြည့်နှစ်က ချီလီနိုင်ငံ၊ Valdvia တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးသည် ကမ္ဘာ့အပြင်းထန်ဆုံး ငလျင်ကြီးဖြစ်သည်။ ပမာဏ $M_w$ ၉.၄ မှ ၉.၆ $M_w$ တိုင်ရှိခဲ့သည်။ ၁၉၆၄ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်က အမေရိကန်ပြည်ထောင်စု၊ အလာစကာပြည်နယ်နှင့် အင်ဒိုနီးရှားနိုင်ငံ၊ ဆူမတြာကျွန်းတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးနှစ်ခုသည် ဒုတိယနှင့် တတိယအပြင်းထန်ဆုံး ငလျင်ကြီးများဖြစ်ခဲ့သည်။ ပမာဏ ၉.၂ $M_w$ နှင့် ၉.၃ $M_w$ ရှိခဲ့သည်။ စတုတ္ထနှင့် ပဉ္စမ အပြင်းထန်ဆုံး ငလျင်ကြီး နှစ်ခုသည် ၂၀၁၁ ခုနှစ်နှင့် ၁၉၅၂ ခုနှစ်က ဂျပန်နိုင်ငံ၊ Tohoku နှင့် ရုရှားနိုင်ငံ၊ Kamchatka တွင် လှုပ်ခတ်ခဲ့သည်။ ပမာဏ ၉.၁ $M_w$ နှင့် ၉.၀ $M_w$ ရှိခဲ့သည်။

ငလျင်ပညာရှင်များ၏ ခန့်မှန်းချက်အရ ငလျင်ကြီးများ၏ ပမာဏအမြင့်ဆုံးသည် ၁၀ $M_w$ တိုင်ဖြစ်နိုင်သည်။ အကယ်၍သာ Megaquake ဟုသတ်မှတ်ခေါ်ဆိုသည့် ယင်းငလျင်ကြီးမျိုးသာ လှုပ်ခတ်ခဲ့ပါက သက်ရောက်မှုသည် ကမ္ဘာဂြိုဟ်ကြီးတစ်ခုလုံးတိုင်အောင် ရှိမည်ဖြစ်ကြောင်းသိရှိရပါသည်။ ၁၉၆၀ ပြည့်နှစ်က ချီလီတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြီး၏ ပြတ်ရွေ့ကြောကြီး (Fault) သည် မိုင် ၁,၀၀၀ နီးပါး ရှည်လျားခဲ့ကြောင်း၊ ထို့ကြောင့် ပင်လျှင် အမေရိကန်ပြည်ထောင်စုရှိ ဟာဝေယံကျွန်း၊ ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံများထိအောင် သက်ရောက်မှုရှိခဲ့ပြီး လူသေဆုံးမှုများရှိခဲ့ကြောင်း မှတ်သားရပါသည်။

**အဆိုးရွားဆုံးငလျင်ကြီးများ**

၂၀ ရာစုနှင့် ၂၁ ရာစုအတွင်း ကမ္ဘာတစ်ဝန်းတွင် လှုပ်ခတ်ခဲ့သော ငလျင်များအနက် လူသေဆုံးမှု အလွန်များခဲ့သည့် အဆိုးရွားဆုံးငလျင်ကြီး ၆ ခုကို အောက်တွင် ဖော်ပြထားပါသည်။

| နာမည်၊ ဒေသနှင့်နိုင်ငံ | အချိန် | လူသေဆုံးမှု | ပမာဏ ($M_w$) |
|---|---|---|---|
| Tangshan earthquake Hebei, China | ၂၈-၇-၁၉၇၆ | ၃၀၀,၀၀၀ | ၇.၆ |
| Haiyun earthquake Ningxia, China | ၁၆-၁၂-၁၉၂၀ | ၂၇၃,၄၀၀ | ၇.၈ |
| Indian Ocean earthquake and Tsunami, Indonesia | ၂၆-၁၂-၂၀၀၄ | ၂၂၇,၈၉၈ | ၉.၁ - ၉.၃ |
| 2010 Haiti | ၁၂-၁-၂၀၁၀ | ၄၆,၀၀၀ - ၃၁၆,၀၀၀ | ၇.၀ |
| Kashmir Pakistan | ၂၀၀၅ | ၈၇,၃၅၁ | ၇.၆ |
| Turkey and Syria | ၂၀၂၃ | ၆၂,၀၃၁ | ၇.၈ |

ဆိုးရွားမှုကို ငလျင်၏ ပမာဏနှင့်မသတ်မှတ်ဘဲ လူသေဆုံးမှုနှင့်သာ သတ်မှတ်သည်။ အကြောင်းမှာ လူသေဆုံးမှုသည် ငလျင်၏ ပမာဏတစ်ခုတည်းပေါ်တွင်သာမက လှုပ်ခတ်သွားသည့်ဒေသ၏ လူဦးရေ ထူထပ်မှု၊ အဆောက်အအုံကြီးများ များပြားမှု၊ အဆောက်အအုံများ၏ အရည်အသွေး တစ်နည်းအားဖြင့်ဆိုသော် ထိုအဆောက်အအုံများ တည်ဆောက်ခဲ့သည့် အင်ဂျင်နီယာနည်းပညာများပေါ်တွင် မူတည်နေပါသည်။ ထို့ပြင် ငလျင်လှုပ်ခတ်မှုအပြီး၌ ဆောင်ရွက်ခဲ့သည့် ကယ်ဆယ်ရေးလုပ်ငန်းများ၏ ထိရောက်မှုပေါ်တွင်လည်း မူတည်လျက်ရှိပါသည်။

အထက်ဖော်ပြပါ ငလျင်ကြီးများအနက် ၁၉၂၀ ပြည့်နှစ်က တရုတ်ပြည်တွင် လှုပ်ခတ်သွားခဲ့သော ငလျင်ကြီးနှင့် ၂၀၂၃ ခုနှစ်က တူရကီနှင့် ဆီရီးယားတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးနှစ်ခု၏ ပမာဏများသည် တူညီသော်လည်း လူသေဆုံးမှုတွင် ပထမ ငလျင်ကြီးက ဒုတိယ ငလျင်ကြီး၏ လေးဆကျော်ရှိခဲ့သည်။ အဓိက အချက်သည် လူဦးရေထူထပ်မှု ကွာခြားချက်ကြောင့်ဖြစ်သည်။

၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့က လှုပ်ခဲ့သော စစ်ကိုင်းငလျင်ကြီး၏ ပမာဏသည် ၇.၁ ရှိခဲ့သဖြင့် ယခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် စစ်ကိုင်းငလျင်ကြီး၏ ပမာဏနှင့် မကွာခြားလှသော်လည်း လူသေဆုံးမှုအနေဖြင့်မူ ဆယ်ဂဏန်း (၃၈ ဦး)သာ ရှိခဲ့ပါသည်။ ငလျင် အဓိကလှုပ်ခဲ့သော စစ်ကိုင်းနှင့် မန္တလေးတွင် ထိုကာလက လူဦးရေနည်းသည်သာမက တိုက်တာအဆောက်အအုံများလည်း အလွန်နည်းပါးသေးသည်။ ထိုစဉ်က စာရေးသူသည် မန္တလေး၊ ဒီဘိုးလမ်း (၃၁ လမ်း၊ ၈၆ နှင့် ၈၇ ကြား) တွင် နေထိုင်ခဲ့ပြီး ၁၁ နှစ်သားအရွယ်ရှိပြီဖြစ်သဖြင့် အဖြစ်အပျက်များကို သေချာမှတ်မိနေပါသည်။ ည ၉ နာရီခန့်တွင် ငလျင်လှုပ်ခဲ့ရာ အိပ်ပျော်ခါစဖြစ်သည့် စာရေးသူနှင့် မိဘများ လမ်းမပေါ်သို့ မည်သို့မည်ပုံရောက်ရှိ သွားကြသည်ကိုပင်မသိကြတော့ပါ။ စာရေးသူတို့၏ သွပ်မိုးပျဉ်ထောင် နှစ်ထပ်အိမ်ကြီးသည် သွပ်မိုးမှ တဂျိန်းဂျိန်း အသံတွေမြည်ပြီး ယိမ်းထိုးနေသဖြင့် ကြောက်လန့်တကြား ပြေးဆင်းလာခဲ့ကြခြင်းဖြစ်ပါသည်။ လမ်းမပေါ်သို့ အိမ်တိုင်းစေ့ အိမ်ရှိလူကုန် ရောက်နေကြသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

PDF Compressor Free Version

စာရေးသူနေထိုင်ရာလမ်းတွင် (တစ်ပြအတွင်း) တစ်ထပ်တိုက်တစ်လုံးနှင့် နှစ်ထပ်တိုက်တစ်လုံး အပါအဝင် အိမ်တစ်လုံးမျှ အပျက်အစီးမရှိခဲ့ရုံသာမက လူထိခိုက်မှုလည်းမရှိခဲ့ပါ။ မလွန်ရပ်ကွက်၊ မလွန်ဈေး ဆန်လှူအသင်းကြီးအနီးရှိ တစ်ထပ်တိုက်တစ်လုံးပြိုကျရာ ထိုတိုက်မှ မိသားစုများ အထိအခိုက်မရှိခဲ့သော်လည်း တိုက်ဘေးရှိ တဲအိမ်ပေါ်သို့ပြိုကျသဖြင့် ယင်းတဲမှမိသားစု သုံးလေးဦးသေဆုံးသွားကြောင်း ကြားသိရပါသည်။ စစ်ကိုင်းမှ ဘုရားအချို့ပြိုရာတွင် ဆင်များရှင်ဘုရား၌ မှီခိုနေကြသော သူတောင်းစား ဆယ်ယောက်၊ ဆယ့်ငါးယောက်ခန့် သေဆုံးသွားကြောင်း ကြားသိခဲ့ရပါသည်။



လူသေမှု အများဆုံး တရုတ်နိုင်ငံ Tangshan ငလျင်မှ အပျက်အစီးများ

## မြန်မာနိုင်ငံတွင်လှုပ်ခတ်သွားခဲ့သော ငလျင်ကြီးအချို့

၂၀၀၁ ခုနှစ်မှ ယခုအချိန် (၂၂-၅-၂၀၂၅) ရက်နေ့ထိ လှုပ်ခတ်ခဲ့သော ငလျင်ကြီးများအနက် ပမာဏ ၆ $M_w$ နှင့် ၆ $M_w$ ၏ အထက်ရှိသည့် ငလျင်ကြီး ၁၁ ခုကို အောက်တွင်ဖော်ပြထားပါသည်။

| စဉ် | နေ့ရက် | ဒေသ | ပမာဏ | လူသေဆုံးမှုဦးရေ |
|---|---|---|---|---|
| ၁ | ၂၈-၃-၂၀၂၅ | စစ်ကိုင်း | ၇.၇ $M_w$ | ၃,၇၃၉* |
| ၂ | ၂၆-၁၁-၂၀၂၁ | ဟားခါး | ၆.၂ $M_w$ | - |
| ၃ | ၁၁-၁-၂၀၁၈ | ပဲခူး | ၆.၀ $M_w$ | - |
| ၄ | ၂၄-၈-၂၀၁၆ | မကွေး | ၆.၈ $M_w$ | ၄ |
| ၅ | ၁၃ -၄-၂၀၁၆ | စစ်ကိုင်း | ၆.၉ $M_w$ | - |
| ၆ | ၁၁-၁၁-၂၀၁၂ | စစ်ကိုင်း | ၆.၈ $M_w$ | ၂၆ |
| ၇ | ၂၄-၃-၂၀၁၁ | ရှမ်း | ၆.၉ $M_w$ | ၁၅၁ |
| ၈ | ၄-၂-၂၀၁၁ | မုံရွာ | ၆.၄ $M_w$ | ၁ |
| ၉ | ၁၁-၈-၂၀၀၉ | ကိုကိုးကျွန်း | ၇.၅ $M_w$ | - |
| ၁၀ | ၂၁-၁၂-၂၀၀၄ | ကိုကိုးကျွန်း | ၉း၂ - ၉.၃ $M_w$ | - |
| ၁၁ | ၂၁-၉-၂၀၀၃ | မကွေး | ၆.၆ $M_w$ | ၄၃ |

(၂၈-၅- ၂၀၂၅) ရက်နေ့ထုတ် ကြေးမုံသတင်းစာ

ယခုနှစ် မတ်လက လှုပ်ခတ်ခဲ့သော စစ်ကိုင်းငလျင်ကြီးသည် ၁၉၁၂ ခုနှစ် နောက်ပိုင်းတွင် လှုပ်ခတ်ခဲ့သော ငလျင်များအနက် (၂၀၀၄ ကိုကိုးကျွန်း ငလျင်မှအပ) ပမာဏအများဆုံးဖြစ်ကြောင်း၊ ထို့ပြင် လူပေါင်း ၅,၃၅၂ ဦး သေဆုံးခဲ့ရာ မြန်မာ့ငလျင်သမိုင်းတွင် လူသေမှုအများဆုံး ငလျင်ကြီးဖြစ်ကြောင်း မှတ်သားရပါသည်။ အထက်ဖော်ပြပါဇယားအရ - ၂၀၀၄ ခုနှစ်က ကိုကိုးကျွန်းတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးသည် ၂၁ ရာစုနှစ်အတွင်း မြန်မာနိုင်ငံ၏ အပြင်းထန်ဆုံး ငလျင်ကြီးဖြစ်သည်။ ပမာဏ ၉.၃ $M_w$ တိုင်အောင်ရှိခဲ့သော်လည်း လူသေဆုံးမှုမရှိခဲ့သည်ကို တွေ့ရှိရပါသည်။ လူနေမှုအလွန်နည်းပါးသည့်ပြင် အဆောက်အအုံကြီးများ မရှိခြင်းကြောင့် ဖြစ်ပါသည်။

ရန်ကုန်မြို့တွင် ၁၉၀၀ ပြည့်နှစ်မှ ယခုအချိန်ထိ ၄ $M_w$ နှင့်အထက်ရှိသည့် ငလျင် ၅၃ ကြိမ်လှုပ်ခတ်ခဲ့ရာ - ၆ $M_w$ ၏ အထက် ၁ ကြိမ်၊ ၅ $M_w$ နှင့် ၆ $M_w$ ကြား ၅ ကြိမ်၊ ၄ $M_w$ နှင့် ၅ $M_w$ ကြား ၄၇ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း၊ ရန်ကုန်၏ ကီလိုမီတာ ၁၀၀ (မိုင် ၆၀) အတွင်း၌ဖြစ်ကြောင်း မှတ်သားရပါသည်။ ၁၉၃၀ ပြည့်နှစ်က ရန်ကုန်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် လူ ၅၀ သေဆုံးခဲ့ကာ အဆောက်အအုံ သုံးလုံး ပြိုကျခဲ့ကြောင်း ထပ်မံသိရှိရပါသည်။



လူသေမှု အများဆုံး တရုတ်နိုင်ငံ Tangshan ငလျင်မှ အပျက်အစီးများ

## အကြာဆုံးလှုပ်ခတ်ခဲ့သောငလျင်ကြီး

ကမ္ဘာပေါ်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးများအနက် ၂၀၀၄ ခုနှစ်က အင်ဒိုနီးရှား ပင်လယ်ကမ်းရိုးတန်းတွင် လှုပ်ခတ်ခဲ့သော Sumatran-Andaman ငလျင်ကြီးသည် ၈ မိနစ်မှ ၁၀ မိနစ်တိုင်အောင် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (၂၀၂၅ စစ်ကိုင်းငလျင်ကြီး၏ လှုပ်ခတ်ချိန်သည် စက္ကန့် ၈၀ ဖြစ်သည်။)


PDF Compressor Free Version

တရုတ် အငြင်းထန်ဆုံး ချီလီငလျင်ကြီး၏ အပျက်အစီးများ

## ငလျင်ကြီး၏ နောက်ဆက်တွဲ ငလျင်ငယ်များ

ငလျင်ကြီးတစ်ခု လှုပ်ခတ်ပြီးသည့် နောက်တွင် Aftershocks ဟုခေါ်ဆိုသည့် နောက်ဆက်တွဲ ငလျင်ငယ်များဆက်၍ လှုပ်လေ့ရှိသည်။ ထိုနောက်ဆက်တွဲ ငလျင်ငယ်များသည် နှစ်ပတ်၊ သုံးပတ်မှသည် ဆယ်စုနှစ်နှစ်စု၊ သုံးစုတိုင်ကြာတတ်သည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် စစ်ကိုင်းငလျင်ကြီး၏ နောက်တွင်လည်း နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ခတ်ခဲ့ရာ ၂၀၂၅ ဧပြီလ ၁၂ ရက်နေ့အထိ အနည်းဆုံး အကြိမ်ပေါင်း ၄၆၈ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း ထိုင်းမိုးလေဝသဌာန၏ ထုတ်ပြန်ချက် အရသိရှိရပါသည်။ ယင်းငလျင်များသည် စစ်ကိုင်းပြတ်ရွေ့ တစ်လျှောက် မိုင် ၂၅၀ ရှိသည့် ဇုန်အတွင်း၌ဖြစ်ပေါ်ခဲ့ပြီး ပမာဏအများဆုံး ငလျင်ငယ်သည် ပထမဆုံးငလျင်ကြီး၏ နောက် ၁၂ မိနစ်အကြာတွင် လှုပ်ခတ်ခဲ့ပြီး ပမာဏ ၆.၇ $M_w$ ရှိကြောင်း မှတ်သားရပါသည်။ နောက်ဆက်တွဲ ငလျင်ငယ်များသည် အချိန်ကြာလာသည်နှင့်အမျှ ကြိမ်နှုန်း(frequency) နည်းသွားကာ ပမာဏလည်း လျော့နည်းသွားလေ့ရှိပါသည်။

## ငလျင်လှုပ်ခတ်မှုကို တိုင်းတာသည့် ယူနစ်များ

ငလျင်လှုပ်ခတ်မှုပမာဏ (လှုပ်ရှားတုန်ခါမှု ပမာဏ)ကို တိုင်းတာရာတွင် အများသိခဲ့ကြသော ယူနစ်သည် ရစ်ချ်တာစကေး (Richter Scale – ML) ဖြစ်သည်။ ၁၉၃၅ ခုနှစ်က အမေရိကန် ငလျင်ပညာရှင် Charles F. Richter (1900 – 1985) နှင့် ဂျာမန် ငလျင်ပညာရှင် Beno Gutenburg (1889 – 1960) တို့နှစ်ဦးက စတင် တီထွင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ထိုယူနစ်အစား ပိုမိုတိကျသည့် Moment Magnitude - $M_w$ (လည်ကိန်း ပမာဏ) ကိုသာ အသုံးပြုနေကြသည်။ ၁၉၇၀ ပြည့်လွန်နှစ်များက ဂျပန် ငလျင်ပညာရှင် Hiroo Kanamori နှင့် အမေရိကန်ငလျင် ပညာရှင် Thomas C.Hanks တို့နှစ်ဦးက တီထွင်ခဲ့ကြခြင်း ဖြစ်သည်။ $M_{ww}$ $M_{wb}$ $M_{wc}$ $M_{wp}$ ... စသည့် ယူနစ်များသည် $M_w$ ၏ အုပ်စုခွဲများ (subtypes) ဖြစ်သည်။ $M_w$ ယူနစ်သည် ငလျင်လှုပ်ခတ်ရာမှ ဖြစ်ပေါ်လာသည့် စုစုပေါင်းစွမ်းအင်ပေါ်တွင် အခြေခံထားသည်။ ပြတ်ရွေ့ ဧရိယာ (area of the fault)၊ ပြတ်ရွေ့ ရွေ့လျားသွားသည့် အကွာအဝေး(amount of fault moved or slip)နှင့် ပြတ်ရွေ့တစ်လျှောက်တွင်ရှိသည့် ကျောက်သားများ၏ ခိုင်မာမှု (rigitdity) တို့အပေါ်အခြေခံကာ တွက်ထားခြင်းဖြစ်သည်။

## ငလျင်တစ်ခု၏လှုပ်ခတ်မှုနှင့် ထုတ်လွှတ်လိုက်သည့် စွမ်းအင်

Moment Magnitude scale onfvnf; Ritcher scale ကဲ့သို့ပင် logarithmic scale (base 10) ကို အသုံးပြုထားသည့်အတွက် $M_w$ ယူနစ်တစ်ခု (1 step) တက်သွားပါက လှုပ်ခတ်မှု ၁၀ ဆဖြစ်သွားပြီး ယူနစ်နှစ်ခုတက်လျှင် အဆ ၁၀၀ ဖြစ်သွားသည်။

ငလျင်လှုပ်ခတ်မှုမှ ထုတ်လွှတ်လိုက်သည့် စွမ်းအင် (Energy Release) ပမာဏနှင့် $M_w$ သည် ဆက်စပ်မှုရှိသည်။ စွမ်းအင်ပမာဏအနေဖြင့် $M_w$ တစ်ဆင့်တက်လျှင် ၃၁.၆ ဆ (10 to the power 1.5) တက်သည်။ ငလျင်တစ်ခု၏ စွမ်းအင်ပမာဏကို မြင်သာအောင် TNT-Equivalency ဖြင့် ဖော်ပြလေ့ရှိသည်။ ငလျင် လှုပ်ခတ်မှု ပမာဏအမျိုးမျိုးက ထုတ်လွှတ်လိုက်သည့် စွမ်းအင် ပမာဏအသီးသီးကို အောက်တွင်ဖော်ပြထားပါသည်။

| $M_w$ | TNT–equivalency (ton) |
|---|---|
| 4 | 15 |
| 5 | 475 |
| 6 | 15,000 |
| 7 | 475,000 |
| 8 | 15,000,000 |
| 9 | 475,000,000 |
| 10 | 15,000,000,000 |

ဥပမာအရ – ၅ $M_w$ နှင့် ၇ $M_w$ သည် အဆင့်နှစ်ဆင့်သာကွာသော်လည်း စွမ်းအင်အနေဖြင့်မူ အဆပေါင်း ၁,၀၀၀ တိုင် ကွာခြားနေသည်ကို တွေ့ရှိနိုင်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ အမေရိကန်က ဂျပန်နိုင်ငံမှ ဟီရိုရှီးမားမြို့ပေါ်တွင် ကျဲချခဲ့သော အနုမြူဗုံး၏ ပေါက်ကွဲအားစွမ်းအင်သည် TNT ၁၂,၅၀၀ တန်ခန့်ရှိသည်။ (TNT - Trinitrotoluene – a pale-yellow, solid organic nitrogen compound used chiefly as an explosive prepared by Stepwise nitration of tolu-

စာမျက်နှာ (၁၄) သို့

# မြန်မာ့သယံဇာတထုတ်ယူခြင်း စီးပွားရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

PDF Compressor Free Version

**ဦးစိန်သက် – ညွှန်ကြားရေးမှူး (ငြိမ်း)**

မြန်မာနိုင်ငံသည် အင်ဒို-မြန်မာဇီဝဘူမိနယ်မြေတွင်တည်ရှိပြီး အပင်နှင့်သတ္တဝါအမျိုးမျိုးသည် ဇီဝမျိုးစုံမျိုးကွဲသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

ကမ္ဘာ့လူသိများသော အဖိုးတန်ကျွန်းပင်များ သဘာဝအတိုင်းပေါက်ရောက်ရာ နေရင်းဒေသလည်းဖြစ်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲ သယံဇာတများအား ရေရှည်တည်တံ့ခိုင်မြဲစေရန်ရည်ရွယ်၍ သစ်တောဦးစီးဌာနမှ ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။ သဘာဝတောများမှ ရရှိသော သစ်တောထွက်ပစ္စည်းများမှာ နိုင်ငံတကာသို့ တင်ပို့ရောင်းချလျက်ရှိသဖြင့် ပြည်ပဝင်ငွေရရှိမှုတွင် ခေတ်အဆက်ဆက်၌ အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် နှစ်(၃၀) အမျိုးသား သစ်တောကဏ္ဍပင်မစီမံကိန်း (၂၀၀၁-၂၀၃၀) တွင် ချမှတ်ထားသည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ယင်းရည်မှန်းလျာထားချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်မည့် စွမ်းဆောင်ရည်ရရှိရန် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များအလိုက် လုပ်ငန်းအစီအစဉ်များကိုချမှတ်ထားကြောင်းသိရှိရပါသည်။ မြန်မာနိုင်ငံသစ်တောဥပဒေ(၁၉၉၂)၊ မြန်မာ့သစ်တောမူဝါဒ (၁၉၉၅)၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရန်နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄) တို့ကို မူရင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့မှ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး၊ မြန်မာ့ဇီဝမျိုးစုံမျိုးကွဲများကို နေရင်းဒေသနှင့်တကွ မပြုန်းတီးစေရန် ထိန်းသိမ်းခဲ့ပါသည်။

ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ (၁၉၉၄)၊ ပတ်ဝန်းကျင်၏ ထိန်းသိမ်းရေးဥပဒေအဆိုပြု (၁၉၉၈)၊ မြန်မာ့ ၂၁ ရာစု အစီအစဉ် (၁၉၉၇)၊ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄) တို့ကို ထုတ်ပြန်ခဲ့ပြီး ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ရန် ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ပေါက်ရောက်နေသောသဘာဝတောများမှ သစ်အပြင် အခြားသဘာဝသယံဇာတများဖြစ်သည့် သစ်တောထွက်ပစ္စည်းများအမျိုးအစားနှင့် အရေအတွက်များစွာထွက်ရှိပါသည်။

နိုင်ငံတော်အတွက် အမြဲတမ်းအားထားရသည့် စီးပွားရေး အရင်းအမြစ်တစ်ခုအဖြစ် တည်ရှိအောင် သစ်တောများကို ထိန်းသိမ်းကာကွယ်ရမည်ဖြစ်သကဲ့သို့ ထုတ်လုပ်ရေးနှင့် ရောင်းချရေးတို့ကို စနစ်တကျဆောင်ရွက်ရန် သစ်တောကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်များပါရှိပါသည်။ အလားတူပင် ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်သော မြန်မာ့သစ်တောမူဝါဒနှင့် မြန်မာနိုင်ငံပါဝင်သော အပြည်ပြည်ဆိုင်ရာအပူပိုင်းဒေသသစ်နှင့် ပတ်သက်သော အဖွဲ့အစည်း၏ လုပ်ငန်းစီမံချက်တွင်လည်း ဦးတည်ချက်များထားရှိပါသည်။ ထို့အပြင်သစ်တောကဏ္ဍ ပင်မစီမံကိန်းနှင့် မြန်မာ့စက်မှုကဏ္ဍတိုးတက်ရေးစီမံကိန်းများတွင်လည်း ၂၀၀၁ မှ ၂၀၃၀ ခုနှစ်အထိ အနှစ်သုံးဆယ်ကာလအတွင်း စက်မှုအခြေခံသော သစ်လုပ်ငန်းများအတွက် စီမံလျာထားချက်များပါရှိပါသည်။ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန် အမျိုးသားရေးတစ်ရပ်အနေဖြင့် နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍလုပ်ငန်းများ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သစ်တောစီးပွားရေးကဏ္ဍဖွံ့ဖြိုးမှုတွင် သစ်ထုတ်လုပ်ငန်း (Timber Harvesting) တစ်ခုတည်း ဖွံ့ဖြိုးရုံမျှဖြင့် မပြည့်စုံဘဲ အခြေခံစက်မှုလုပ်ငန်း (Wood Based Industry)နှင့် ကုန်သွယ်မှု (Timber Trade) တို့ဖွံ့ဖြိုးရန်လည်းလိုအပ်ပါသည်။ ထိုလုပ်ငန်းသုံးရပ်သည် သစ်တောစီးပွားရေးကဏ္ဍ၏ မဏ္ဍိုင်ကြီးများဖြစ်လာသော တောတွင်း သစ်ထုတ်လုပ်ငန်းအတွေ့အကြုံအပေါ် အခြေခံ၍ ဆောင်ရွက်သင့်ပါသည်။ သစ်အခြေခံစက်မှုလုပ်ငန်းနှင့် သစ်ကုန်သွယ်မှုလုပ်ငန်းတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်ထုတ်လုပ်ငန်း၌ အတွေ့အကြုံရှိပြီးသော လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျလိမ့်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်၍ ဖွံ့ဖြိုးရေးရည်မှန်းချက်များစွာရှိထားပြီး စီးပွားရေး၊ ပတ်

ဝန်းကျင်၊ လူမှုဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ ရည်မှန်းချက်များချမှတ်ရန် လိုအပ်ပါသည်။ နိုင်ငံ၏ ဖွံ့ဖြိုးရေး မူဝါဒများနှင့် စီမံချက်များအပြင် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်များကိုလည်းကောင်း၊ သစ်တောစီမံအုပ်ချုပ်ရေး၊ သဘာဝတောများ ထိန်းသိမ်း ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့တွင် မူဝါဒချ သူများအဆင့်၏ ဆန္ဒရှိမှုတို့ကိုလည်းကောင်း၊ ကျယ်ပြန့်စွာ ထည့်သွင်းစဉ်းစားရပါမည်။ စားနပ်ရိက္ခာဖူလုံရေးနှင့် စွမ်းအင်ထောက်ပံ့ရေး၊ လူမှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း ထည့်သွင်းစဉ်းစားရန် အရေးကြီးပြီး ကဏ္ဍများစွာအတွက် သင့်လျော်သော ဖြေရှင်းနည်းများတွေ့ရှိပါက ဂရုစိုက်၍ အလေးပေးညှိနှိုင်း ရန်လည်း မရှိမဖြစ်လိုအပ်ပါသည်။

PDF Compressor Free Version

မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ် စက်တင်ဘာလ တွင် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင် ကွန်ဗင်းရှင်း(UNFCCC)သို့ နိုင်ငံအလိုက် ပါဝင်ဆောင် ရွက်ရန် ရည်မှန်းထားသော လုပ်ငန်းများ (INDC) ကို တင်ပြခဲ့သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် ပြုလုပ်ခဲ့သည့် COP-21 အစည်းအဝေးတွင်ရရှိခဲ့သော ပါရီသဘောတူ ညီချက်အရ INDC တွင်ဖော်ပြထားသော ကာဗွန်ထုတ် လွှတ်မှုလျှော့ချရေးလုပ်ငန်းများသည် ပါရီသဘောတူညီ ချက်ကိုအတည်ပြုပြီး တရားဝင်ရည်မှန်းချက်များအဖြစ် သတ်မှတ်ပြီးဖြစ်၍ နိုင်ငံများသည် INDC အရလုပ်ငန်း တိုးတက်မှုများကို ငါးနှစ်တစ်ကြိမ်အစီရင်ခံရန် တာဝန်ရှိ ကြောင်းဆုံးဖြတ်ထားသည်။ မြန်မာနိုင်ငံ၏ INDC တွင် ထုတ်လွှတ်မှုများကို လျှော့ချနိုင်မည့် အဓိကနယ်ပယ်နှစ်ခု အဖြစ် သစ်တောကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့ကို သတ်မှတ် ဖော်ပြထားသည်။ ထို့ကြောင့် **မြန်မာနိုင်ငံ၏ သစ်တော ကဏ္ဍမှ အသားတင်ထုတ်လွှတ်မှုများကို လျှော့ချမည့် လုပ်ငန်းများသည် ကမ္ဘာ့အလယ်တွင်မြင့်မားသော ပုံရိပ်တစ်ခု ဖြစ်လာပါမည်။**

မြန်မာနိုင်ငံသည် မကြာမြင့်မီကာလအတွင်း သဘာဝတောများထိန်းသိမ်းခြင်းအားဖြင့် သစ်တောဖုံးလွှမ်း မှုနှင့်ပတ်သက်သည့် အရေးကြီးသော ဆုံးဖြတ်ချက်အချို့ကို ချမှတ်ရမည်ဖြစ်ပါသည်။ ထိုဆုံးဖြတ်ချက်များတွင် သစ် တောပြုန်းတီးမှု (Deforestation) သာမက အခြားလုပ် ငန်းစဉ်များအား ဖော်ထုတ်ဆောင်ရွက်မည်။ မဆောင် ရွက်မည်ဆိုခြင်းလည်းပါဝင်သည်။ လက်ရှိအချက်အလက် များအရ သစ်တောအတန်းအစားကျခြင်းသည် အသား တင်သစ်တောပြုန်းတီးမှုထက်ပင် ပိုမိုအရေးပါနေကြောင်း ဖော်ပြနေပါသည်။ မြန်မာနိုင်ငံသည် သစ်တောပြုန်းတီး မှုကိုလျှော့ချရန်အတွက် ကုန်ကျစရိတ်အနည်းဆုံးနှင့် အထိရောက်ဆုံးသော နည်းလမ်းများကို သတ်မှတ်ဖော် ထုတ်ရန်လိုအပ်ပါသည်။ ဆိုလိုသည်မှာ သစ်တောများ အပေါ် ကြီးမားသောသက်ရောက်မှုရှိနေသည့် **သစ်တော ပြုန်းတီးမှုများအား ဖြစ်ပေါ်စေမည့် အဓိက မောင်းနှင် အားများအား သတ်မှတ်ဖော်ထုတ်ပြီးနောက် ယင်း မောင်းနှင်အားများအား လျှော့ချမည့်မူဝါဒများနှင့် ဥပဒေများသည် နည်းပညာပိုင်းအရ ဖြစ်နိုင်ခြေရှိပြီး စီးပွားရေးနှင့် နိုင်ငံရေးအရ လက်ခံနိုင်ဖွယ်ရှိရပါ မည်။** သစ်ထုတ်ခြင်း (တရားဝင်နှင့် တရားမဝင်နှစ်မျိုး လုံး)နှင့် စိုက်ပျိုးမြေချဲ့ထွင်ခြင်း (အကြီးစားနှင့်အသေးစား နှစ်မျိုးလုံး)တို့သည် သက်ရောက်မှုအနေဖြင့် ကြည့်ပါက သိသာထင်ရှားကြပါသည်။

သဘာဝသယံဇာတအခြေခံလုပ်ငန်းများဖြစ် သည့် စိုက်ပျိုးရေး၊ သစ်တော၊ ရေလုပ်ငန်း၊ သတ္တုတွင်း တူးဖော်ရေးလုပ်ငန်းတို့သည် အခြေခံနိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော အခန်းကဏ္ဍ မှ ပါဝင်ကြသည်ဖြစ်ရာ၊ လုပ်ငန်းကာလရှည်လျားသည်နှင့် အမျှ သယံဇာတထုတ်ယူမှု ပိုမိုများပြားလာလေ့ရှိပြီး ရလဒ်အားဖြင့် သစ်တောပြုန်းတီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမြင့်တက်ခြင်းတို့ ဖြစ်ပေါ်လေ့ရှိပါသည်။ နိုင်ငံတကာ ညွှန်းကိန်းများအရ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့် ရှောက်ရေးစွမ်းရည်မြှင့်တင်ရန် လိုအပ်လျက်ရှိရာ ပြည်ပမှ ထပ်မံဝင်ရောက်လာမည့် စက်မှုလုပ်ငန်းရှင်ကြီးများ အနေ ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု အလေ့အထကောင်းများ ကိုပါ ယူဆောင်လာရန်လိုအပ်သကဲ့သို့ မြန်မာနိုင်ငံအစိုးရ အနေဖြင့်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဟန်ချက်ညီ တိုးတက်လာစေရန် အထူးသတိချပ်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် အလျောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ် ၍ နိုင်ငံအတွင်းရှိ စွမ်းအင်ကဏ္ဍ၊ သတ္တုတူးဖော်ခြင်းကဏ္ဍ များနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုများကို တိုးမြှင့်ဖိတ်ခေါ်လျက်ရှိရာ စနစ်တကျစီမံခန့်ခွဲမှု မရှိပါက သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတအရင်းအမြစ် များအပေါ်ဆိုးရွားသည့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာ နိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့်အတူ နိုင်ငံ၏ လူမှုစီး ပွားရေးတိုးတက်မှုအခြေအနေများကို ခြိမ်းခြောက်လျက်

ရှိရာ လက်ရှိကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ဘေးထွက်ဆိုးကျိုးများနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခြိမ်းခြောက်မှုများကို သတိပြုလာပြီး၊ သစ်တောကဏ္ဍသည် နိုင်ငံ၏ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုများကို တွန်းအားပေးလျက်ရှိသော အဓိက ကဏ္ဍတစ်ခုဖြစ်ကြောင်း ပိုမိုသိရှိ ကျင့်သုံးဆောင်ရွက်လာကြပါသည်။

PDF Compressor Free Version

မြန်မာနိုင်ငံတော်၏ ပိုင်နက်ဧရိယာများအား မြေအမျိုးအစားခွဲခြားသတ်မှတ်ရာတွင် လယ်မြေ၊ ယာမြေ၊ စိုက်ပျိုးမြေ၊ စားကျက်မြေစသည်တို့နှင့်တကွ သစ်တောမြေ၊ ကာကွယ်တော၊ ဘေးမဲ့တောစသည့်သတ်မှတ်ချက်များရှိပါသည်။ ရှေးမြန်မာမင်းများလက်ထက်ကပင် မိုးကုတ်ဒေသကို မိုးကုတ်ရတနာနယ်မြေအဖြစ် သတ်မှတ်ခဲ့ပြီး၊ နောက်ပိုင်းကာလတွင် အစိုးရအဆက်ဆက်၌ လုံးခင်း၊ ဖားကန့်၊ ပြင်လုံ၊ ခန္တီး၊ မော်လူး၊ မော်ဟန်၊ မိုင်းရှူး ရတနာမြေ၊ စသည်ဖြင့် ရတနာမြေများ (Stone Tract) သတ်မှတ်ခဲ့ပါသည်။ ရတနာနယ်မြေအဖြစ် သတ်မှတ်ထားပြီးသော ဧရိယာတွင် သယံဇာတဓာတ်သတ္တုရှာဖွေတူးဖော်ရရှိ ဆောင်ရွက်မှုမှန်သမျှသည် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ (ဂ)(ဃ)ဖြင့် အကျုံးဝင်အကျိုးသက်ရောက်မည်ဖြစ်ပါသည်။ မြန်မာ့သတ္တုတွင်းဥပဒေအခန်း(၇) ပုဒ်မ (၂၁)အရ သတ္တုတွင်းနယ်မြေအဖြစ် ဒေသတစ်ခုခုကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသော်လည်း ၁၉၉၄ ခုနှစ်၊ သတ္တုတွင်းဥပဒေထုတ်ပြန်ပြီးချိန်မှစ၍ ယနေ့ထိတိုင် မြန်မာနိုင်ငံရှိ နယ်မြေဧရိယာတစ်ခုအား သတ္တုတွင်းလုပ်ငန်းမှအပ အခြားလုပ်ငန်းတစ်ခုခုလုပ်ကိုင်နိုင်ရန် နည်းဥပဒေလုပ်ထုံးများအား ပြဋ္ဌာန်းသတ်မှတ်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

မြေယာကိစ္စရပ်များကို စီမံခန့်ခွဲနေရသည့် ဌာနများအနေနှင့် သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူစီမံအုပ်ချုပ်နေရသော ဧရိယာများမှာ ကျူးကျော်ဝင်ရောက်နေမှုများကို စာရင်းကောက်ယူခြင်း၊ မြို့ကွက်၊ ရွာကွက်များ စနစ်တကျထူထောင်၍ ပြန်လည်နေရာချထားပေးခြင်း၊ လုပ်ကိုင်စားသောက်ရန် လယ်ယာမြေများဖော်ထုတ် စီမံချထားပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် သောက်သုံးရေဖူလုံမှု၊ ပြည်သူတို့၏ သစ်၊ ဝါး၊ ထင်းလိုအပ်ချက်အတွက် သစ်တောမြေများပိုင်းခြားသတ်မှတ်ပေးခြင်းတို့ကို စနစ်တကျစုဆောင်းဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။ အဓိကအကျဆုံးနှင့် အရေးအပါဆုံး လုပ်ငန်းတစ်ရပ်မှာ မှန်ကန်တိကျသော စာရင်းဇယားများ ကောက်ယူပြုစုနိုင်ရေးဖြစ်ပါသည်။ မှန်ကန်သည့် ကိန်းဂဏန်းနှင့် စာရင်းဇယားများရရှိမှသာလျှင် တရားမဝင်ကျူးကျော်လုပ်ကိုင်နေသူများအား စုဖွဲ့နေရာချထားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် မြေအသုံးချခွင့်ပေးနိုင်မည့် မြေနေရာများကို ဖွံ့ဖြိုးရေးဇုန်များ စုဖွဲ့သတ်မှတ်ရေးတို့ကို ဆောင်ရွက်သွားနိုင်မှာဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် သတ်မှတ်ထားသည့်ဇုန်များအတွင်း ထပ်မံကျူးကျော်မှု မပြုလုပ်နိုင်ရေးကိုလည်းဂရုပြုကာကွယ်ထိန်းသိမ်းခြင်း အလွယ်တကူဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သဘာဝသယံဇာတလုပ်ငန်းများဖြစ်သည့် သစ်တော၊ ရေလုပ်ငန်း၊ သတ္တုတွင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့သည်လည်း နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြသည်ဖြစ်ရာ လုပ်ငန်းကာလရှည်လျားသည်နှင့်အမျှ သယံဇာတထုတ်ယူမှု ပိုမိုများပြားလာလေ့ရှိပြီး ရလဒ်အားဖြင့် သစ်တောပြုန်းတီးခြင်း ဇီဝမျိုးကွဲများဆုံးရှုံးခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမြင့်တက်ခြင်းတို့ဖြစ်ပေါ်လာလေ့ရှိသည်။ နိုင်ငံတကာအညွှန်းကိန်းများအတိုင်း မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး စွမ်းရည်မြင့်တင်နိုင်ရန် ပြည်ပမှ ထပ်မံဝင်ရောက်လာမည့် စက်မှုလုပ်ငန်းရှင်ကြီးများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုအလေ့အထကောင်းများကိုပါ ယူဆောင်လာရန်လိုအပ်သကဲ့သို့ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဟန်ချက်ညီတိုးတက်လာစေရန် အထူးသတိချပ်ရမည်ဖြစ်သည်။ အခြားသော အရှေ့တောင်အာရှဒေသများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ ဆာလ်ဖာဒိုင်အောက်ဆိုက်ဒ်ထုတ်လွှတ်မှုများမှာ နည်းပါးနေသော်လည်း စက်မှုလုပ်ငန်းထွန်းကားလာသည်နှင့်အမျှ ထိုထုတ်လွှတ်မှု စံနှုန်းသည်လည်း လိုက်ပါပြောင်းလဲလာပေလိမ့်မည်။ ခြုံငုံ၍ သုံးသပ်ရပါက လေထုအရည်အသွေး စောင့်ကြည့်စနစ်၊ လေထုအရည်အသွေးစံနှုန်းသတ်မှတ်ချက်၊ လေထု အရည်အသွေးစောင့်ကြည့်စခန်းများ ထားရှိခြင်းမပြုရသေးသော မြန်မာနိုင်ငံအနေဖြင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အတူ ဒွန်တွဲလိုက်ပါလာမည့် လေထုအရည်အသွေး ခြိမ်းခြောက်မှုများကို

PDF Compressor Free Version

ရင်ဆိုင်ဖြေရှင်းစီမံခန့်ခွဲနိုင်ရန်အတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ဆောင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ လက်ရှိအနေအထားတွင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှု များပြားလာသည့်အဆင့်သို့ မရောက်ရှိသေးသော်လည်း စက်မှုလုပ်ငန်းထွန်းကားလာခြင်းနှင့် သစ်တောပြုန်းတီးခြင်းတို့က မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်းကို အဟန့်အတားပြုလာမည်ဖြစ်ပါသည်။

မြန်မာ့သစ်တောများ၏ ကာဗွန်ဒိုင်အောက်ဆိုဒ်စုပ်ယူနိုင်စွမ်းသည် လက်ရှိအနေအထားမှာပင် ကမ္ဘာ့နိုင်ငံအများအပြားထက် သာလွန်နေဆဲဖြစ်သော်လည်း ထိုအခြေအနေမှ ပျက်ပယ်မသွားစေရန် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားနိုင်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် သတ္တုနှင့် သစ်တောစီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကိုပါ ဟန်ချက်ညီမြင့်တက်လာစေရေးကို ချိန်ဆဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။



သဘာဝပတ်ဝန်းကျင်ကို
မဖျက်ဆီးတဲ့ စံနဲ့ပဲ
လူ့ယဉ်ကျေးမှုကို
သတ်မှတ်သင့်တယ်။

Sting



လူရဲ့အကောင်းဆုံးမိတ်ဆွေက
သစ်ပင်ပါ။
ရှိရှိသေသေ သုံးပါ။

Frank Lloyd Wright




APK

**စာမျက်နှာ (၁၀)မှအဆက်**

ene. TNT is a powerful explosive substance.) မြင်သာအောင် နှိုင်းယှဉ်၍ ပြရမည်ဆိုပါက ၆ $M_w$ နှင့် ၇ $M_w$ ပမာဏရှိသည့် ငလျင်များ၏ လှုပ်ခတ်မှုစွမ်းအင်ပမာဏသည် အထက်ဖော်ပြပါ ပုံး၏ ၁.၂ ဆခန့်နှင့် ၃၈ ဆခန့်ရှိပြီး ၉ $M_w$ ပမာဏရှိလျှင် အဆပေါင်း ၃၈,၀၀၀ တိုင်အောင် မြင့်မားမည်ဖြစ်သည်။

**နိဂုံး**

ငလျင်လှုပ်ခတ်မှုသည် လူသားများနှင့် သက်ရှိသတ္တဝါများ ရှောင်လွှဲ၍မရနိုင်သော သဘာဝဘေးအန္တရာယ် အမျိုးမျိုးအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။ မုန်တိုင်းတိုက်ခတ်မှုနှင့် ရေကြီးမှုများကို ခေတ်မီနည်းပညာများအရ အနီးကပ်ဆုံး ကြိုတင်ခန့်မှန်းနိုင်ကြပြီး အများပြည်သူသိရှိအောင် ကြေညာနိုင်သဖြင့် လူသေဆုံးမှုနှင့် ပစ္စည်းဥစ္စာပျက်စီးဆုံးရှုံးမှုများ သက်သာလျော့နည်းအောင် ကြိုတင်ပြင်ဆင်ချိန်ရကြပါသည်။ သို့ရာတွင် ငလျင်လှုပ်ခတ်မှုကိုမူ ကြိုတင်ခန့်မှန်းနိုင်သည့် နည်းပညာများမပေါ်ပေါက်သေးသဖြင့် မုန်တိုင်းနှင့် ရေကြီးမှုများကဲ့သို့ ကြေညာမပေးနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ချိန်မရကြသည်နှင့်အမျှ လူသေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများပြားရခြင်းဖြစ်ပါသည်။

ထို့ကြောင့် လူထိခိုက်မှုနှင့် ပျက်စီးမှုများ လျော့နည်းသက်သာစေရန်အတွက် အဆောက်အအုံများဆောက်လုပ်ရာ၌ ငွေကြေးတတ်နိုင်သူများအနေဖြင့် ငလျင်ဒဏ်ခံနိုင်သည့် နည်းပညာများအရ ဆောက်လုပ်ကြရန်နှင့် ငွေကြေးမတတ်နိုင်သည့်သူများအနေဖြင့်လည်း သစ်၊ ဝါး၊ ကြိမ်...စသည်များဖြင့်သာ ဆောက်လုပ်ကြရန်ဖြစ်ပါသည်။

ကိုးကားသောအထောက်အထားများ

- List of Earthquakes. Wikipedia. https:en. wikipedia.org
- How Long Do Earthquakes Last? https:// www. californiaresidential mitigation program
- 468 aftershocks registered since March 28 earthquake in Nation Thailand. https://www.nationthailand com.
- List of earthquakes in Myanmar. Wikepedia. https://en.wikipedia.org
- M7.7 Mandalay, Burma (Myanmar) Earthquake. USGS (.gov). https://www.usgs.gov.

(၇-၆-၂၀၂၅) ရက်နေ့ထုတ် စံတော်ချိန်သတင်းစာတွင် ပါရှိသည့် ဆောင်းပါးကို စာရေးသူ၏ခွင့်ပြုချက်အရ ဖော်ပြခြင်းဖြစ်ပါသည်။

# အလေးထားစိုက်ပျိုးပြုစု ထိန်းသိမ်းကြရမည့် သစ်တောပြင်ပမှ သစ်ပင်များ

PDF Compressor Free Version

(Trees Outside Forests- ToF)

ဒေါက်တာ သောင်းနိုင်ဦး

## စိုက်ပျိုးနိုင်သမျှ စိုက်ပျိုးကြ

ယနေ့အချိန်တွင် လူဦးရေတိုးတက်လာမှုနှင့်အတူ ကျေးရွာများ မြို့ပြဒေသများ အလျင်အမြန် တိုးချဲ့လာလျက်ရှိသည်။ မြေအသုံးချမှု စီမံကိန်းများ၊ မြို့ပြစီမံကိန်း စနစ်တကျရေးဆွဲထားခြင်း မရှိသဖြင့်လည်းကောင်း၊ ကျေးရွာနှင့်မြို့ပြများ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ချဲ့ထွင်လာသောကြောင့်လည်းကောင်း၊ သစ်ပင်သစ်တောများ၊ လှပသော မြေယာရှုခင်းများနှင့် အစိမ်းရောင်ဒေသများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ သစ်တော သစ်ပင်များ ပျက်စီးဆုံးရှုံးမှုသည် ကျေးရွာနှင့်မြို့ပြများ အနီးဆုံး ပတ်ဝန်းကျင်၏ မိုးလေဝသအခြေအနေများ မမှန်မကန် ဖောက်ပြန်ပြီး ရာသီဥတုပြောင်းလဲခြင်း၊ ပတ်ဝန်းကျင် ရေထု၊ လေထုညစ်ညမ်းမှုများ တိုးပွားလာစေခြင်း၊ အစားအစာနှင့်သယံဇာတများရရှိနိုင်မှု လျော့နည်းလာခြင်း၊ ဆင်းရဲမွဲတေမှုတိုးပွားလာခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှု တိုးပွားလာစေခြင်းစသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။

“ဥတုရာသီ၊ တောကိုမှီ”ဟု ဆိုစကားရှိပါသည်။ ရာသီဥတုကောင်းမွန်မျှတရေးသည် သစ်ပင်သစ်တောများပေါ်တွင်သာ မှီတည်နေပါသည်။ သစ်ပင်သစ်တောများ ရှိပါမှ ရာသီဥတုကောင်းမွန်မျှတမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်များပြားလာကာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် သစ်ပင်များကို သစ်တောများအတွင်း သာမက သစ်တောပြင်ပဒေသများတွင်လည်း စိုက်ပျိုးနိုင်သော နေရာမှန်သမျှ၊ စိုက်ပျိုးကြရမည်ဖြစ်သည်။



## သစ်တောပြင်ပမှ သစ်ပင်များ

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ **(FAO)** **အဓိပ္ပါယ်သတ်မှတ်ချက်အရ သစ်တောဆိုသည်မှာ မြေဧရိယာ (၀.၅ ဟက်တာ သို့မဟုတ် ၁.၂၄ ဧက) ထက် ပိုမိုကျယ်ဝန်းပြီး သစ်ပင်များသည် (၅ မီတာ သို့မဟုတ် ၁၆.၄ ပေ) ထက် ပိုမိုမြင့်မားကာ ရွက်အုပ်ဖုံးလွှမ်းမှုသည် ၁၀ ရာခိုင်နှုန်းထက် ပိုမိုရှိသော မြေဧရိယာကို ဆိုလိုပါသည်။** သို့မဟုတ် နေရင်းဒေသတွင် ဖော်ပြပါ အမြင့်သို့ရောက်နိုင်သော အပင်များဖြစ်ရမည်ဟု အဓိပ္ပါယ် ဖွင့်ဆိုထားသည်။

FAO FRA (Food and Agriculture Organization Forest Resources Assessments) ၂၀၀၀ အစီရင်ခံစာတွင် သစ်တောပြင်ပမှ သစ်ပင်များ (Trees Outside Forests – ToF) အဓိပ္ပါယ်ကို စတင်မိတ်ဆက်ခဲ့သည်။

သစ်တောပြင်ပမှ သစ်ပင်များ (Trees Outside Forests- ToF) ကို အရိုးရှင်းဆုံး အဓိပ္ပါယ်ဖွင့်ရလျှင် သစ်တောဟု သတ်မှတ်မထားသော မြေပေါ်တွင် ပေါက်ရောက်နေသော သစ်ပင်များကိုဆိုလိုပါသည်။ သစ်တောပြင်ပမှ သစ်ပင်များတွင် အောက်ဖော်ပြပါ အမျိုးအစားများပါဝင်ပါသည်–

- အိမ်ခြံဝန်းပတ်လည်နှင့် လယ်ယာများပတ်လည်တွင်ပေါက်ရောက်နေသောအပင်များ၊
- ကျေးရွာတစ်အုပ်တစ်မ စိုက်ထားသောအပင်များ၊
- တစ်ရွာတစ်ကေ စိုက်ပျိုးထားသော အပင်များ
- ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နှင့် မြို့ပြအတွင်း ပေါက်ရောက်နေသော သစ်ပင်များ၊
- ရေကန်များ၊ အင်း၊ အိုင်များပတ်လည်တွင် သဘာဝအတိုင်း ပေါက်ရောက်နေသော၊ စိုက်ပျိုးထားသော သစ်ပင်များ၊
- လမ်းဘေးဝဲယာတစ်လျှောက်ရှိ သစ်ပင်များ
- မီးရထားလမ်းဘေးဝဲယာရှိ သစ်ပင်များ
- တူးမြောင်းများ၊ ချောင်းများ တစ်လျှောက်ရှိ သစ်ပင်များ
- လေကာတန်းစိုက်ပျိုးထားသော သစ်ပင်များ

သစ်တောပြင်ပမှ သစ်ပင်များသည် ပတ်ဝန်းကျင်

ဂေဟစနစ်အတွက် အကျိုးကျေးဇူးများစွာ ပံ့ပိုးနေသော်လည်း မြေနေရာအမျိုးမျိုးတွင် ပြန့်ကျဲစွာ ပေါက်ရောက်နေPDF Compressor Free Versionသောကြောင့်လည်းကောင်း၊ အပင်များ၏ ဘက်စုံအသုံးပြုမှုပုံစံများကြောင့်လည်းကောင်း နိုင်ငံအဆင့် သစ်တောဖုံးလွှမ်းမှု ဆန်းစစ်ချက်များတွင် ထည့်သွင်းတွက်ချက်နိုင်ခဲ့ခြင်းမရှိပေ။

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောနယ်မြေများဖြစ်သော သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများတွင်သာ သစ်ပင်စိုက်ပျိုးခြင်းများ၊ သစ်တောထိန်းသိမ်းခြင်းများကို ဆောင်ရွက်ကြသည်။ စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ သီးနှံသစ်တောရောနှောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း၊ ဂေဟစနစ်ပြည့်တင်းရေးစိုက်ခင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကို သစ်တောနယ်မြေများတွင်သာ တည်ထောင်ကြသည်။ သစ်တောမြေပြင်ပတွင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းဖြင့် မလိုလားအပ်သော မြေအသုံးချမှုဆိုင်ရာ အငြင်းပွားမှုများ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အငြင်းပွားမှုများ ပေါ်ပေါက်နိုင်သည့်အတွက် သစ်တောဦးစီးဌာနအနေဖြင့် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ (သစ်တောနယ်မြေ)တွင်သာ သစ်ပင်စိုက်ပျိုးခြင်းဖြစ်သည်။

**အကျိုးကျေးဇူးများ**

သစ်တောများ ပြင်ပဖြစ်သော ကျေးရွာမြို့ပြများ ပတ်ဝန်းကျင်တွင် စိုက်ပျိုးထားသော သစ်ပင်များသည် အဆိုပါ ကျေးရွာနှင့် မြို့ပြတိုးချဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများကို လျှော့ချနိုင်ပြီး ကျေးရွာများ၊ မြို့ပြများကို ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိစေရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် အထောက်အပံ့ပေးနိုင်သည်။ သစ်တောများပြင်ပတွင်ရှိသော သစ်ပင်များသည် အောက်ဖော်ပြပါနည်းလမ်းများဖြင့် ဒေသခံပြည်သူများ၊ ကျေးရွာများနှင့် မြို့ပြများကို ကူညီပေးလျက်ရှိသည်–

- သစ်ပင်သစ်တောများသည် ရာသီဥတုပြောင်းလဲမှုနှင့် နောက်ဆက်တွဲအကျိုးဆက်များကို ဖြစ်ပေါ်စေသည့် ကာဗွန်များကိုသိုလှောင်ပေးခြင်းဖြင့် ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်ကို အေးမြသာယာစေခြင်း၊
- သစ်ပင်များကို မြို့ပြနှင့် ကျေးရွာများတွင် စနစ်တကျစိုက်ပျိုးထားပါက အပူချိန် ၈ ဒီဂရီဆဲလ်စီးယပ်အထိလျှော့ချနိုင်ပြီး မြို့ပြဝန်းကျင် အေးမြသာယာကာ လေအေးပေးစက်လိုအပ်ချက် ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခြင်း၊
- ကျေးရွာနှင့် မြို့ပြများတွင် သစ်ပင်သစ်တောများ စနစ်တကျ စိုက်ပျိုးထိန်းသိမ်းထားခြင်းဖြင့် အနီးပတ်ဝန်းကျင်ရာသီဥတုသာယာမျှတအေးမြကာ အပူအတွက် စွမ်းအင်သုံးစွဲရမှု ၂၀ မှ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခြင်း၊
- ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်တွင် သစ်ပင်သစ်တောများ စနစ်တကျ စိုက်ပျိုးထိန်းသိမ်းထားခြင်းဖြင့် နေ့စဉ်ချက်ပြုတ်ခြင်း၊ အပူပေးခြင်းလုပ်ငန်းများအတွက် ပြန်ပြည့်မြဲစွမ်းအင်ထင်းလောင်စာများ လုံလောက်စွာရရှိနိုင်ပြီး သဘာဝတောအပေါ် မှီခိုမှုလျှော့ချနိုင်ခြင်း၊ ရုပ်ကြွင်းလောင်စာ သုံးစွဲမှုလျှော့ချနိုင်ခြင်း၊
- ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်တွင် စနစ်တကျစိုက်ပျိုးထိန်းသိမ်းထားသော သစ်ပင်သစ်တောများသည် အပင်များ၊ တိရစ္ဆာန်ငယ်များအတွက် နားခိုရာနေရာ၊ အကာအကွယ်နှင့်အစားအစာများထောက်ပံ့ပေးနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေခြင်း၊
- မြို့ပြများတွင် သစ်ပင်များ တစ်အုပ်တစ်မ စိုက်ပျိုးထားခြင်းဖြင့် တက်ကြွသော၊ ကျန်းမာသော လူနေမှုပုံစံအတွက် အထောက်အကူပြုခြင်း၊ ရောဂါဘယကာကွယ်ပေးခြင်းနှင့် လူမှုရေးလုပ်ငန်းများအတွက် တွေ့ဆုံရန် နေရာပံ့ပိုးပေးခြင်း၊
- ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်တွင် စိုက်ပျိုးထားသောသစ်ပင်များသည် လေထုအတွင်းရှိ အန္တရာယ်ဖြစ်စေသည့် ညစ်ညမ်းမှုများ၊ အလွန်သေးငယ်သည့် အမှုန်အမွှားများကို ဖယ်ရှားပေးသည့် အလွန်ကောင်းမွန်သော သဘာဝလေသန့်စင် စက်ရုံကြီးများသဖွယ် ဖြစ်ခြင်း၊
- ဒေသခံပြည်သူများသည် ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်ရှိ သစ်ပင်သစ်တောများမှ ထွက်ရှိသည့် အသီး၊ အရွက်၊ အခေါက်၊ အမြစ်၊ သစ်ဥနှင့် ဆေးဖက်ဝင်ပင်တို့ကို ထုတ်ယူသုံးစွဲနိုင်ခြင်း၊ စားသုံးနိုင်ခြင်းနှင့် ရောင်းချခြင်းဖြင့် ဝင်ငွေရရှိစေခြင်း၊
- ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်တွင် သစ်ပင်သစ်တောများသည် ရေအရင်းအမြစ်များကို ထိန်းသိမ်းပေးခြင်း၊ ရေကိုသန့်ရှင်းကြည်လင်အောင် စစ်ထုတ်သန့်စင်ပေးခြင်း၊ အရည်အသွေးမြင့်မားသော ရေကောင်းရေသန့်များအဖြစ် စစ်ထုတ်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်နေပြည်သူသန်းပေါင်းများစွာကို

PDF Compressor Free Version

အထောက်အကူပြုခြင်း၊ ရေတိုက်စားမှု မြေပြိုမှုများ၊ ရေကြီးရေလျှံမှုများမဖြစ်စေရန်နှင့် မုန်တိုင်းဒဏ်များ လျော့ပါးသက်သာစေရန် အကာအကွယ်များပေးခြင်း၊

– ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်တွင် တစ်အုပ်တစ်မသစ်ပင်သစ်တောများ၊ ဥယျာဉ်များ၊ သစ်မျိုးစုံစိုက်ခင်းများရှိခြင်းဖြင့် သဘာဝခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးနိုင်ခြင်း၊ ကျေးရွာနှင့်မြို့ပြပိုမိုလှပ အေးချမ်းသာယာလာခြင်း၊ အလွန်ကောင်းမွန်သော အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ခြင်း၊



## ပေါင်းစပ်ညှိ နှိုင်းဆောင်ရွက်ခြင်း

သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းခြင်း၊ သတ်မှတ်ခြင်း မပြုရသေးသော ထိန်းသိမ်းကာကွယ်ရန်သစ်တောများ၊ သစ်ပင်သစ်တောစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ရန် မြေနေရာများစွာရှိနေသည်။ နိုင်ငံနှင့်အဝှမ်း သစ်တောမြေပြင်ပရှိ တောနိမ့်တောပျက်များ၊ သစ်တောပြုန်းတီးနေသော နေရာများ၊ လယ်ကန်သင်းပတ်လည်နေရာများ၊ ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်ရှိ အသုံးပြုမှုမရှိသော မြေနေရာများ၊ လမ်းဘေးဝဲယာမြေကွက်လပ်များ၊ မြစ်ချောင်းဆည်တာတမံ ရေဝေရေလဲဧရိယာများလည်းများစွာရှိနေသည်။ အဆိုပါ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ပြင်ပမြေနေရာများတွင် မြေကိုကိုင်တွယ်ဆောင်ရွက်နေသော သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများနိုင်သည်။ ဥပမာ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြေကိုကိုင်တွယ် စီမံဆောင်ရွက်နေသော သက်ဆိုင်ရာအစိုးရဌာနများ၏ ဦးဆောင်ကြီးကြပ်မှု၊ ပေါင်းစပ်ဆောင်ရွက်မှုဖြင့် အဆိုပါနေရာများတွင် သစ်ပင်များစိုက်ပျိုးနိုင်ပါက အကျိုးကျေးဇူးများစွာ ရနိုင်မည်ဖြစ်သည်။ အလားတူပင် ပုဂ္ဂလိကပိုင်မြေနေရာ ကွက်လပ်များ၊ ကျေးရွာပတ်ဝန်းကျင် မြေလပ်များ၊ ကျောင်းဝင်းများ၊ ဆေးရုံဝင်းများ၊ လမ်းဘေးဝဲယာများ၊ လယ်ယာကန်သင်းများနှင့် အိမ်ခြံစည်းရိုးများတွင် သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

## သစ်တောမြေပြင်ပ သစ်ပင်များစိုက်ပျိုးရေး

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောနယ်မြေများတွင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် နှစ်စဉ်သစ်ပင်များ စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်းကို ဆောင်ရွက်နေသကဲ့သို့ သစ်တောမြေပြင်ပတွင်လည်း သစ်ပင်များ စိုက်ပျိုးနိုင်ရေးအားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လူထုဖြန့်အနေဖြင့် နှစ်စဉ်သစ်မျိုးစုံ ပျိုးပင်(၁၀) သန်းကျော် ပျိုးထောင်ပြီး ဒေသခံပြည်သူများ၊ စာသင်ကျောင်းများ၊ အစိုးရဌာနများ၊ တပ်မတော် တပ်ရင်းတပ်ဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များအား ဖြန့်ဖြူးပေးခြင်း၊ နည်းပညာအကူအညီပေးခြင်းများဆောင်ရွက်လျက်ရှိသည်။

သစ်တောမြေပြင်ပတွင် သစ်ပင်များစိုက်ပျိုးရေး အားပေးကူညီပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိရာ အတွေ့အကြုံများအရ အားသာချက်များရှိသကဲ့သို့ အားနည်းချက်များလည်းရှိနေသည်။ အဓိကအားသာချက်များ အနေဖြင့် –

– ကျန်းမာကြံ့ခိုင်သည့် အမြင့် (၂) ပေနှင့်အထက် အပင်ကြီးများကိုသာ စိုက်ပျိုးခြင်း

– လမ်းဘေးဝဲယာ၊ ကျေးရွာပတ်ဝန်းကျင်နှင့် လယ်ယာကန်သင်း ပတ်ဝန်းကျင်တွင်သာ စိုက်ပျိုးခြင်းဖြစ်၍ ထိန်းသိမ်းကြီးကြပ်မှု လွယ်ကူခြင်း၊

– တစ်အုပ်တစ်မ၊ သစ်ပင်အနည်းငယ်သာ စိုက်ပျိုးခြင်းဖြစ်၍ ပြုစုထိန်းသိမ်းမှု ကောင်းမွန်စွာဆောင်ရွက်နိုင်ခြင်းနှင့် ကုန်ကျစရိတ် အလွန်နည်းပါးခြင်း၊

– ဌာနဆိုင်ရာများက စိုက်ပျိုးရာတွင်လည်း လမ်းပိုင်းအလိုက်၊ မိုင်တိုင်အလိုက် သတ်မှတ်တာဝန်ပေးနိုင်သဖြင့် အုပ်ချုပ်မှု ထိရောက်ခြင်း၊ လူတိုင်း၊ အဖွဲ့အစည်းတိုင်း သစ်ပင်စိုက်ပျိုးရာတွင် ပူပေါင်းပါဝင်နိုင်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းကို ကောင်းမွန်သော အလေ့အကျင့်ကောင်းတစ်ခုအဖြစ် လက်ဆင့်ကမ်းနိုင်ခြင်းစသည့် အားသာချက်များရှိပါသည်။

အဓိက အားနည်းချက်အနေဖြင့်–

– စိုက်ပျိုးရသည့် မြေနေရာအကျယ်အဝန်းနှင့်

စာမျက်နှာ (၂၃) သို့

PDF Compressor Free Version



# ကျွန်တော်တို့ တောဆင်းလုပ်ငန်းဆောင်ရွက်ခဲ့စဉ်က

အောင်ခင် (သစ်တော)

ရှေးအခါက ပညာရှိများ ပြောကြတယ်။ လက်တွေ့မပါရင် အကျိုး၊ သဘောတရားမပါရင် အကန်းတဲ့။ ဒါကြောင့် ကျွန်တော်တို့ သစ်တောပညာသင်ကြားရာမှာ အကျိုးလည်းမဖြစ်ရအောင်၊ အကန်းလည်း မဖြစ်ရအောင် စာတွေ့ လက်တွေ့စုံလင်အောင် လေ့ကျင့်သင်ကြားရပါတယ်။ ဆရာကြီးတွေက Forestry ပညာသင်ထားသူဟာ Jack of all trades ဖြစ်ရမယ်လို့ပြောဖူးတယ်။ တောထဲမှာ အလုပ်လုပ်ဖို့၊ ကျန်းမာပျော်ရွှင်စွာနေတတ်ဖို့၊ အခက်အခဲများကို ကိုယ့်အားကိုယ်ကိုး ဖြေရှင်းနိုင်ဖို့ အတတ်ပညာမျိုးစုံကို တီးမိခေါက်မိနေရမယ်တဲ့။ တက္ကသိုလ် စတက်တဲ့ ပထမနှစ်၊ ဒုတိယနှစ်တွေမှာ Minor ဘာသာရပ်တွေသင်ကြားရပါတယ်။

တတိယနှစ်ကစပြီး Major ဘာသာရပ်တွေစတင်သင်ကြားရပါတယ်။ တတိယနှစ်လယ်လောက် မိုးအကုန်ဆောင်းအကူးကာလ၊ ဆောင်းတွင်းပိုင်းမှာ နှစ်လလောက် တောထဲတောင်ထဲမှာ သစ်တောလုပ်ငန်းများကို လက်တွေ့ ကွင်းဆင်း လုပ်ကိုင်ကြရပါတယ်။ ၁၉၇၃ ခုနှစ်ဆောင်းရာသီမှာပါ။ အလုပ်သမားတွေလို ကိုယ်တိုင်ကိုယ်ကျလုပ်ကြရတာပါ။ သူများလုပ်တာကြည့်၊ မှတ်စုစာအုပ်လေးထဲရေးမှတ်ထည့်တာမျိုးတင်မကပါဘူး။

**''ချပ်သင်း''**

ကျွန်တော်တို့ field ဆင်းတဲ့ ပထမဆုံးအကြိမ်မှာ ရွှေဘိုခရိုင်၊ သော်ကြိုးဝိုင်းကိုသွားခဲ့ရတယ်။ သစ်တောခရိုင်တစ်ခုကို တောအုပ်နယ်တွေနဲ့ ဖွဲ့စည်းထားတယ်။ တောအုပ်နယ် (Forest Range) တစ်ခုမှာ ကြိုးဝိုင်းတောတွေ၊ ကြိုးပြင်ကာကွယ်တောတွေ၊ အပတောတွေပါဝင်တယ်။ ရန်ကုန်ကနေ ရထားနဲ့ သွားကြပါတယ်။ ချပ်သင်းဘူတာမှာဆင်းကြတယ်။ ချပ်သင်းက အဲ့ဒီ အချိန်တုန်းက ရွာကြီးတစ်ရွာပါပဲ။ သစ်တောဗိုလ်တဲ တစ်လုံးတော့ရှိတယ်။ ကျွန်တော်တို့ရဲ့ ဆရာတွေက ဗိုလ်တဲမှာတည်းပြီး ကျွန်တော်တို့ကတော့ ဖြစ်သလို ကြုံသလိုတည်းရပါတယ်။ ညစာစားကြဖို့ ခေါက်ဆွဲကြော် စားကြမယ်ဆိုပြီး တစ်ဆိုင်တည်းသော ခေါက်ဆွဲဆိုင်ကို ချီတက်ကြတယ်။

ကျွန်တော်တို့က စောစောရောက်သွားတော့ ခေါက်ဆွဲစားရသေးတယ်။ နောက်ကျတဲ့ ကျောင်းသားတွေ ခေါက်ဆွဲကြော်မစားရတော့ဘူး။ ကုန်သွားလို့။ ဆရာဦးကယ်လ်ဗင်လည်း ခေါက်ဆွဲဆိုင်ရောက်လာတယ်။ သူက ခေါက်ဆွဲမကုန်ခင်ရောက်လာလို့ တော်သေးတယ်။ သုံးပွဲတစ်ခါတည်းမှာပြီး တစ်ယောက်တည်းစားတော့တာ။ ငယ်စဉ်က အင်္ဂလိပ်ဖတ်စာအုပ်ထဲမှာ Triple Meals ဆိုတဲ့ အကြောင်းဖတ်ဖူးကြရင်သိမှာပါ။ အစားသန်တဲ့ လူတစ်ယောက် စားသောက်ဆိုင်မှာ သုံးယောက်စာမှာပြီး စောင့်နေတယ်။ တော်တော်လေးကြာတဲ့အထိ စားစရာတွေချမလာဘူး။

ဒါနဲ့ စားပွဲထိုးတစ်ယောက်ကိုခေါ်ပြီး ဘာကြောင့် စားစရာတွေ မချသေးတာလဲမေးတယ်။ စားပွဲထိုးက ဆရာ့အဖော်နှစ်ယောက်ကို စောင့်နေတာလို့ဖြေတယ်။ မဟုတ်ဘူး ..ငါတစ်ယောက်တည်းစားမှာ...စားစရာတွေချ၊ လို့ပြောရသတဲ့။ အခုတော့ ပုံပြင်ဖတ်စာထဲက..Triple meals ဆရာကို အပြင်မှာ အရှင်လတ်လတ်တွေ့ရတာပါပဲ။

**''သော်ကြိုးဝိုင်းနဲ့ တောအုပ်ကြီးဦးသော်''**

နောက်နေ့မနက်ပိုင်းဈေးထိပ်မှာ တောအုပ်ကြီးနဲ့ တွေ့တယ်။ သူ့အမည်က ဦးသော်တဲ့။ ကြိုးဝိုင်းအမည်ကလည်း သော်ကြိုးဝိုင်းတဲ့။ သူကလာပြီး မိတ်ဖွဲ့တယ်။ သူ့ပုံသဏ္ဌာန်က အဲ့ဒီခေတ်တောအုပ်ကြီးအများစုကိုကိုယ်စားပြုတယ်။ အသားကခပ်ညိုညို။ ကုတ်အင်္ကျီခပ်နွမ်းနွမ်းကို

ဝတ်ထားတယ်။ သူ့ရဲ့ကုတ်အင်္ကျီ အတွင်းအိပ်ထဲမှာ ရမ် ပုလင်းပြားလေးပါတယ်။ သူက မကြာခဏ ပုလင်းလေး ထုတ်ထုတ်ပြီးမော့တော့သိရတာပေါ့။

PDF Compressor Free Version

**''သော်ကြိုးဝိုင်း''**

နောက်တစ်နေ့ နေ့လည်ပိုင်းမှာ ချပ်သင်းကနေ ကြိုးဝိုင်းထဲကို သွားကြပါတယ်။ သစ်လုပ်ငန်းက ထရပ်ကားတွေနဲ့ပေါ့။ သစ်ကြီးဝါးကြီးနဲ့ စိမ်းစိမ်းညို့ညို့တောအုပ် တောတန်းတွေကို ပထမဆုံးအကြိမ် တွေ့ဖူးတာပါပဲ။ ရန်ကုန်သား ကျွန်တော် တော်တော်အံ့သြနေတယ်။ အမြင်ထူးဆန်းနေတာပေါ့။ အင်တိုင်းတောကြီးကို ဖြတ်တဲ့အခါ အရွက်ဖားဖားကြီးတွေနဲ့ ဖယောင်းတိုင်လို ဖြောင့်တန်းနေတဲ့ ပင်စည်တွေနဲ့ မြင်ကြရတယ်။ တချို့ ကျောင်းသားတွေက အင်ပင်မှန်း မသိကြတော့။ ဟာ ကျွန်းပင်တွေ အများကြီးပဲကွလို့ ထအော်ပါရော။ ကျွန်တော်လည်း အဲ့ဒီလိုပဲထင်ခဲ့တာ။ နောက်ပိုင်းကျမှ အင်ပင်မှန်း သိတော့တာ။ တောထဲဝင်လာရင်းနဲ့ အအေးဓာတ်က သိသိသာသာ ခံစားလာရတယ်။ သော်ချောင်းနဘေးက သော်ကြိုးဝိုင်းအကွက် ၁၇၅ မှာ စခန်းချကြတယ်။ သက်ကယ်မိုးနဲ့ တဲတန်းလျားရှည်ကြီးတွေမှာ နေကြရတာပါပဲ။

စစ်သုံး ဝေါဟာရနဲ့ပြောရရင် ဘားတိုက် (barrack)ပေါ့။ အရပ်စကားနဲ့ဆိုရင် ရင်ကွဲဇရပ်လို့ခေါ် မယ်ထင်တယ်။ ကြီးကြပ်တဲ့ဆရာတွေက အရှေ့ဂျာမဏီပြန် ဆရာဦးအောင်ကြင်နဲ့ အဲ့ဒီ အချိန်အထိ နိုင်ငံခြားပညာသင် မသွားရသေးတဲ့ ဦးစောကယ်လ်ဗင်ကဲတို့ဖြစ်ကြပါတယ်။ ဆရာကဲက စာမတော်လို့တော့မဟုတ်ဘူးရယ်။ သူတို့အတန်းမှာ ဒုတိယရတယ်။ ပထမရတဲ့ ဆရာက ဆိုဗီယက် ရုရှားနိုင်ငံက ပါရဂူဘွဲ့ယူခဲ့ပြီးပြီ။ တတိယရတဲ့ဆရာက ဩစတေးလျက မဟာသိပ္ပံဘွဲ့ယူခဲ့ပြီးပြီ။ ဒုတိယရတဲ့ ဆရာပဲ နိုင်ငံခြားပညာသင်မသွားရသေးတာ။ အဲဒီ ဆရာသုံးယောက်စလုံး ကျွန်တော်တို့ တတိယနှစ်မှာ စာစသင်ပေးကြတယ်။ ကျွန်တော်တို့ အတန်းက ဒုတိယရတဲ့သူငယ်ချင်းက အမေရိကန်က မဟာသိပ္ပံဘွဲ့ရတယ်။ တတိယရတဲ့ သူငယ်ချင်းက နယ်သာလန်က ဘွဲ့လွန်ဒီပလိုမာရခဲ့တယ်။ ပထမရတဲ့ ကျွန်တော်က ဘယ်နိုင်ငံမှ ပညာသင်မသွားရလို့ ဘာဘွဲ့လွန်မှ မရခဲ့ပါဘူး။ သစ်တောတက္ကသိုလ်မှာတော့ ဆရာလုပ်ခဲ့ဖူးပါတယ်။

**''ဝါသနာရှင်များ''**

တောထဲရောက်ရောက်ချင်းဆရာတွေက မှာကြားစရာရှိတာ တိုတိုတုတ်တုတ်ပဲမှာကြားပါတယ်။ ခေတ်ကာလအလျောက် သူငယ်ချင်းတချို့က ဂီတာတွေယူလာတယ်။ မယ်ဒလင်ယူလာတဲ့သူလည်းရှိတယ်။မောင်မောင်သန်းကတော့ ဝါးပတ္တလားယူလာတယ်။ ကျော်ဆင့်က ဗျတ်စောင်းကြီးယူလာတယ်။ နောက်နေ့တွေမှာ ညဘက် မအိပ်ခင် မီးပုံဘေးမှာ ဂီတာတီးတဲ့သူတွေက တီးတယ်။ မယ်ဒလင်တီးတဲ့သူကတီးတယ်။ အများက နှာနီလို့ခေါ်တဲ့ နှာနီမြင့်ဆွေက မြန်မာသံစဉ်တွေ ဆိုတီးတယ်။ တစ်ခါတလေ ခင်ညွန့်က ကိုသန်းလှိုင်တို့ကို တင်လှိုင်တို့ သီချင်းတွေဝင်ဟဲတတ်တယ်။ မောင်မောင်သန်းကတော့ တဲထဲမှာ ပတ္တလားဆင်ပြီး သီချင်းကြီး သီချင်းခန့်တွေ တီးတယ်။ အဆိုတော်က အဖိုးကြီးလို့ အများကခေါ်တဲ့ တင်ဆန်းပါ။ မြမန်းဂီရိတို့ ဘာတို့ပေါ့။ ကျွန်တော်က သူတို့ဆိုတာ တီးတာတွေကိုအားပေးတဲ့ပရိသတ်ပါပဲ။ အော်....ကျော်ဆင့်ကတော့ အလုပ်တွေအားလုံးပြီးလို့ စခန်းသိမ်းတာတောင် သူ့စောင်းက ကြိုးညှိတာမပြီးလို့ ဘာသီချင်းမှနားမထောင်အားမပေးခဲ့ရပါဘူး။

အဲ့ဒီနှစ်က ကျွန်းသင်းသတ်လုပ်ငန်းနဲ့ ဆက်စပ်တဲ့ လုပ်ငန်းများကို လက်တွေ့လုပ်ကြရပါတယ်။ အလုပ်လုပ်ရမဲ့အကွက် မှန်မမှန်၊ မြေကြီးမြေပုံတိုက်ကြည့်ရုံတင်မကဘူး။ အလုပ်လုပ်ရမဲ့ ကြိုးဝိုင်းအကွက်နယ်နိမိတ်ကို အရင်ဆုံးစစ်ဆေးရတယ်။ ဘောင်ဒရီပတ်တယ်လို့ပြောကြတယ်။ နယ်နိမိတ် အမှတ်အသားတွေ မထင်ရှားရင် ထင်ရှားအောင်ပြုပြင်ကြရတယ်။ ကျွန်တော်တို့ နိုင်ငံမှာတော့နယ်နိမိတ်အမှတ်အသားတွေအဖြစ် မှန်ထစ်တွေ၊ ဘုတ်တိုင်တွေကို ပြုလုပ်အသုံးပြုကြပါတယ်။ မှန်ထစ်ဆိုတာ လုံးပတ်ခပ်ရွယ်ရွယ်ကြီးတဲ့ သစ်မာသစ်ပင်တွေရဲ့ ပင်စည်ပေါ်မှာ အမှတ်အသား ရိုက်မှတ်နိုင်အောင် ထစ်ထားတာပါ။ သစ်ပျော့သားတွေပေါ်မှာ မထစ်ရပါဘူး။ တာရှည်ခိုင်ဖို့ရည်ရွယ်လို့ပါ။ ကျွန်းပင်ကိုလည်း မထစ်ရပါဘူး။ ကျွန်းက အဖိုးတန်သစ်မို့လို့ပါ။ အနှစ်သားပေါ်အောင်ထစ်ရပါတယ်။ ထောင်လိုက်အမြင့် တစ်တောင်လောက်ရှိပါတယ်။ မှန်ထစ်လို့အမည်ပေးထားတာနဲ့အညီ ပြောင်ချောညီညာနေရပါတယ်။ အင်္ဂလိပ်လိုကတော့ Blaze တဲ့ဗျ။

ရှေးတုန်းက အင်္ဂလိပ်သစ်တောအရေးပိုင် တစ်ယောက်က ကျွန်းသင်းတာ၊ စစ်ဆေးရင်းမှန်ထစ်စစ်ရင် သူ့ဘောင်းဘီထဲက ပိုးပုဝါလေးထုတ်ပြီး မှန်ထစ်မျက်နှာပြင်ကို ပွတ်သပ်ကြည့်သတဲ့။ မှန်ထစ်မျက်နှာ မချောသေးလို့ သူ့ပိုးပုဝါညှိတယ်ဆိုရင် မှန်ထစ်ကို ထပ်ချောခိုင်းသေးတာတဲ့။ ကျွန်တော်တို့ကျောင်းသားအထိ မှန်ထစ်တစ်ခုရဲ့ လုပ်အားခက တစ်မတ်တဲ့။

**ဆက်လက်ဖော်ပြပါမည်-**

ယခင်လမှအဆက်

PDF Compressor Free Version





# တောဆင်ရိုင်းနှင့် အိမ်မွေးဆင်များ ထိန်းသိမ်းစောင့်ရှောက်ရေး (စီမံကိန်းနှင့်စာရင်းအင်းဌာန)

## ဥက္ကာ၊ ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့်စာရင်းအင်းဌာန

၁၉၃၅ ခုနှစ်တွင် မြန်မာပြည်တောဆင်ရိုင်း ခန့်မှန်းခြေ သန်းခေါင်စာရင်းကောက်စဉ်က ပြည်မတွင် (၈၅၀၀) ကောင်ခန့်၊ ရှမ်းပြည်နယ်တွင် (၁၅၀၀) ကောင်ခန့် ရှိကြောင်း၊ ဆင်မ ၆၀%၊ ဆင်ထီး ၄၀% ခန့်ပါဝင်ကြောင်း တစ်နှစ်လျှင် ပျမ်းမျှ ၇၅၀ ကောင် တိုးပွား၍ ပျမ်းမျှ (၁၂၅) ကောင်ခန့် သေဆုံးသဖြင့် တစ်နှစ်လျှင် ပျမ်းမျှ (၆၂၅) ကောင်တိုးပွားနှုန်းရှိသဖြင့် ၁၀ နှစ်စီမံချက်ရေးဆွဲ၍ တစ်နှစ်လျှင် ဆင်ရိုင်းအကောင်ရေ (၅၀၀)ခန့် ဖမ်းဆီး ခွင့်ပြုခဲ့ကြပါသည်။

၁၉၄၁ ခုနှစ် မြန်မာ့တောရိုင်းတိရစ္ဆာန်ကာကွယ်ရေးနည်းဥပဒေ၊ နည်းဥပဒေ ၃ နှင့် ၁၃ (က) တို့အရ ဆင်ဖမ်းခွင့်လိုင်စင်ကို တစ်နှစ်ချင်းစိစစ်၍ ဆင်ဖမ်းရန် လျှောက်ထားသူများကို ခွင့်ပြုချက်ပေးခဲ့ပါသည်။ ဆင်ဖမ်းခွင့်လိုင်စင်တွင် ဆင်ဖမ်းခွင့်ပြုသည့်နေရာဒေသများ၊ ဆင်ဖမ်းလုပ်ကွက်အရေအတွက်၊ ခွင့်ပြုကောင်ရေ၊ ဆင်ဖမ်းခွင့်လျှောက်ထားသူများ၏ အရည်အချင်းနှင့် စည်းကမ်းချက်များ၊ ဆင်ဖမ်းခွင့်စိစစ်ရေးအဖွဲ့၊ ဆင်ဖမ်းကြီးကြပ်ရေးအဖွဲ့နှင့် ၎င်းတို့တာဝန်များ၊ ဆင်အရွယ်အစားအလိုက် ပေးဆောင်မည့် နှုန်းထားများ၊ ဆင်ဖမ်းဆီးရာတွင် နည်းစနစ်၊ ပြစ်မှုနှင့်ပြစ်ဒဏ်များပါဝင်ပါသည်။ ဖမ်းဆီးရမိဆင်များတွင် ကိုယ်ဝန်ဆောင်မိခင်များပါဝင်ပါက ပြန်လည်စေလွှတ်ပေးရပါသည်။ တောဆင်ရိုင်းများ အကောင်ရေအများအပြားကျက်စားသော နေရာများဖြစ်သည့် ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၁၉၂၇)၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ် (၁၉၈၉)၊ ရခိုင်ရိုးမဆင်ဘေးမဲ့တော (၂၀၀၀)၊ ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၀၂)၊ မြောက်ဇာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၄) တို့အား တောဆင်ရိုင်းများ ထိန်းသိမ်းရန် ဘေးမဲ့တောများအဖြစ် သတ်မှတ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး သိပ္ပံနည်းကျ တောဆင်ရိုင်းစာရင်းကောက်ယူခြင်းကို ၁၉၉၅ ခုနှစ်မှ – ၂၀၀၀ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့ရာ ပဲခူးရိုးမတွင် (၃၀၀)ခန့်၊ ရခိုင်ရိုးမတွင် (၆၈၀–၇၅၀)ခန့်၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်တွင် (၁၀၀–၁၉၀) ခန့်ကျက်စားလျက်ရှိကြောင်းခန့်မှန်းနိုင်ခဲ့ပါသည်။ ဆင်မစင်ပုံ အရေအတွက် အနည်းအများပေါ်မူတည်၍ ဆင်ကောင်ရေ အနည်းအများကို ခန့်မှန်းတွက်ချက်နိုင်သဖြင့် တောတွင်းရှိ ဆင်ရိုင်းကောင်ရေကို ခန့်မှန်းတွက်ချက်ရာတွင် အထောက်အကူဖြစ်ပါသည်။ ၁၉၉၆ ခုနှစ်တွင် သစ်တောဦးစီးဌာနက ကောက်ယူခဲ့သော ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် တောဆင်ရိုင်းကောင်ရေ ၅,၀၀၀ ခန့်ရှိပါသည်။ ကမ္ဘာပေါ်တွင် တောဆင်ရိုင်းဒုတိယအများဆုံးရှိသော နိုင်ငံဖြစ်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် ကျွမ်းကျင်ပညာရှင်များ၏ ခန့်မှန်းချက်အရ သဘာဝတောများတွင် တောဆင်ရိုင်းကောင်ရေ ၁၂၀၀–၂၀၀၀ ခန့်ကျန်ရှိနိုင်ပါသည်။

မြန်မာနိုင်ငံသစ်တောဖုံးလွှမ်းမှုသည် တစ်နှစ်လျှင် ပျမ်းမျှ ၀.၉%ခန့် ကျဆင်းခဲ့ကြောင်း ခန့်မှန်းတွက်ချက်ထားပါသည်။ ဆင်များ၏ နေရင်းဒေသများကို အရည်အသွေးမြှင့်ပေးရန်၊ ဇေယျာတတ်နိုင်သလောက် ကျယ်ပြန့်

စေရန်၊ ဆင်များ၏ နေရင်းဒေသများကို ကာကွယ်ပေးရန် လိုအပ်ပါသည်။ ဆင်နေရင်းဒေသများ ပျောက်ဆုံးခြင်း သို့မဟုတ် အရည်အသွေးကျဆင်းခြင်းနှင့် တရားမဝင်ဖမ်းဆီး သတ်ဖြတ်ခံရခြင်းများအပါအဝင် အခြားသောခြိမ်းခြောက်မှုများ၏ အလားအလာများကို ကာလအပိုင်းအခြားအလိုက် ရှိခဲ့သည့် အကောင်အရေအတွက်မှ ခန့်မှန်းသိရှိနိုင်သည် ဖြစ်သော်လည်း တိကျသော ကိန်းဂဏန်း အချက်အလက် အလွန်နည်းပါးပါသည်။

PDF Compressor Free Version

၂၀၁၆ ခုနှစ် IUCN Red List တွင် မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ရှိသောမျိုးစိတ်၊ မျိုးစိတ်၏ နေရင်းဒေသနှင့် ယင်းနေရာဒေသများ၏ အရည်အသွေး လျော့ကျသွားမှုကိုအခြေခံကာ လာမည့်မျိုးဆက် သုံးဆက်တွင် မျိုးစိတ်ကောင်ရေအနည်းဆုံး ၅၀% လျော့ကျသွားနိုင်သည်ဟု ကောက်ချက်ချနိုင်လျှင် မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ရှိသည်ဟု သတ်မှတ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၄၁ (က) တွင် လုံးဝကာကွယ်ထားသည့်တောရိုင်းတိရစ္ဆာန်သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကို သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ စုဆောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ယင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ သွေးရည်ကိုဖြစ်စေ၊ ယင်းတို့တွင် ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိခြင်း သို့မဟုတ် သယ်ဆောင်ခြင်းအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းပါရှိပါသည်။

ဆင်အရေခွံနှင့်အခြားအစိတ်အပိုင်းများ၊ ဆင်စွယ်၊ ဆင်အရှင်များ အိမ်နီးချင်းနိုင်ငံများသို့ရောင်းချခြင်း၊ တရားမဝင်ဖမ်းဆီးသတ်ဖြတ်ခံရခြင်း၊ နေရင်းဒေသများ ပျောက်ဆုံးခြင်း၊ အတန်းအစားကျဆင်းခြင်းနှင့် အကောင်ရေနည်းပါးလာမှုကြောင့် မျိုးရိုးဗီဇပြဿနာများ၊ မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ရောဂါဘယဖြစ်ပွားမှုဆိုင်ရာ ပြဿနာများဖြစ်ပေါ်နေသည့်အတွက် အချိန်မီထိန်းသိမ်းရန် လိုအပ်ပါသည်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် မေလကုန်အထိ တောဆင်ရိုင်း ၂၅၅ ကောင် သတ်ဖြတ်ခံခဲ့ရပါသည်။ သစ်တောဦးစီးဌာနနှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (WCS) တို့ ပူးပေါင်း၍ မြန်မာ့ဆင်များထိန်းသိမ်းရေးလုပ်ငန်းစီမံချက် (Myanmar Elephant Conservation Action Plan,2018-2027) ကို ရေးဆွဲခဲ့ပါသည်။ လူနှင့် တောဆင်ရိုင်းပဋိပက္ခလျော့ပါးအောင် ဆောင်ရွက်ရန်၊ တောဆင်ရိုင်းစာရင်းကောက်ယူရန်၊ ဆင်နှင့် ဆင်အစိတ်အပိုင်းများအား တရားမဝင်ရောင်းဝယ်မှုကို တားဆီးရန်နှင့် အိမ်မွေးဆင်များ မှတ်ပုံတင်ခြင်းစနစ်တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ချက်ဖြင့် ရေးဆွဲခဲ့ပါသည်။ စီမံချက်တွင် တောဆင်ရိုင်းနှင့် ယင်းတို့၏ ကျက်စားနယ်မြေများအား ကာကွယ်ခြင်း၊ လူနှင့်ဆင်ပဋိပက္ခဖြေရှင်းခြင်း၊ ဆင်နှင့်ဆင်အစိတ်အပိုင်းများအား တရားမဝင်ရောင်းဝယ်မှုကို တားဆီးအရေးယူခြင်း၊ အိမ်မွေးဆင်များကို စီမံခန့်ခွဲခြင်းဟူ၍ အဓိကလုပ်ငန်းစဉ်(၄)ရပ် ပါဝင်ပါသည်။ လူဦးရေတိုးပွားလာခြင်း၊ ဆင်များ သဘာဝအတိုင်း ကျက်စားသည့် ဧရိယာများသည် အခြားမြေအသုံးချမှုများသို့ ပြောင်းလဲသွားခြင်း၊ နေရင်းဒေသများ အပိုင်းပိုင်းပြတ်တောက်ခြင်း၊ ပျက်စီးခြင်း၊ ပျောက်ဆုံးလာခြင်းကြောင့် ကောက်ပဲသီးနှံများ ဝင်ရောက်စားသောက်သဖြင့် လူနှင့်ဆင်ပဋိပက္ခများ ပိုမိုတိုးပွားလာပါသည်။ အကောင်ရေနည်းပါးသော ဆင်အုပ်များသည် ရေကြီးရေလျှံခြင်း၊ ဆူနာမီ၊ တောမီး စသည့်ရာသီဥတုကပ်ဘေးများ၊ အခြားကပ်ရောဂါများ ဖြစ်ပေါ်ပါက ရှင်သန်ကျန်ရစ်နိုင်ခြေ နည်းပါးပြီး မျိုးရိုးဗီဇကွဲပြားစုံလင်မှုမရှိတော့ဘဲ မျိုးအောင်မှုကျဆင်းစေသည့် အန္တရာယ်များလည်း ရှိမည်ဖြစ်ပါသည်။

မြန်မာ့သစ်လုပ်ငန်းသည် တောဆင်ရိုင်းများ လူနေကျေးရွာများအနီးသို့ စားကျက်ကျော်ဝင်ရောက်လာပါက မူလစားကျက်ရောက်အောင် ပြန်လည်မောင်းပို့ခြင်း၊ ယာဉ်များပေါ်သို့သယ်ဆောင်ရွှေ့ပြောင်းခြင်း၊ တောဆင်နှင့်လူပဋိပက္ခများ ဖြေရှင်းခြင်းနှင့် ဆင်မုဆိုးများကြောင့် တောဆင်ရိုင်းများအသတ်ခံရခြင်း ကိစ္စရပ်များကို ကာကွယ်ရန် အရေးပေါ်ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ(Elephant Emergency Response Units-EERU) ဖွဲ့စည်းထားပြီး တောဆင်များ Radio Collar တပ်ဆင်ခြင်းလုပ်ငန်းများတွင်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ တောဆင်ရိုင်းများ၏ ရာသီအလိုက်ရွေ့လျားမှုကို သိရှိခြင်းဖြင့် လူနှင့်ဆင်ပဋိပက္ခ လျော့နည်းရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ၂၀၁၃ ခုနှစ်မှ စတင်ပြီး လူနှင့်ဆင် ပဋိပက္ခဖြစ်ပွားမှုများသည့် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ တောဆင်ရိုင်းများအား ၂၀၁၃ ခုနှစ်တွင် (၂၉) ကောင်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင် (၁၀)ကောင်အား

ရေဒီယို ကော်လာတပ်ဆင်ခြင်းဆောင်ရွက်ပေးခဲ့ပါသည်။

PDF Compressor Free Version

သစ်တောကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွင် ၂၀၁၃ ခုနှစ်မှ စတင်၍ မြန်မာ့သစ်လုပ်ငန်းသည် သစ်ထုတ်လုပ်မှု လျှော့ချပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးအလေးထားလာမှု အပေါ် ပိုလျှံလာသော ဌာနပိုင်ဆင်များထိန်းသိမ်းစောင့်ရှောက်ရန်၊ ၎င်းတို့သက်တမ်းတစ်လျှောက်လုံး၏ ပြုစုထိန်းသိမ်းစရိတ်များ အတိုင်းအတာတစ်ခုအထိ ဖာထေးနိုင်ရန်၊ ဆင်လုပ်သားဝန်ထမ်းများ၏ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရန်နှင့် ပြည်သူအများ အပန်းဖြေနိုင်ရန်အလို့ငှါ ဆင်ထိန်းသိမ်းရေးအခြေပြုခရီးသွားလုပ်ငန်း (Elephant Conservation Based Tourism-ECBT) ဆင်စခန်းပေါင်း ၂၂ ခု အထိ ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဆင်ကြီး၊ ဝန်တင်ဆင်၊ ဆင်ကလေးများ စုစုပေါင်းအကောင်ရေ (၂၅၀)ကျော် ထိန်းသိမ်းစောင့်ရှောက်၍ နိုင်ငံတော်ဘဏ္ဍာကို တစ်ဖက်တစ်လမ်းမှ ဖြည့်တင်းပေးလျက်ရှိပါသည်။ သစ်တောဦးစီးဌာနအနေဖြင့်လည်း တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)များ၌ ဆင်ကောင်ရေ (၂၂) ကောင်အား မွေးမြူပြသထားပါသည်။

မြန်မာ့သစ်လုပ်ငန်းမှ ဆင်များ သစ်ထုတ်ရာသီ ကုန်ဆုံးချိန်တွင် လွတ်ကျောင်းနိုင်ရန်အတွက် သစ်တောများအတွင်း ဆင်စားကျက်ရေိယာများ သတ်မှတ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၉-၂၀၂၀ ခုနှစ် တွင် မြန်မာ့သစ်လုပ်ငန်းပိုင်ဆင် (၂၉၂၉) ကောင်အတွက် တစ်ကောင်လျှင် (၂၂၄.၃) ဧကနှုန်းဖြင့် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ဧရိယာ စုစုပေါင်း (၆၅၇,၁၃၃.၅၈) ဧကအား ခွင့်ပြုပေးခဲ့ပါသည်။ လက်ရှိအချိန်တွင် အစာရေစာ ရှားပါးလာမှု၊ အကောင်ရေတိုးပွားလာမှုကြောင့် ဆင်ကောင်ရေ (၃၃၇၉) ကောင်အတွက် တစ်ကောင်လျှင် (၂၇၄) ဧကနှုန်းဖြင့် (၇၉၈၀၂၇.၅၈) ဧက ခွင့်ပြုပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး ဆင်ပိုင်ရှင်များ အသင်းမှ ပုဂ္ဂလိကဆင်စားကျက်မြေဧရိယာ တင်ပြတောင်းခံမှုအပေါ် ပဲခူးခရိုင်နှင့်တောင်ငူခရိုင်မှ ပုဂ္ဂလိကဆင်ကောင်ရေ ၈၃ ကောင်အတွက် ဆင်စားကျက်ဧရိယာ (၆၄၀၃) ဧကအား သက်ဆိုင်ရာ တိုင်း/ ခရိုင်/ မြို့နယ် သစ်တောဦးစီးဌာနများ၏ ကြီးကြပ်မှုဖြင့် မြေငှါးရမ်းခတောင်းခံခြင်းမပြုဘဲ၊ စာချုပ်ချုပ်ဆိုခြင်းမပြုဘဲ စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုပေးခဲ့ပါသည်။

ဆင်ကို မြန်မာတစ်နိုင်ငံလုံးတွင် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင်လည်းကောင်း၊ IUCN Red List တွင်လည်း မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ရှိသော မျိုးစိတ်စာရင်းတွင် လည်းကောင်း၊ CITES ကွန်ဗင်းရှင်းမှ မျိုးသုဉ်းပျောက်ကွယ်ရန်အန္တရာယ်ရှိသဖြင့် သုတေသနပြုလုပ်ရန်အတွက်သာ ခွင့်ပြုသည့် CITES Appendix I တွင် ထည့်သွင်းသတ်မှတ်၍ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကာကွယ်ပေးထားပါသည်။

ဌာနပိုင်ဆင်များနှင့် ပုဂ္ဂလိကပိုင်ဆင်များ ရေရှည်ရှင်သန်ရပ်တည်နိုင်ရန်အတွက် ၎င်းတို့ အစာရှာဖွေစားသောက်ရန်နှင့် လှည့်လည်ကျက်စားသွားလာနိုင်ရန် ဆင်စားကျက်များ သတ်မှတ်ထားရှိပေးရန် လိုအပ်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (စ) တွင် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအား ကာကွယ်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပြီး ဤသို့ဆောင်ရွက်ရာတွင် သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သစ်တောဥပဒေပုဒ်မ ၄၀ (က) တွင် မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို သစ်တောနယ်မြေအတွင်း ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်းအတွက် ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ဟု ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် တောဆင်ရိုင်း ၂၀၀၀ ခန့်၊ အိမ်မွေးဆင် ၅၀၀၀ ခန့်၊ မှတ်ပုံမတင်ရသေးသော အိမ်မွေးဆင်များအတွက် သစ်တောနယ်မြေနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း နေထိုင်ကျက်စားရန် နေရာဒေသများ အများအပြား ကျန်ရှိနေသေးသည့်အတွက် အဆိုပါဧရိယာများကိုလည်း ထိရောက်စွာ ကာကွယ်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ကမ္ဘာပေါ်ရှိ ဆင်များအားလုံးသည် ကမ္ဘာဦးကာလ လွန်ခဲ့သော နှစ်ငါးသန်းခန့် ရေခဲခေတ်ကတည်းက ပေါ်ပေါက်လာခဲ့သော တိရစ္ဆာန်များဖြစ်ပြီး ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ဂေဟစနစ်အမျိုးမျိုးနှင့် လိုက်လျောညီထွေစွာ ကြိုးစားရှင်သန်ဖြတ်သန်းနေထိုင်ခဲ့ကြသော်လည်း ယနေ့အချိန်တွင် အာရှဆင်များနှင့် အာဖရိကဆင်များသာ ကျန်ရှိပါတော့သည်။

PDF Compressor Free Version

တောဆင်များအတွက် လုံခြုံစိတ်ချရပြီး လုံလောက်သော အကျယ်အဝန်းရှိသည့် အစားအစာနှင့် သန့်ရှင်းသော ရေရရှိနိုင်သည့် စားကျက်ဒေသများ လိုအပ်ပါသည်။

အိမ်မွေးဆင်များကို တောတွင်း ပြန်လွှတ်ပေးမည့် (Re-Wilding) အစီအစဉ်လည်း မရှိသေးပါ။ မွေးမြူထိန်းသိမ်းထားသော ဆင်အများစုကိုလည်း တောတွင်းသို့ ပြန်လည်စေလွှတ်ပေးနိုင်မည်မဟုတ်ပါ။ တောဆင်ရိုင်းများ မရှိတော့သည့် နေရင်းဒေသများအတွင်းသို့ ပြန်လည်စေလွှတ်ပေးမည်ဆိုပါက များစွာဖြစ်နိုင်ခြေရှိပါသည်။ သစ်ထုတ်လုပ်ငန်းလျှော့ချဆောင်ရွက်လာခြင်းကြောင့် အိမ်မွေးဆင်များ ကျန်းမာရေးပိုမိုကောင်းမွန်စွာဖြင့် အသက်ရှည်ရှည်နေထိုင်လာနိုင်ကြမည်ဖြစ်ပါသည်။ သို့အတွက်ကြောင့် အိမ်မွေးဆင်များတောတွင်းသို့ ပြန်လည်စေလွှတ်ခြင်းနှင့် ဆင်အိုဆင်နာများ ပြုစုစောင့်ရှောက်ခြင်းတို့အတွက် ယခုကပင် ကြိုတင်ပြင်ဆင်သင့်ပါကြောင်း၊ အိမ်မွေးဆင်များ စီမံအုပ်ချုပ်သူများနှင့် ပုဂ္ဂလိက ဆင်ပိုင်ရှင်များ၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း တောဆင်ရိုင်းကောင်ရေတိုးပွားလာစေရန်နှင့် ယင်းတို့ နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အရေးကြီးပါကြောင်း၊ ဤသို့ စောင့်ရှောက်ပေးခြင်းဖြင့် အဆိုပါဒေသများအတွင်းရှိ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်ပါကြောင်း တင်ပြအပ်ပါသည်။

(မှီငြမ်းကိုးကားသည့် စာအုပ်/စာစောင်အရေအတွက်များ များပြားသဖြင့် ဖော်ပြခြင်းမပြုတော့ပါကြောင်း)



လက်သင့်ခံမယ့်
ကမ္ဘာဂြိုဟ်ကြီးသာ မရှိတော့ရင်
သင့်ရဲ့အိမ်ဟာ ဘာသုံးလို့
ရတော့မှာလဲ။

Henry David Thoreau

APK

**စာမျက်နှာ (၁၇)မှအဆက်**

မြေနေရာရရှိနိုင်မှု အခြေအနေကွာခြားခြင်း (ဥပမာ ရေဝပ်သည့်နေရာ၊ မြေနိမ့်သည့်နေရာနှင့် တောင်စောင်းများ)

– အိမ်မွေးတိရစ္ဆာန်များ လွှတ်ကျောင်းစားကျက်ချခြင်းများကြောင့် အပင်များပျက်စီးခြင်းနှင့် ရှင်သန်အောင်မြင်မှုနည်းပါးခြင်း၊

– လယ်/ယာမြေလုပ်ငန်းခွင်များတွင် စိုက်ပျိုးရခြင်းဖြစ်သဖြင့် စိုက်ပျိုးသီးနှံများကို ထိခိုက်မှုမရှိစေရေး အလေးထားရခြင်း၊

– မြေပြုပြင်မှုလုပ်ငန်းများ အားနည်းခြင်း (ဥပမာ ကျင်းတူး/ မြေဆွ/ နွားချေး)

– လမ်းဘေးဝဲ/ယာ ယာဉ်ရှောင်တိမ်းမှုများ၊ ကျွဲ/ နွားလှည်းများ မောင်းနှင်ခြင်းကြောင့် အပင်များပျက်စီးခြင်း၊

– မိုးရာသီအချိန်မီ စိုက်ပျိုးနိုင်မှုမရှိခြင်း၊

– သစ်ပင်စိုက်ပျိုးပြီးနောက် ပြုစုထိန်းသိမ်းမှုအားနည်းခြင်း (ဥပမာပေါင်းရှင်း / ခါးဆွ/ မြေသြဇာကျွေးခြင်း)

– စိုက်ပျိုးပင်များ၏ ကြံ့ခိုင်မှုအားနည်းခြင်း၊

– သစ်ပင်ရွေးချယ်မှုလွဲမှားခြင်း

– သစ်ပင်များကို သစ်တောဦးစီးဌာနမှ အခမဲ့ဖြန့်ဝေပေးသဖြင့် တန်ဖိုးထားမှုနည်းပါးခြင်း၊

သစ်ပင်စိုက်ပျိုးခြင်းသည် ရွှေတိုက်၊ ငွေတိုက်ကို ပိုင်စိုးရသကဲ့သို့ အကျိုးကျေးဇူးအမျိုးမျိုးကို ရရှိခံစားနိုင်ပြီး သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများက သက်ရှိလောကအတွက် အလွန်ပင်အရေးပါလှသည်။ သို့သော်လည်း အဆိုပါ တန်ဖိုးများအား သိရှိသူအလွန်နည်းပါးခြင်း၊ သိရှိသော်လည်း မိမိအကျိုးစီးပွား၊ လူနည်းစု အကျိုးစီးပွားနှင့် ရေတိုအကျိုးစီးပွားကို ရှေ့ရှုဆောင်ရွက်ခြင်း၊ အဆိုပါတန်ဖိုးများကို ဖော်ထုတ်မည့်အဖွဲ့အစည်း၊ ထိန်းသိမ်းမည့်အဖွဲ့အစည်း အလွန်နည်းပါးခြင်းနှင့် စွမ်းဆောင်ရည်နိမ့်ပါးခြင်း စသည့် အကြောင်းများကြောင့် သစ်ပင်သစ်တောများပြုန်းတီးပြီး သစ်တောဂေဟာစနစ်များ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။

ထို့ကြောင့် သစ်တောမြေအတွင်း စိုက်ပျိုးသည်ဖြစ်စေ၊ သစ်တောမြေပြင်ပတွင် စိုက်ပျိုးသည်ဖြစ်စေ တစ်ပင်စိုက်တစ်ပင်ရှင်ရေးအတွက် အထူးအလေးထားကြရမည်ဖြစ်သည်။ မိမိတို့ သစ်တောဦးစီးဌာနသည် နည်းပညာဌာနဖြစ်သည်နှင့်အညီ မကြာမီလာမည့် မိုးရာသီတွင် သစ်မျိုးမှန်၊ နည်းစနစ်မှန်၊ အချိန်မှန်၊ ပြုစုစောင့်ရှောက်မှုမှန်ကန်စွာ စိုက်ပျိုးနိုင်ရေးအတွက် လှုံ့လစိုက်ထုတ် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းလိုက်ပါသည်။

ယခင်လမှအဆက် ➡

PDF Compressor Free Version




တစ်ခါတစ်ရံ ရန်ကုန်ပြန်ကြတဲ့အခါ၊ ရေနံချောင်းနေအိမ်ကြီးကို နယ်ခံဝန်ထမ်းတစ်ယောက် (သို့မဟုတ်) နှစ်ယောက်ကို ညအိပ်ချိန် အိမ်စောင့်ပေးဖို့ အကူအညီတောင်းရပါတယ်။ နှစ်ယောက်ကတော့ တစ်ယောက်တည်းမအိပ်ရဲရင် နှစ်ယောက်အိပ်ဖို့ပါ။ ( နှစ်ယောက်ပဲစောင့်ကြတာများပါတယ်။) ရှေ့မှာရေးခဲ့သလို၊ ညဖက်လူပြတ် ညအမှောင်ထဲ လုံခြုံရေးအရလည်း၊ နောက်ကျောလုံအောင်လည်းပါပါတယ်။ ပထမတော့မသိပါဘူး၊ နောက်မှသိရတာက ဒီမောင်တွေ အိမ်ပေါ်မှာ မအိပ်ရဲပါဘူး။ အိမ်ရှေ့က ဆင်ဝင်အမိုးအောက်မှာ ရုံးက တန်းလျားတွေ ရွှေ့ အဲ့ဒီအပေါ် အိပ်ယာခင်းအိပ်ကြတာပါ။ ဘာကြောင့်လဲဆိုတော့ အပေါ်မှာ ဘုရားခန်းရှေ့ခင်းအိပ်ကြချိန် တစ်ယောက်က တစ်ရေးနိုးမှာ ယခင်ရေးပြတဲ့ ဘယ်ဖက်ပထမအိပ်ခန်း၊ (သူတို့အိပ်နေတဲ့ ခြေရင်းကနေ မဲမဲအကောင်ကြီး အပြင်ထွက်သွားတာမြင်လို့တဲ့) အမြင်မှားတာလား၊ အိပ်မက်လား၊ တကယ်လားတော့ မသိလေ။

ဒါနဲ့ အောက်ဆင်းအိပ်တော့လည်း ဒီမောင်တွေ အကြောက်က မပျောက်၊ အောက်ကနေ ဆရာတို့အိပ်ခန်းထဲက ဝုန်းဒိုင်းနဲ့ ဆူညံသံတွေ ကြားရလေ့ရှိပြန်သတဲ့။ ယခင်လမှာ တပည့်တစ်ယောက်က လာမန့်သေးတာက ဘယ်ဖက်ဒုတိယအိပ်ခန်းထဲက ပုဂ္ဂိုလ်ဆိုတာက ကတုံးကြီးဆရာတဲ့။ ဆိုတော့ အိမ်ပေါ် ဘယ်လောက်တွေတောင်ရှိနေကြသည်မသိပါ။ သို့ပေမဲ့ ထိုအိမ်ပေါ်မှာ ယခင်လများမှာ ဖော်ပြခဲ့သလို၊ ကြီးကြီးမားမား ထိတ်လန့်ဖွယ် မကြုံရသလို သရဲခြောက်တာထက်ကြီးသော အလုပ်အပူတွေနဲ့ပေမို့ ထိုအကြောက်တရားတွေ ရင်ဆိုင်ရင်း ဖြတ်ကျော်ခဲ့ရတာက နောက်ပိုင်းအချိန်တွေကြမှ ပြောစရာ Storyတွေအဖြစ် ကျန်ရစ်ပါတော့တယ်။

ယခင်လမှာဖော်ပြမိလို့ ဤအိမ်ကြီး successors ညီငယ်တစ်ယောက်ကြုံဖူးတဲ့ ကိုယ်တွေထက် ပိုကြမ်းတဲ့ အတွေ့အကြုံကိုလည်း တပည့်စာရေးမ ပြန်ပြောပြချက်ကို ဖော်ပြလိုက်ရပါတယ်။ သူတို့လည်း ကိုယ်တွေလိုပဲ လင်မယားနှစ်ယောက်တည်းနေစဉ် တစ်ညမှာ လင်မယားရန်ဖြစ်ကြပြီး မိန်းမက ညှော်ခန်းထဲက နှစ်ယောက်ထိုင် ဆက်တီပေါ် ခေါင်းအုံးနဲ့ စောင်တစ်ထည်ယူသွားအိပ်နေသတဲ့၊ တစ်ရေးနိုးချိန် ကိုယ်ကကွာနေတဲ့ စောင်ကိုခြုံပေးတော့ ငါ့ယောက်ျား လာချော့တာပဲလို့ ပီတိဖြစ်ငြိမ်နေသပေ့ါ။ ဒါပေမဲ့ ဘာမှ ဆက်လှုပ်ရှားသံမကြားတော့ မျက်စိဖွင့်ကြည့်၊ ဘာမှမတွေ့တော့ ယောက်ျားရှိရာ အိပ်ခန်းထဲပြေးကြည့်တယ် ဟိုက အိပ်မောကျလို့။ ဒါနဲ့ပဲ စိတ်ဆက်မကောက်ရဲဘဲ အိပ်ခန်းထဲပြန်လာခွေရပါသတဲ့၊ မနက်မေးကြည့်တော့လည်း "နင်ထွက်သွားကတည်းက ငါ တစ်ရေးမှမနိုး"တဲ့။

နောက်တစ်ခါကတော့ ထိုညီကိုယ်တိုင်ပါပဲ။ မိန်းမကမရှိ၊ နေရပ်ပြန်သွားချိန် တပည့်တစ်ယောက်နဲ့ နေရချိန်။ ဖျားလို့ အိပ်ခန်းထဲက အိပ်ယာပေါ်လှဲနေပြီး စားစရာသွားဝယ်တဲ့ တပည့်ကို စောင့်နေချိန်၊ အိမ်ရှေ့ လှေကားကနေ တက်လာသံ၊ တံခါးဖွင့်သံ၊ အိမ်မပေါ် လှမ်းတက်လျှောက်လာသံတွေကြားတော့ တပည့်ပြန်လာပြီပေ့ါ။ ဒါပေမဲ့ လူကပေါ်မလာတော့၊ လှမ်းအော်မေး၊ ဘာသံမှ မကြား။ နောက် မိနစ် ၂၀ လောက်မှ တပည့်က တကယ်ပြန်လာတာသိရတော့မှ ဖောချွေးပြန်သွားရ။ တကယ်တမ်းကြတော့လည်း ကျွန်တော်တို့တွေ သရဲ story ရှိသောအိမ်တွေ၊ ရုံးတွေ၊ ကြုံခဲ့၊ နေခဲ့တာတွေ များစွာပါပဲ၊

စိုးထိတ်မှုလေးတွေရှိသော်ငြား ဒါတွေကြောက်နေဖို့ရာ အချိန်မ[illegible] PDF Compressor Free Version [illegible]ဖုန်းမြည် သံဆိုရင် Forestry ညီအစ်ကိုအများစုလက်ခံကြမှာပါ။

ရုံးမှာဖြစ်စေ၊ အိမ်မှာဖြစ်စေ ဖုန်းမြည်ရင် (ထိုစဉ် က Hand phone ခေတ်မဟုတ်သေး။) ရင်ထဲက ထိတ်ခနဲ အရင်ဖြစ်သွား၏။ လူကြီးခရီးစဉ်ရှိလို့လား၊ တိုင်းအစည်း အဝေးခေါ်တာလား ဘာလုပ်ခိုင်းဖို့ အမိန့်တွေလာပြန်လဲ လူကြီးဆီကလား မယက ဘာကိစ္စပေါ်ပြန်လဲ စသည် စသည်ဖြင့် အပူမီးက အရင်တောက်၏။ မိသားစုဆီက၊ သူငယ်ချင်းဆီက၊ မိတ်ဆွေဆီက ဖုန်းများဖြစ်မှသာ ဟင်း ချနိုင်လေတော့၏။ ရေနံချောင်း စိမ်း/စိုတွင် နေရသော ထိုကာလများမှာ အလုပ်ဖိစီးမှုများကတော့များ၏။ ပျိုး ဥယျာဉ်က မြောက်ဖက် ၅ မိုင်အကွာက ပင်းချောင်းဘေး၊ စိုက်ခင်းများ၊ သဘာဝတောထိန်းများ၊ လူကြီးခရီးစဉ်များ တစ်ထောက်နားရာ ဖန်ခါးစမ်းစခန်းတို့က မြို့၏တောင် ဖက် ၉ မိုင်အကွာမှာရှိလေတော့ တောင်ပြေး မြောက်ပြေး။ တောင်ဖက် ဖန်ခါးစမ်းစခန်းဖက်ကတော့ ပိုလို့ အခေါက် ပေါင်းများစွာ သွားရပါတယ်။ ဖန်ခါးစမ်းစခန်းကနေ အရှေ့ ဖက်ကိုကြည့်လိုက်ရင် ပုပ္ပါးတောင်မကြီးကို လှမ်းမြင်နေ ရပြီး၊ ရေရရှိရေးကို စက်ကြီးတွေနဲ့ ပေ ၈၀၀ ခန့်တူးပြီး ရေထွက်တာမို့ ရေစင်ဆောက်လုပ်တင်ထားပြီးတော့ စခန်း ဝင်းအတွင်း အရိပ်ပင် ပန်းအလှပင်များကို ရေလောင်း စိုက်ပျိုးပြုပြင်ထားလို့ ခြောက်သွေ့ပူပြင်းရာဒေသမှာ Oasis လေးသဖွယ် ဖြစ်နေပါတော့တယ်။

စခန်းအတွင်း ရှင်းလင်းဆောင်ပစ္စည်းသိုလှောင် ရုံးဝန်ထမ်းအိမ်များလည်း စနစ်တကျ ဆောက်လုပ်ထား တာမို့ တနယ်ရပ်ကျေးက ရေနံချောင်း စိမ်းစိုကို တာဝန် ကျဝန်ထမ်းတွေက ဒီစခန်းမှာပဲ နေကြတာများတာမို့ မြို့ပေါ်ရုံးဝန်းထဲ လူနေနည်းရခြင်းဖြစ်ပါတယ်။ တချို့မြို့ခံ ဝန်ထမ်းတွေက ရပ်ကွက်ထဲက ကိုယ်ပိုင်အိမ်တွေမှာပဲ နေကြပါတယ်။ လုပ်ငန်းလုပ်စရာရှိလို့ ဖန်ခါးစမ်းသွားပြီ ဆိုရင် မြို့ပေါ်က ဝန်ထမ်းတချို့ကို ဂျစ်ကားအနောက် အပြည့်တင်၊ ဖန်ခါးစမ်းစခန်းနေ ဝန်ထမ်းတွေနဲ့ပေါင်းလုပ် ကြရပါတယ်။ ယခင်က ရန်ပုံငွေလျာထားချက်မရှိတဲ့ လမ်း ဘေးဝဲယာ အပင်စိုက်ဖို့ ကျင်းတူးရတာတွေ၊ စိုက်ပြီး မိုး ပြတ်ချိန် ရေလောင်းရတာတွေကို တောအုပ်၊ တောခေါင်း ကအစ ပေါက်တူးပေါက်ပြားကိုင်၊ ရေပုံးသယ် ကိုယ်တိုင် လုပ်ကြရတာပါ။ အိမ်က မိန်းမက အလုပ်သွားတဲ့နေ့ဆိုရင် လူအရေအတွက်နဲ့ ဆန်ထုတ်ပေး၊ ကုလားပဲ၊ ငါးခြောက်နဲ့ ငရုတ်သီးထုတ်ပေး၊ ဖန်ခါးစမ်းစခန်းရောက်ရင် ဟင်းချက် ပေးတဲ့ အိမ်ကို အပ်၊ နေ့ခင်း ထမင်းစားနားချိန်မှာတော့ ကုလားပဲဟင်း၊ ငါးခြောက်နဲ့ ငရုတ်သီးကြော်၊ ဆရာ တပည့်တွေ ဟင်း၊ ထမင်းအတူတူပါပဲ၊ မောမောနဲ့မို့ စားလို့ကောင်းပ။

ဆက်လက်ဖော်ပြပါမည်-

**အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme-PFP) အသုံးပြုခြင်းဖြင့် ရရှိလာမည် အကျိုးကျေးဇူးများ**

(၁) ဌာနများအလိုက် ပြုပြင်ရန် လိုအပ်နေသည့်အားနည်းချက်များကို ပြုပြင်နိုင်ခြင်း၊

(၂) အသေးစား အဂတိလိုက်စားမှုများကို လျော့ချနိုင်ခြင်း၊

(၃) အစိုးရအဖွဲ့အစည်းများနှင့် ပြည်သူလူထုအကြားယုံကြည်မှု တည်ဆောက်လာနိုင်ခြင်း စသည့် အကျိုး ကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်**

*“အဂတိလိုက်စားမှုသည် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ အုပ်ချုပ်ရေးနယ်ပယ်များတွင် ငွေကြေး၊ ပစ္စည်း၊ လုပ်ပိုင်ခွင့်ဆိုင်ရာ အဂတိလိုက်စားမှုများကို ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားတတ်ကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံစီးပွားရေးကို ထိခိုက်စေသည့် အဓိက အကြောင်းအရင်းတစ်ခုဖြစ်သည့်အပြင် ဆင်းရဲနွမ်းပါးမှု လျော့ကျစေရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင်လည်း အဟန့်အတား တစ်ခုဖြစ်ပါတယ်”*

အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်
ထိန်းသိမ်းရေးနေ့ ကျင်းပ၍

PDF Compressor Free Version

# ဒီရေတောများသားစဉ်မြေးဆက် အသုံးပြုနိုင်ရေး ပြည်သူလူထု အသိပညာ မြှင့်တင်ပေးကြပါစို့



ဒေါက်တာဝင်းမောင်အေး

**ဒီရေတော ဂေဟစနစ်များ**

ဒီရေတောများသည် ကုန်းမြေနှင့်ပင်လယ်အကြား ဆက်စပ်ပေးသည့် သစ်တောဂေဟစနစ်တစ်ခုဖြစ်ပြီး ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များ တည်မြဲရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝစေရေးအတွက် အလွန်အရေးကြီးပါသည်။ ဒီရေတောများသည် အီကွေတာမျဉ်း၏ တစ်ဖက်တစ်ချက် မြောက်လတ္တီတွဒ် ၃၀ ဒီဂရီနှင့် တောင်လတ္တီတွဒ် ၃၀ ဒီဂရီအကြား အပူပိုင်းဇုန်နှင့် အပူသမပိုင်းဇုန်များရှိ ကမ်းရိုးတန်းတစ်လျှောက် ဒီရေအတက်အကျဖြစ်ပေါ်သည့် ဧရိယာများတွင် ပေါက်ရောက်သော ဆားအငံဓာတ်ကို ခံနိုင်သည့် သစ်တောဂေဟစနစ်တစ်ခုဖြစ်ပါသည်။

ဒီရေတောများသည် ကုန်းမြေနှင့်ပင်လယ်စသည့် ပတ်ဝန်းကျင်နှစ်ခုအကြား ရှင်သန်နိုင်ရေးနှင့် ဆားငန်ရေဖုံးလွှမ်းသည့် ဧရိယာများ၊ ရေချိုရေငန်စပ်ဧရိယာများနှင့် အောက်ဆီဂျင်ချို့တဲ့သည့် ရွှံ့၊ နွံမြေများတွင် လိုက်လျောညီထွေရှင်သန်ရပ်တည်နိုင်ရေးအတွက် ဒီရေတောသစ်ပင်များတွင် ထူးခြားသည့် အရွက်စနစ်များ၊ အမြစ်စနစ်များနှင့် မျိုးပွားမှုစနစ်များ ပါဝင်ဖွဲ့စည်းထားပါသည်။

ဒီရေတောများအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်း စီမံအုပ်ချုပ်ခြင်းအားဖြင့် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို ကြံ့ကြံ့ခံတုန့်ပြန်နိုင်ရေး၊ နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်များ ရရှိစေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတို့ကို အထောက်အကူပြုနိုင်ပါသည်။

**ကမ္ဘာနှင့် အာရှဒေသရှိ ဒီရေတောများ အခြေအနေ**

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၂၃ နိုင်ငံတွင် ဒီရေတောများ ပေါက်ရောက်လျက်ရှိရာ ဧရိယာ ဧက ၃၇.၆၅ သန်းခန့် ကျယ်ဝန်းပြီး ဖိလစ်ပိုင်နိုင်ငံ၏ ကုန်းမြေဧရိယာတစ်ဝက်ခန့်နှင့် ညီမျှပါသည်။ (World Mangrove Atlas, 2010)

ကမ္ဘာပေါ်တွင် အင်ဒိုနီးရှားနိုင်ငံသည် ဒီရေတောဧရိယာ အများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပြီး ဧရိယာ **ဧက ၇.၈၈** သန်းခန့်ရှိပါသည်။ ကမ္ဘာ့ဒီရေတောဖုံးလွှမ်းမှုအများဆုံး (၁၀) နိုင်ငံ၏စာရင်းကို အောက်ပါဇယားဖြင့် တင်ပြအပ်ပါသည် –

**ကမ္ဘာ့ဒီရေတောဖုံးလွှမ်းမှု အများဆုံးနိုင်ငံများပြဇယား**

| စဉ် | နိုင်ငံ | ဒီရေတောဧရိယာ (ဧက သန်း) | ကမ္ဘာ့ဒီရေတောဧရိယာ ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၇.၈၈ | ၂၀.၉ % |
| ၂။ | ဘရာဇီး | ၃.၁၂ | ၈.၅ % |
| ၃။ | သြစတေးလျ | ၂.၄၅ | ၆.၅ % |
| ၄။ | မက္ကဆီကို | ၁.၉၀ | ၅.၀ % |
| ၅။ | နိုင်ဂျီရီးယား | ၁.၈၂ | ၄.၈ % |
| ၆။ | မလေးရှား | ၁.၇၅ | ၄.၇ % |
| ၇။ | မြန်မာ | ၁.၂၆ | ၃.၃ % |
| ၈။ | ဘင်္ဂလားဒေ့ရှ် | ၁.၂၂ | ၃.၂ % |
| ၉။ | ကျူးဘား | ၁.၂၂ | ၃.၂ % |
| ၁၀။ | အိန္ဒိယ | ၁.၀၇ | ၂.၈ % |

ရင်းမြစ်– World Mangrove, Atlas, 2010)

**အာရှတိုက်၏ နိုင်ငံပေါင်း ၂၅ နိုင်ငံ** (The World Mangrove, FAO, 2005) တွင် ဒီရေတောများ ပေါက်ရောက်လျက်ရှိပြီး **ကမ္ဘာ့ဒီရေတောဧရိယာ၏ ၅၈ ရာခိုင်နှုန်းခန့်** ဖြစ်သည့် ဧရိယာ **ဧက ၁၅.၃၈** သန်းခန့် ရှင်သန်တည်ရှိပါသည်။ အရှေ့တောင်အာရှ (၁၀) နိုင်ငံ အနက် လာအိုနိုင်ငံမှအပ ကျန် (၉) နိုင်ငံတွင် ဒီရေတောများ ပေါက်ရောက်ရှင်သန်လျက်ရှိပြီး ဧရိယာ **ဧက ၁၂.၆၁** သန်းရှိပါသည်။ **ကမ္ဘာ့ဒီရေတောဧရိယာ၏ ၃၃.၅ ရာခိုင်နှုန်း**ကို အရှေ့တောင်အာရှနိုင်ငံများတွင် တွေ့ရှိရပါသည်။

PDF Compressor Free Version

**မြန်မာနိုင်ငံ၏ ဒီရေတောများ အခြေအနေ**

မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်နှင့်ဆက်စပ်လျက်ရှိသည့် ၂၈၀၀ ကီလိုမီတာကျော်ရှည်လျားသော ကမ်းရိုးတန်းတစ်လျှောက် ဒီရေတောများ၊ ပင်လယ်မြက်ခင်းများ၊ သန္တာကျောက်တန်းများ၊ လတာပြင်များ၊ ကမ်းခြေများ၊ ကျွန်းစုများ စသည့် အမျိုးအစားစုံလင်သော ကမ်းရိုးတန်းဂေဟစနစ်များကို ပိုင်ဆိုင်ထားပါသည်။ မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီရေတောများ ပေါက်ရောက် ရှင်သန်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ဒီရေတောဧရိယာ **ဧက ၁.၂၆ သန်းခန့်** တည်ရှိပြီး (FRA, 2025 ပဏာမ အစီရင်ခံစာ) **ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောအများဆုံးပိုင်ဆိုင်သည့်နိုင်ငံ** ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ယေဘုယျဖြင့် **ကမ်းရိုးတန်းဒေသ ဒီရေတောများနှင့် မြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောများ**ဟူ၍ အမျိုးအစား (၂)မျိုး ခွဲခြားနိုင်ပါသည်။ **ကမ်းရိုးတန်းဒေသ** ဒီရေတောများတွင် ပြူးခြေထောက် (အဖို)၊ ပြူးခြေထောက် (အမ) အစရှိသည့် ပြူးသစ်မျိုးများ အဓိကပေါက်ရောက်ပြီး အခြား လမု၊ သမဲ့ကျန စသည့် သစ်မျိုးများ ရောနှောပေါက်ရောက်လျက်ရှိပါသည်။ **မြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောများ**တွင် ယခင်က ကနစို သစ်မျိုးများ အဓိက ပေါက်ရောက်သော်လည်း ယခုအခါ သမဲ့ကြီး၊ သမဲ့ဖြူ၊ သမဲ့ကြက်တက်၊ ကန့်ပလာ၊ လမု စသည့် အလင်းကြိုက်ဒီရေတောသစ်မျိုးများ ပေါက်ရောက်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးရှိ မုတ္တမ ပင်လယ်ကွေ့ ကမ်းတက်ဒီရေတောများတွင် ဒေါင်းစပါးများနှင့် ခရာနွယ်၊ ကြောင်ပန်းစသည့် နွယ်၊မြက်နှင့်အပင်ငယ်မျိုးများ စတင်ပေါက်ရောက်ပြီးနောက် ကမ်းတက်မြေ ခိုင်မြဲလာပါက လမု၊ သမဲ့ကြီး၊ သမဲ့ကြက်တက် စသည့် အလင်းကြိုက် ဒီရေတောမျိုးများ ပေါက်ရောက်ရှင်သန်လျက်ရှိပါသည်။ ကမ္ဘာပေါ်တွင် အဓိက ဒီရေတောသစ်မျိုး (True Mangrove Species) ၃၅ မျိုးနှင့် တွဲဖက်ဒီရေတောသစ်မျိုး (Associate Mangrove Species) ၆၀ မျိုး စုစုပေါင်း ၉၅ မျိုးခန့်ကို P.B Tomlinson, 1986 က မှတ်တမ်းတင်ထားပြီး ဒီရေတောပညာရှင် ဦးဝင်းမောင်၏ကွင်းဆင်းမှတ်တမ်းအရ မြန်မာနိုင်ငံတွင် အဓိက ဒီရေတော သစ်မျိုးနှင့် တွဲဖက်ဒီရေတောသစ်မျိုးများ (၉၀) ကျော်ခန့်တွေ့ရှိရပါသည်။ ယခုကာလအတွင်း ဒီရေတောမျိုး (၂) ခုဖြစ်သည့် မြိုင်ကြီးပင် *(Bruguiera hainesii)* နှင့် *Phemphis acidula* တို့ကို မြန်မာနိုင်ငံတွင် တွေ့ရှိရကြောင်း ပညာရှင်များက ထပ်မံမှတ်တမ်းတင်ထားပါသည်။

မြန်မာနိုင်ငံ၏ ဒီရေတောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ် သစ်တောဖုံးလွှမ်းမှု၏ ၀.၆၉ ရာခိုင်နှုန်း (ဧရိယာဧက ၁.၁၆ သန်းခန့်)၊ ၂၀၂၀ ပြည့်နှစ်တွင် ၀.၆၄ ရာခိုင်နှုန်း (ဧရိယာ ဧက ၁.၀၇ သန်းခန့်) နှင့် ၂၀၂၅ ခုနှစ်တွင် ၀.၇၆ ရာခိုင်နှုန်း (ဧရိယာဧက ၁.၂၆ သန်းခန့်) ရှိပါသည်။

**ဒီရေတောများမှ ရရှိသည့် အကျိုးကျေးဇူးများ**

ဒီရေတောများမှ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အဓိက လောင်စာစွမ်းအင်လိုအပ်ချက်အတွက် သစ်၊ ထင်း၊ မီးသွေးများကို ထုတ်လုပ်ပေးလျက်ရှိပြီး ယခုကာလအထိ မြန်မာနိုင်ငံ၊ မြို့ကြီးများ၏ လောင်စာလိုအပ်ချက်များကို ဒီရေတောများမှ ပံ့ပိုးပေးလျက်ရှိပါသည်။

ဒီရေတောများသည် ကုန်းမြေနှင့်အဏ္ဏဝါဂေဟစနစ်များအကြား ဆက်စပ်ပေးသည့် အခြေခံဂေဟစနစ်တစ်ခုဖြစ်ရာ ဒီရေတောများအား စနစ်တကျ ထိန်းသိမ်းခြင်းဖြင့် ပင်လယ်ပြင်နှင့် ရေအောက်သယံဇာတများ တိုးပွားရေးကို အထောက်အကူပြုစေကြောင်းကို ဂျပန်ရိုးရာဆိုရိုးစကားဖြင့် **"No Mangrove No Fish– ဒီရေတောမရှိလျှင် ငါးမရှိနိုင်"**ဟု ဖွင့်ဆိုကြပါသည်။ အဏ္ဏဝါ ပတ်ဝန်းကျင်ရှိ ဇီဝမျိုးစုံမျိုးကွဲ၏ အစာကွင်းဆက်များကို ဒီရေတောများမှ ပံ့ပိုးပေးလျက်ရှိပြီး ကမ်းရိုးတန်းနေပြည်သူများ၏ တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ်ငါးဖမ်းခြင်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို အကျိုးပြုလျက်ရှိပါသည်။

ယနေ့ခေတ် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို တိုက်ဖျက်ရာတွင် ဒီရေတောများက သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်သည့် တံတိုင်းကြီးများအဖြစ်နှင့် ကာဗွန်စုပ်ယူသိုလှောင်ပေးထားသည့် ကာဗွန်သိုလှောင်ကန်ကြီးများအဖြစ် ပံ့ပိုးပေးလျက်ရှိပါသည်။ ထို့အပြင် ဒီရေတောများသည် ပင်လယ်ကမ်းရိုးတန်းနှင့်

PDF Compressor Free Version

မြစ်ချောင်းကမ်းခြေများ ရေတိုက်စား မြေပြိုမှုမှလည်း ကာကွယ်ပေးထားနိုင်ပြီး မုန်တိုင်းဒီရေနှင့် လေပြင်းတိုက်ခတ်မှုပြင်းအားကို လျော့နည်းစေသောကြောင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေး အခြေခံအဆောက်အဦများကို ကာကွယ်ပေးနိုင်သည်။

ရာသီဥတုပြောင်းလဲဖောက်ပြန်မှု တိုက်ဖျက်ရေးအတွက် ကမ္ဘာ့နိုင်ငံများ၏ ကာဗွန်မျှခြေရည်မှန်းချက်များ ပြည့်မီစေရန် ကာဗွန်ယူနစ်များ ရောင်းဝယ်ဖောက်ကားရာတွင် ဒီရေတောများမှ သိုလှောင်ထားသည့် ကာဗွန်ယူနစ်များကို အပြာရောင်ကာဗွန်ဟု ခေါ်ဆို၍ ဈေးအမြင့်ဖြင့် ဝယ်ယူလျက်ရှိသဖြင့် ဒီရေတောကာဗွန်စီမံကိန်းများ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေနိုင်ပါသည်။

**အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ သတ်မှတ်ကျင်းပခြင်း**

ကမ္ဘာပေါ်ရှိ ဒီရေတောဂေဟစနစ်များ၏ အရေးပါမှုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ဒီရေတောများ ထိန်းသိမ်းရေးနှင့် ပြန်လည်တည်ထောင်စိုက်ပျိုးရေး၌ ကမ္ဘာသူ၊ ကမ္ဘာသားများက အသိအမြင်နိုးကြားစွာဖြင့် ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (United Nations Education, Science and Culture Organization-UNESCO)က **''အပြည်ပြည်ဆိုင်ရာ ဒီရေတော ဂေဟစနစ်ထိန်းသိမ်းရေးနေ့ (International Day for the Conservation of the Mangrove Ecosystem)''**ကို နှစ်စဉ်ဇူလိုင်လ (၂၆)ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ပေးခဲ့ပြီး **အပြည်ပြည်ဆိုင်ရာ ဒီရေတော ဂေဟစနစ်ထိန်းသိမ်းရေးနေ့ကို "Raise Awareness of the Importance of Mangrove Ecosystem for Sustainable Conservation, Management and Uses" ''ဒီရေတောများ သားစဉ်မြေးဆက်ထိန်းသိမ်းအသုံးပြုနိုင်ရေး ပြည်သူလူထုအသိ ပညာမြှင့်တင်ပေး''**ဟူသော ဆောင်ပုဒ်ဖြင့် နှစ်စဉ်ကျင်းပခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း**''အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့''** ကို နှစ်စဉ် ကျင်းပလျက်ရှိသကဲ့သို့ ဒီရေတောများ စနစ်တကျစီမံအုပ်ချုပ်ခြင်းနှင့် ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံဒီရေတောများ စီမံအုပ်ချုပ်ခြင်း**

မြန်မာနိုင်ငံတွင် ဒီရေတောစီမံအုပ်ချုပ်မှုဆိုင်ရာ မဟာဗျူဟာနည်းလမ်း (၃) သွယ်ဖြစ်သည့် အဏ္ဏဝါသဘာဝထိန်းသိမ်းရေးနယ်မြေ (Marine Protected Areas) များဖွဲ့စည်းခြင်း၊ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်းနှင့်ဒီရေတောဂေဟစနစ်များ ပြန်လည်တည်ထောင်ခြင်းအားဖြင့် ဒီရေတောများကို သိပ္ပံနည်းကျစီမံအုပ်ချုပ်လျက်ရှိပါသည်။

အဏ္ဏဝါသဘာဝထိန်းသိမ်းရေးနယ်မြေ (Marine Protected Areas) **(၆)ခု၊ ဧရိယာ ၁၄၂,၆၆၁.၃၃ ဧက** ကို ဖွဲ့စည်းခဲ့ရာ သမီးလုကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မော့စကော့ကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ နံ့သာကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်နှင့် ကျွန်းနံ့သာအဏ္ဏဝါအမျိုးသားဥယျာဉ်တို့ကို တည်ထောင်နိုင်ခဲ့ပါသည်။

ဒီရေတောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို ဧရာဝတီတိုင်းဒေသကြီးတွင် (၈) ခု၊ ရခိုင်ပြည်နယ်တွင် (၆) ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၂၃) ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၈) ခု၊ မွန်ပြည်နယ်တွင် (၄) ခု၊ ပဲခူးတိုင်းဒေသကြီးတွင် (၁) ခု စုစုပေါင်း **(၅၀) ခု၊ ဧရိယာ ၇၆၅,၃၅၇.၅၄ ဧက**ကို တည်ထောင်ထားရှိပြီးဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်း**

သစ်တောဦးစီးဌာနအနေဖြင့် မြန်မာ့ဒီရေတောများ ပြန်လည်ပြုစုစိုက်ပျိုးခြင်းလုပ်ငန်းများကို ၁၉၈၁ ခုနှစ်မှ စတင်၍ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ်များ၌ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကမ္ဘာ့ကုလသမဂ္ဂအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် ဒီရေတောထိန်းသိမ်းရေးစီမံကိန်း အကူအညီဖြင့် မြန်မာနိုင်ငံတွင် ဒီရေအဝင်အထွက်ကို ထိန်းညှိနိုင်သည့် အမြဲတမ်းဒီရေတောပျိုးဥယျာဉ်များ (ပျိုးကန်တူး၍ ရေသွယ်မြောင်းဖြင့် ဒီရေဝင်ရောက်စေပြီး ရေတံခါးဖြင့် ရေပမာဏနှင့်ဒီရေဝင်ရောက်မှု အကြိမ်အရေအတွက်ကိုထိန်းချုပ်၍ ပျိုးထောင်သည့်စနစ်) တည်ထောင်နိုင်ခဲ့သည့်အပြင် ဒီရေတောသစ်မျိုးများ ပျိုးထောင်သည့်နည်းစနစ်များသည်လည်း အရှေ့တောင်အာရှနိုင်ငံများထက် ရှေ့တန်းမှ စတင်ဖွံ့ဖြိုးခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဒီရေတောစိုက်ခင်းများကို အသီးတောင့်/အစေ့ **တိုက်ရိုက်စိုက်ပျိုးခြင်း (Direct Sowing)**၊ ပျိုးအိတ်ဖြင့် ပျိုးထောင်ထားသည့် **ပျိုးပင်များ စိုက်ပျိုးခြင်း (Seedling)** နှင့် **ပျိုးခင်းတွင် ပျိုးထောင်ထားသည့်မြေလုံးမဲ့ ပျိုးပင်များ စိုက်ပျိုးခြင်း**

PDF Compressor Free Version

**(Naked Root)** စသည့် **နည်းလမ်း (၃)မျိုးဖြင့်** စိုက်ပျိုးပါသည်။ မြန်မာနိုင်ငံတွင် ဒီရေတောစိုက်ခင်းများ တည်ထောင်ရာ၌ စိုက်ပျိုးလျက်ရှိသည့် ကြီးမြန်သစ်မျိုးများမှာ **ပြူးခြေထောက် အဖို/အမ၊ ပြူးအုပ်ဆောင်း၊ ပြူးရွှေဝါ၊ မဝမ၊ သမဲ့ကြီး၊ သမဲ့ဖြူ၊ သမဲ့ကြက်တက်၊ ကန့်ပလာ၊ လမု၊ ကနစို၊ ကျနနှင့် အိပ်မသွယ်မျိုးများ** ဖြစ်ပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း (Myanmar Reforestation and Rehabilitation Program-MRRP) ကို ၂၀၁၇-၂၀၁၈မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ (၁၀) နှစ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိရာ ဒီရေတောစိုက်ခင်းများကို နှစ်စဉ်တည်ထောင်စိုက်ပျိုးလျက်ရှိပါသည်။

MRRP စီမံကိန်း အစီအစဉ်အရ **၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်၊ မိုးရာသီအထိ** ဒီရေတောစိုက်ခင်းများကို တနင်္သာရီတိုင်းဒေသကြီးတွင် (၃၆၀) ဧက၊ မွန်ပြည်နယ်တွင် (၂၀) ဧက၊ ရခိုင်ပြည်နယ် (၈၅၅) ဧက၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၄၀) ဧက၊ ဧရာဝတီတိုင်းဒေသကြီးတွင် (၂၀,၅၅၅) ဧက **စုစုပေါင်း (၂၁,၈၃၀) ဧကကို ဒီရေတောပင် ၂၆.၄ သန်းကျော်** စိုက်ပျိုး၍ တည်ထောင်ထားရှိပြီးဖြစ်ပါသည်။ **၂၀၂၅ ခုနှစ်၊ မိုးရာသီတွင်** ဒီရေတောစိုက်ခင်း **(၁,၃၁၅) ဧက** ကို တည်ထောင်စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး မုတ္တမကွေ့ရှိ ဒီရေတော Green Belt လိုင်းနောက်ဘက် (၁) ကီလိုမီတာအထိ ဒီရေတောများ **ဒုတိယ Green Belt စိုက်ပျိုးရန်** လမ်းညွှန်ချက်နှင့်အညီ **၂၀၂၄ ခုနှစ်၊ မိုးရာသီတွင် ဒီရေတောစိုက်ခင်း (၃၅) ဧကနှင့် ကွက်လပ်ဖြည့် စိုက်ပျိုးခြင်း (၁၆,၀၅၀) ပင် စုစုပေါင်း (၅၈,၄၀၀)ပင်** ကို သုံးခွမြို့နယ်၊ ဘိတ်သိတ်-မဟာ-သာသာ ဒီရေတောကြိုးပြင်ကာကွယ်တောအတွင်း စတင်စိုက်ပျိုးခဲ့ပါသည်။ ဒုတိယ Green Belt စိုက်ပျိုးမည့်စီမံချက် **(၂၀၂၅-၂၀၂၆ ခုနှစ်မှ ၂၀၂၉-၂၀၃၀ ခုနှစ်)** ကို ရေးဆွဲခဲ့ပြီး **ဒီရေတော စိုက်ခင်း (၅၀)ဧကနှင့် သစ်တောမြေပြင်ပတွင် လူထုလှုပ်ရှားမှု အသွင်ဖြင့် ဒီရေတောပင်နှင့် အရိပ်ရပင် စိုက်ပျိုးခြင်း (၂၈၀,၉၅၂) ပင်** ကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ **ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း အစီအစဉ် (Integrated Coastal Management-ICM)** ပထမ (၅)နှစ် စီမံချက် (၂၀၂၅-၂၀၂၆ ခုနှစ်မှ ၂၀၂၉-၂၀၃၀ ခုနှစ်အထိ)များကို ကမ်းရိုးတန်းတိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ရေးဆွဲထားရှိပြီး သစ်တောဦးစီးဌာနအနေဖြင့် ဒီရေတောထိန်းသိမ်းရေး လုပ်ငန်း (၁၃)မျိုးကို ဆောင်ရွက်လျက်ရှိပါသည်။

**ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးခြင်း၏ ရလာဒ်များ**

မြန်မာနိုင်ငံ၏ ဒီရေတောများအား သိပ္ပံနည်းကျ စီမံအုပ်ချုပ်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်း၊ ပြန်လည်တည်ထောင်စိုက်ပျိုးခြင်းနှင့် လူထုအသိပညာပေးခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုမြှင့်တင်ပေးခြင်း ရလာဒ်များအဖြစ် မြန်မာနိုင်ငံတွင် ဒီရေတောဖုံးလွှမ်းမှုများတိုးတက်လျက်ရှိကြောင်းကို FRA, 2025 ပဏာမအစီရင်ခံစာကိုအခြေပြု၍ လေ့လာသိရှိနိုင်ပါသည်။ ၂၀၂၀ ပြည့်နှစ် ဒီရေတောဖုံးလွှမ်းမှုကို ၂၀၂၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက **ဧရိယာ ၁၉၈,၉၆၈ ဧက** တိုးတက်လာကြောင်း တွေ့ရှိရပါသည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၅ခုနှစ် အတွင်း ကမ်းရိုးတန်းတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒီရေတောဧရိယာများတိုးတက်မှုကို အောက်ဖော်ပြပါဇယားဖြင့် တင်ပြအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၀ ပြည့်နှစ် ဒီရေတောဖုံးလွှမ်းမှု (FRA 2020) | ၂၀၂၅ ပြည့်နှစ် ဒီရေတောဖုံးလွှမ်းမှု (FRA 2025) | ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ် အတွင်း ဒီရေတောတိုးပွားလာမှု ဧရိယာ (ဧက) |
|---|---|---|---|---|
| ၁။ | တနင်္သာရီတိုင်းဒေသကြီး | ၆၃၄,၉၃၀.၉၂ | ၆၇၈,၃၇၇.၃၇ | ၄၃,၄၄၆.၄၅ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | ၃,၈၁၀.၁၃ | ၇,၅၇၆.၅၄ | ၃,၇၆၆.၄၁ |
| ၃။ | မွန်ပြည်နယ် | ၅,၃၉၄.၁၇ | ၅၃,၉၃၅.၆၇ | ၄၈,၅၄၁.၅၀ |
| ၄။ | ရန်ကုန်တိုင်းဒေသကြီး | ၅,၃၅၄.၄၅ | ၃၇,၉၉၉.၇၈၇ | ၃၂,၆၄၅.၃၄ |
| ၅။ | ရခိုင်ပြည်နယ် | ၂၇၅,၃၃၆.၁၈ | ၃၂၇,၀၉၄.၅၀ | ၅၁,၇၅၈.၃၂ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ၁၄၀,၇၆၁.၇၆ | ၁၅၉,၅၇၂.၄၅ | ၁၈,၈၁၀.၆၉ |
| | ပြည်ထောင်စုချုပ် | ၁,၀၆၅,၅၈၇.၆၁ | ၁,၂၆၄,၅၅၆.၃၁ | ၁၉၈,၉၆၈.၇၀ |

**၂၀၂၀ ပြည့်နှစ် မှ ၂၀၂၅ ခုနှစ်အတွင်း ဒီရေတောဧရိယာ တိုးပွားလာမှုအခြေအနေ**

စာမျက်နှာ (၃၁) သို့

# An old Forester Looks Back(36)

PDF Compressor Free Version

## Development of Industry in Myanmar

By

U Sein Thet, B.Sc(For), M.SC(ANU), MIFA

Director (Retired), Ex-Chairman, FREDA

Industrial development has been an important economic policy and development strategy of Myanmar over the past 80 years. In fact, plans were drawn up to develop the industrial sector even a year or two before gaining of Indepedence in 1948. The industrial development process began to gain momentum in the 1950s with the establishment of important industries in the public sector and numerous medium and small scale manufacturing industries in the private sector. owever, the industrial growth slowed down gradually after 1962 when the goverment introduced the socialist economic system and nationalized almost all private economic enterprises. The consequential econmic downturn has made Myanmar one of the least developed countries and eventually led to political unrest in the late 1980s.

There are many state-owned factories under the Ministry of Industry No.1 producing a variety of consumer goods such as, textiles and garments, foodstuffs and beverages, pharmaceuticals, soap and toilet goods, enamel wares, aluminium wares and steet products, cement, marble and porcelain wares, rubber goods, leather packing materials, pulp, paper and paints, jute carpets, etc. There are also several industries under the Ministry of Industry No.2. The private sector accounts for 14.1% of industrial output, and 8.8 % of labor employed in 2007.

The government has established 27 industrial zones since 1989, most of which are located in Yangon and Mandalay. The total number of established factories increase from 39802 in 1988 to 81176 by the end of September 2006. There are now more than a hundred thousand factories in Myanmar.

Despite the expansion of the industrial sector in the last three decades, industries in Myanmar are mainly small and medium enterprises with very limited use of modern machineries and environmentally sound technology.

There are many factories under the Myanmar General and Maintenance Industrie.

There are both thermal and hydro electrical power plants under the Ministry of Electrical Power.

There is a large number of timber mills, wood and wood-based industries under the Ministry of Forestry.

Under the Ministry of Mines, the Namtu Mines in Northern Shan State, the Bawsine Mines in Southern Shan State, the Yatanar Theingi Mines and the Myanmar Ivanhoe Copper Company Limited.

There are several kinds of industries under the Ministry of Cooperatives. Some industries including edible oil mills, sugar mills and ceramic factory have $CO_2$ and other gas emissions.

There are many private manufacturing industries of various sizes in the country, mostly in the industrial zones set up in Yangon, Mandalay and several big towns. According to the information provided by the Myanmar Industrial Association (MIA), there are altogether 9964 large scale factories registered under the Association. These factories were established in various industrial zones.

It is observed that a large segment of the industrial community in Myanmar is not fully aware of the industry-related environmental problems. Pollution problems resulting from gaseous wastes, waste water and solid wastes are not regarded as significant by most industries as information about these matters are not available due to the lack of monitoring facilities for monitoring air, water and land pollution regularly or comprehensively.

PDF Compressor Free Version

Except for new plants and factories set up in the recent years, there are many factories still using old machines and obsolete technologies. Moreover, their boilers, ventilation system, factory layout, and wastes disposal system need to be upgraded. Several industries have boilers emitting gaseous waste but have no chimmeys. Similarly some factories have waste water but have no proper drainage system.

Most industrial zones lack basic infrastructure and modern facilities. One of the problems faced by factories in the industrial zones is the absence of constant power supply. Frequent power failure has made almost all factories to keep and use power generators that use diesel or gasoline. These generators cause noise pollution, emit hazardous gases and increase the cost of production. Individual or central waste water treatment system and proper waster water disposal facilities are also lacking in most industrial zones. The need for better transportation and communication system is most essential to promote the industrial sector in Myanmar. Enviromentally safe and sound mode of transportation should be promoted.

Environmentally Sound Technologies are essential for climate change mitigation and adaptation purposes. The needs for EST vary from sector to sector and from industry to industry. According to the Technical Need Assessment, (TNA)it is obvious that many industries in Myanmar are in need of the environmentally sound technology.

Due to financial, technical and institutional constraints it would be difficult for most industries to introduce EST. Therefore, financial and technical supports from the government as well as from the multilateral and bilateral sources are necessary for the transfer of technology and for capacity-building. Clean Development Mechanism (CDM) projects for the development and transfer of EST should be formulated and implemented in Myanmar as soon as possible.

*****************

စာမျက်နှာ (၂၉) မှအဆက်

နိဂုံး

မြန်မာနိုင်ငံ၏ ဒီရေတောဂေဟစနစ်များသည် ကမ်းရိုးတန်းဒေသနေ ပြည်သူများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများမှ တားဆီးကာကွယ်ပေးလျက်ရှိသဖြင့် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်များရရှိရေးကို အထောက်အကူပြုလျက်ရှိပါသည်။ အာဆီယံဒေသအတွင်းရှိ အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည် ၁၉၉၀ ခုနှစ်များအတွင်း ဒီရေတောအတွင်း စိုက်ပျိုးမြေချဲ့ထွင်မှုများ၊ ငါးကန်၊ ပုစွန်ကန်ကျူးကျော်မှုများ၊ ထင်းလောင်စာထုတ်လုပ်မှုများကြောင့် ပျက်စီးမှုများ ကြုံတွေ့ခဲ့ရသော်လည်း အခြားနိုင်ငံများကဲ့သို့ ပြန်လည်မျိုးဆက်ရန် မဖြစ်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ခြင်းမရှိဘဲ ပြန်လည်ထူထောင်နိုင်သည့် အနေအထားဖြင့်သာ ကျန်ရှိလျက်ရှိပါသည်။ အာရှဒေသအတွင်း လူတို့၏ ဖျက်ဆီးမှုမရှိဘဲ သဘာဝအခြေအနေတိုင်းတည်ရှိသည့် ဒီရေတောများကျန်ရှိမှုအလွန်နည်းပါးသော်လည်း မြန်မာနိုင်ငံ၊ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ **လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်းရှိ ဒီရေတောများသည်** သဘာဝအခြေအနေအတိုင်း တည်ရှိသည့် ဒီရေတောများအဖြစ်ကျန်ရှိလျက်ရှိသည့်အပြင် **အာရှဒေသအတွင်း ကာဗွန်သိုလှောင်မှုအမြင့်ဆုံးအခြေအနေ** တွင် တည်ရှိပါသည် (Win Maung Aye and Shinya Takeda, 2020)။

ထို့ကြောင့် မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဒီရေတောများအပါအဝင် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများသည် ဒေသတွင်းနိုင်ငံများထက် ပိုမိုကြွယ်ဝသည့် အနေအထားတွင်ရှိပြီး ဒီရေတောသယံဇာတများ အခြေပြု၍ နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခွင့်အလမ်းများစွာ တည်ရှိဆဲဖြစ်ပါသဖြင့် သားစဉ်မြေးဆက်ရေရှည်ထိန်းသိမ်း အသုံးပြုနိုင်ရေးအတွက် ဒီရေတောများကို စနစ်တကျ ထိန်းသိမ်းစိုက်ပျိုးရေးနှင့် ပြည်သူလူထုအသိပညာနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပေးနိုင်ရေးအတွက် ''အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့'' အထိမ်းအမှတ်အခမ်းအနားများကို သစ်တောဦးစီးဌာနမှ နှစ်စဉ်ကျင်းပ ဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါသည်။

*****************

PDF Compressor Free Version

# CITES Implementation in Myanmar: Suggestion for bilateral cooperation

**Ms. Daw Khin Nyein San[a] Ms. Zheng Youmiao[b]**

a. **Staff Officer, Nature and Wildlife Conservation Division, Forest Department, Myanmar**

b. **Executive Chief, International Cooperation Division, China National Bamboo Research Center, China**

Introduction

The illegal wildlife trade (IWT) is a complex and alarming global industry generating approximately $20 billion annually, threatening biodiversity and undermining conservation efforts while impacting economies and sociopolitical structures worldwide. The consequences of IWT impede progress towards several United Nations Sustainable Development Goals, particularly those focused on terrestialland and aquatic life, by fostering unsustainable practices and threatening ecological balance (Osorio, 2024). According to the fifth Global Biodiversity Outlook (GBO-5) and the Intergovernmental Science-Policy Platform on Biodiversity and Ecosystem Services (IPBES), the Convention on International Trade in Endangered Species of Wild Fauna and Flora (CITES) plays a crucial role in addressing the global species extinction crisis.

Myanmar, spanning an impressive total land area of 677,577 square kilometers, is renowned for its remarkable floral and faunalfauna diversity, and its ecosystem services provide livelihoods for the local population. Myanmar, as an active member of the Association of South-East Asian Nations (ASEAN), has taken significant steps towards engaging in regional agreements that focus on the critical issue of biodiversity conservation. Beyond regional commitments, Myanmar has also aligned itself with several key international biodiversity frameworks, including the Convention on International Trade in Endangered Species (CITES), the Convention on Biological Diversity (CBD), the World Heritage Convention (WHC), and the Ramsar Convention on Wetlands.

However, it faces numerous threats that require immediate and sustained conservation efforts to preserve its natural heritage for future generations.

- Deforestation: Rapid logging and agricultural expansion have led to significant forest loss, threatening many species and their habitats.
- Illegal Wildlife Trade: Illegal wildlife Trafficking is a major threat, with many species facing population declines.
- Climate Change: Rising temperatures and changing weather patterns are impacting habitats and species distribution.
- Infrastructure Development: Road construction and urbanization further fragment habitats.

**CITES Implementation in Myanmar**

The illegal trade of endangered wildlife poses a significant threat to biodiversity in Myanmar. As valuable wildlife species have been depleted in neighboring countries, Myanmar is increasingly being seen as a source for wildlife products (NBSAP, 2015). CITES is an international agreement aimed at ensuring that international trade in wildlife and plant species does not threaten their survival. To conserve biodiversity and enhance international collaboration, Myanmar became a party to CITES in 1997, and commercial import and export of the endangered wild flora and fauna are regulated in accordance with the Convention. Since the onset of its membership, Myanmar has intensified its efforts to fulfill the obli-

gations of the Convention, and Myanmar is listed as a "Category 2" country under the Convention for the enactment of National Legislation Project following CITES regulations (CITES, 2025).

PDF Compressor Free Version

For countries (Pparties) that are signatories to CITES, there are several necessary implementations and obligations they must comply with. By adhering to these implementations, CITES Pparties work towards the conservation of endangered species and ensure that international trade does not threaten their survival. To fulfill the obligations of CITES, the Myanmar Forest Department, which is the major institution involved in combating illegal wildlife trade, regulated the commercial import and export of the endangered wild flora and fauna in accordance with the Convention by:

- Amendment of "The Protection of Wildlife and Protected Areas Law (1994)" with "The Conservation of Biodiversity and Protected Areas Law (CBPA Law)" on May 21, 2018. The CBPA Law includes provisions linked to CITES.
- Designating the Director General of the Forest Department as a CITES Management Authority (MA) and increasing the number of Scientific Authorities (SA) by designating experts as SA in charge of Terrestrial Animals, Plants, Fish and Aquatic Species.
- Issuance of CITES Import, Export and Re-Export permits following the guidelines of the Convention.
- Implementation of the Community Monitoring and Reporting System (CMRS) for tracking forest and wildlife crimes and real-time reporting and monitoring.
- Submitting CITES Annual Reports to the CITES Secretariat to report on implementation of CITES, including trade data, enforcement actions, and compliance with CITES requirements.
- Conducting public awareness campaigns (e.g. the Voices for MOMOS program; the closure of illegal markets in Yangon Region and the opening of the Myanmar Elephant Museum to raise awareness of wild elephants were conducted in 2019).
- Participating in the international negotiations regarding the Convention's regulations, Conference of Parties (COP), meetings, and seminars.
- Organizing capacity building programs for government officials from the Forest Department, the Myanmar Police Force, and the Customs Department.
- Developing National-level species conservation action plans for more effective conservation of ecosystems and endangered species. The Forest Department and WWF-Myanmar have developed the National Action Plan on Combatting Illegal Wildlife Trade(2021-2025).
- Set out targets and action in the NBSAP (2015-2020) Aichi Target 12: By 2020, the extinction of known threatened species has been prevented and their conservation status, particularly of those most in decline, has been improved and sustained (NBSAP, 2015)

| Target and Action | | Lead |
|---|---|---|
| **Target 12.1:** | **By 2020, the conservation status of priority, globally threatened species in Myanmar has improved** | |
| Action 12.1.1 | Pilot and scale up conservation and research initiatives for priority species | FD, DOF |
| Action 12.1.2 | Expand programmes to establish assurance colonies, captive breeding and wild release programmes of threatened tortoises and freshwater turtles | FD |
| Action 12.1.3 | Integrate conservation of wide-ranging species and species with very fragmented distributions into local, regional and national landscape planning | FD |
| **Target 12.2:** | **By 2020, the illegal wildlife trade in Myanmar has been substantially reduced** | |
| Action 12.2.1 | Fully implement and enforce the requirements of the CITES Convention through national legislation. | FD |
| Action 12.2.2 | Build the capacity of law enforcement authorities to enforce wildlife trafficking regulations, including through involvement in ASEAN-WEN | FD |
| Action 12.2.3 | Implement alternative livelihood programmes to reduce the dependence of key communities on illegal wildlife trade | FD, I/NGOs, TRAFFIC |
| **Target 12.3:** | **By 2020, a National Red List of selected taxa has been produced** | |
| Action 12.3.1 | Conduct Red List assessments for key taxa, with a particular focus on endemic species | FD, I/NGOs, Universities |
| Action 12.3.2 | Hold training workshops to build capacity on application of the Red List categories and criteria | FD, I/NGOs |

PDF Compressor Free Version

| Target 12.4: | By 2020, conservation status of migratory species has been improved | |
|---|---|---|
| Action 12.4.1 | Increased documentation of transboundary species in Myanmar and increased collaboration with appropriate international agencies through exchange of information on migratory species between relevant in-country and international organizations | FD, I/NGOs |
| Action 12.4.2 | Prepare a species conservation action plans to protect endangered migratory species, including marine turtles and mammals, migratory birds and sharks, and to sustain the ecological health of their corridor | FD, DOF, I/NGOs |
| Action 12.4.3 | Provide field sites for research (wetland ecosystems), monitoring (migratory birds), education and training | FD, I/NGOs |

## Suggestions for bilateral collaboration

Recent research has increasingly highlighted Myanmar}s pivotal role as both a source and transit point for illegal wildlife trade within Asia, driven largely by the dual forces of domestic consumption and the insatiable demand from neighboring countries such as China and Thailand, as noted by (McEvoy, et al., 2022) . While some information regarding the illegal wildlife trade in Myanmar is available, there are still substantial gaps, especially concerning domestic markets and the connections between internal and border trade (McEvoy, et al., 2022). The persistent illegal wildlife trade significantly endangers the survival of numerous species, including wild sheep, goats, and pangolins, particularly in areas near border markets. To combat this pressing issue, it is crucial to enhance initiatives that target illegal trafficking and foster close collaboration between Myanmar authorities and international partners, especially in border regions with China and Thailand (Shepherd, et al., 2022).

China is a key player in the global wildlife trade, both legal and illegal, particularly in its interactions with Southeast Asia (SEA), which serves as a crucial source and transit hub for wildlife products. Although various enforcement measures have been put in place to combat this trade, the effectiveness of international legal cooperation and policy coordination between China and SEA countries is often hindered by numerous challenges. To address these issues, China has actively sought to collaborate with SEA nations, advocating for enhanced legal cooperation under the United Nations Convention against Transnational Organized Crime (UNTOC) to tackle wildlife trafficking networks more effectively (Jiao, et al., 2021). Capacity building is one of the critical areas that China has been supporting SEAs to enhance their knowledge and expertise in illegal wildlife trade and CITES implementation. China National Bamboo Research Center, situated in Hangzhou, has been working as a leading agency in organizing capacity-building seminars for government officials who are working in the field of wildlife conservation, illegal wildlife trade, and CITES, with the participation of experts and major institutions related to CITES implementation in China.

Improving CITES implementation and law enforcement through bilateral cooperation can be a crucial step in protecting wildlife and their habitats. Bilateral cooperation on CITES implementation and law enforcement can yield significant benefits for wildlife conservation. Combining resources, expertise, and commitment from both nations can create a more effective approach towards safeguarding endangered species and fostering sustainable practices. Urgent action and international cooperation are vital for the conservation of these species, with a specific emphasis on strengthening collaboration between Myanmar and Chinese CITES authorities to effectively tackle cross-border illegal trade (Nijman, et al., 2016) , emphasizing on the following thematic areas;

- Estimation of wildlife population
- Preparations for Updating Conservation Plans
- Strategic Elephant Conservation using local knowledge
- Transboundary habitat conservation
- Establishment of a national wildlife crime database
- Development of a monitoring system for illegal trade of priority wildlife species
- Capacity Building

## 6. References

Abdullah Fauzi, N. A., Othman, N., Haris, H., Sariyati, N. H., Ramli, F. F., Sufahani, S. F., . . . Maryanto, I. (2024). Utilization Practices and Conservation Impacts of Endangered Wildlife in Asian Countries. BIO Web of Conferences, 94.

PDF Compressor Free Version

# လူကောင်းတင်

တင်စိုး(BFS)

"ဂေါက်....ဂေါက်..."

ဓါးတိုက်ဘေးနှင့် သစ်သားဓားအိမ်ရိုက်ခတ်သံက အသံမြည်လျက်။ နေထွက်နေပြီဖြစ်သော်လည်း တောတန်းမှာ အအေးဓာတ်လွှမ်းမိုးနေဆဲ။

"ဒေါက်...ဒေါက်... တောက်...တောက်...တောက်"

"ရှပ်.....ရှပ်.....ရှပ်..."

တောစီးဖိနပ် ရှပ်တိုက်သံက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သဖြင့် အစာအလို့ငှါသစ်ပင်ကို နှုတ်သီးနှင့်ထိုးဆွနေသော သစ်တောက်ငှက်အသံ ရပ်တန့်သွားလေသည်။

"ဖလပ်...ဖလပ်... ဖလပ်..."

လူရိပ်လူယောင်ကြောင့် သစ်တောက်ငှက်ငယ်အဝေးကို ထွက်ပြေးသွား၏။ သစ်ဆိမ့်ပင်အရင်း ဝါးရုံတောစပ်တွင် ရှဥ့်ထောင်ဝါးကပ်ပိက ပြုတ်ကျနေလေသည်။ ရှဥ့်သေများတွေ့လေမလားမျှော်လင့်ချက်ဖြင့် ကပ်ပိကိုကျွန်တော် အသာမ..ကြည့်မိသည်။ ရှဥ့်စာသီတံထိုး တောငှက်ပျောသီးပိုင်းက ခြောက်လျှက်။

"ကိုမျိုးမြင့်..ပြန်မထောင်ထားဘူးထင်တယ်.."

တောတန်းအလွန် ယာခုတ်ကွက်အစပ်မှ ကိုမျိုးမြင့်၏တဲကုပ်လေးသို့ ကျွန်တော်ရောက်လာသည်။ တဲရှေ့မီးဖိုတွင် ဝါးညှပ်ဖြင့် ကင်ထားသော ရှဥ့်ကင်နှစ်ကင်မှ အသားကင်အနံ့မွှေးလျှက်။ ယက်ထုတ်ထားသော ပြာပေါ်တွင် ထမင်းအိုးတစ်လုံး၊ ဖုံးအုပ်ထားသော ဒယ်ပိုင်းတစ်ခု။

ပလတ်စတစ်မိုးကာမိုးထားသော လေးတိုင်စင်အောက်တွင် အခင်းဝါးကွပ်ပစ်ပေါ်၌ သိမ်းဆည်းခြင်းမရှိသော အရောင်မပေါ်သည့် အိပ်ယာ၊ ခြင်ထောင်၊စောင်တို့၏ဘေးမှာ ဝါးဆေးလိပ်ခွက်အတွင်း ကြယ်နီဆေးလိပ်တိုနှင့် ပြာများပြန့်ကျဲလျက်။ တဲဘေးဝါးစင်ပေါ်တွင် ဂုန်နီအိတ်နှင့် ထည့်ထားသော ဆန်ကွဲအရောနှင့် စိုက်ခင်းကထုတ်ပေးသည့် ငစိန်ဆန်တစ်ပြည်ခန့်၊ ဖြန့်ခင်းထားသော ငှက်ပျောရွက်ပေါ်တွင် ခရမ်းချဥ်သီးဆယ်လုံးနှင့် စိမ်းစားငါးပိဘူး၊ ပလတ်စတစ်နှင့်ထုပ်ထားသည့် နနွင်းမှုန့်နှင့်ဆားထုပ်တစ်ထုပ်စီ ဘီလပ်ရည်ပုလင်းနှင့် ထည့်ထားသော စားဆီဖင်ကပ်တစ်ပုလင်းသည် ကိုမျိုးမြင့်၏အဆောင်အယောင်များ ဖြစ်လေသည်။ တဲရှင်ကိုမျိုးမြင့်ကိုမမြင်မိ။

"ဘယ်များ...သွားနေပါလိမ့်..."

ကျွန်တော့်စစ်သုံးဘေးလွယ်အိတ်ထဲမှ ကိုမျိုးမြင့်တို့အတွက်ယူလာသော ဘီအီးအဆီ တစ်ပိုင်းထုတ်၍ အိပ်ယာခေါင်းရင်းမြေပြင်တွင် ထောင်လိုက်၏။ အုတ်တွင်းကြယ်နီဆေးလိပ်တစ်စည်းကို အိပ်ယာဘေးထားလိုက်သည်။

"ရှပ်...ရှပ်...ရှပ်..."

တောင်ယာခုတ်ထားသော စိုက်ခင်းလမ်းမှ ဝါးရွက်ခြောက်နင်းသံနှင့်အတူ ကြသောင်းဝါးရေဘူးထမ်းလျှက် စစ်အင်္ကျီနွမ်း၊ စစ်ဘောင်းဘီအပြဲတွင် ခါးပတ်ကြိုးအစား လျှော်ကြိုးဖြင့် စည်းထားပြီး ယာခုတ်ဓားမ ခါးထိုးလျှက် ကိုမျိုးမြင့်ပေါ်လာသည်။

"တောခေါင်းလေး...ရောက်လာပြီလား..."

"ဟုတ်တယ်... ကိုမျိုးမြင့်ရေ...ကိုမျိုးမြင့်မှာထားတဲ့ ဘီအီးအဆီနဲ့...ကြယ်နီလည်းပါလာတယ်..."

"အတော်ဘဲ တောခေါင်းလေးရေ...ရှဥ့်နှစ်ကောင်ရလို့ကင်ထားတယ်...အဘသီလည်း ခေါ်လိုက်ဦးမယ်..."

ကိုမျိုးမြင့်နှင့် အဘသီတို့သည် ကျွန်တော်တို့ကျွန်းစိုက်ခင်းမှ ယာသမားများဖြစ်ကြ၏။ အဘသီမှာ အောင်လံနယ်ဘက်ကဖြစ်ပြီး အရှေ့ပဲခူးရိုးမကျွန်းစိုက်ခင်းစီမံကိန်းစတင်သည့်အခါ ရမည်းသင်းခရိုင်၊ စိုက်ကွက်အမှတ်သုံးလေးသုံး၏ ဖုတာဝန်ခံဆရာဦးစိုးမြင့်မှသွားရောက်ခေါ်ဆောင်လာသည့် တောင်ယာလုပ်သားဖြစ်ပြီး၊ ကျွန်တော်သစ်တောဦးစီးဌာနတွင် တောခေါင်း တာဝန်ထမ်းဆောင်သည့် တောင်ညိုကြိုးဝိုင်းတွင် ယာခုတ်နေခြင်းဖြစ်သည်။ ကိုမျိုးမြင့်က ပျဉ်းမနားသား၊ မိဘညီအစ်ကို မောင်နှမရှိသော်လည်း မူးယစ်ဆေးဝါးမှုနှင့်ထောင်ကျခဲ့သဖြင့် ဇာတ်မြုပ်၍ သစ်တောစိုက်ခင်းတွင် လာရောက်လုပ်ကိုင်နေသူ၊ တောင်ယာခုတ်မကျွမ်းကျင်သော်လည်း တာဝန်ကျေအောင်ကြိုးစားလုပ်ကိုင်၏။

တောင်ယာခုတ်သည့်အလုပ်သည် ပင်ပန်း၏။ မိမိခုတ်ကွက်တွင် ရှေးဦးစွာ အောက်ပေါင်းအပင်ငယ်နှင့်ဝါး (ကြသောင်း၊ တင်း၊ မြင်ဝါး) နှင့် နွယ်များကို ယာခုတ်ဓားဖြင့် ဒူးအထက်မကျော်စေဘဲ တဖက်သတ်လှဲရသည်။ တောင်စောင်းများတွင် ဝါးအဖျားများက အနိမ့်ပိုင်းသို့လှဲချပြီး ထိုအပေါ်မှ သစ်ပင်ငယ်များဖိရသည်။ ဓား၊နန်းပြား (သစ်ခုတ်ရဲဒင်း) မနိုင်သောသစ်ပင်ကြီးများအား နောက်ဆုံးမှ လေးပေ၊ ခြောက်ပေ၊ ရှစ်ပေ ငါးမန်းလွှများဖြင့်လှဲ၍ ဖြတ်တောက်ပြီး ကိုင်းဖျားကိုင်းနားကအစ ခုတ်စင်းရ၏။ သို့မှသာတောင်ယာမီးရှို့လျှင် မီးနာပေလိမ့်မည်။ မီးနာမှသာလျှင် စိုက်သည့်ကျွန်းပင်ရှင်သန်ကောင်းမွန်၍ ကျွန်းစိုက်ခင်းကောင်းဖြစ်မည်။

အဘသီနှင့် ကိုမျိုးမြင့်သည် ယာနီးနားခြင်းဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦးတဲခြင်းအလှမ်းမကွာဘဲ ကူညီလုပ်ကိုင်ကြသည်။ အဘသီသည် ကိုမျိုးမြင့်၏ တောင်ယာခုတ်ဆရာဖြစ်၏။

PDF Compressor Free Version

''အဘသီ...ဒီမှာ တောခေါင်းလေးရောက်နေပြီ... လာခဲ့ပါဦး...''

''အေး...အေး...လာခဲ့မယ်...''

ကိုမျိုးမြင့်တစ်ယောက် ထမင်းကျန်များ သံဇလုံတွင်ထည့်၍ ထမင်းအိုးဆေးကာ ရေနွေးအိုးတည်၏။ရေနွေးပွက်သော် ဝါးကျည်တောက်ပိုင်းထဲသို့ စင်ပေါ်မှ တစ်ကျပ်တန် မဲညစ်နေသော ရွက်သစ်လက်ဖက်ခြောက်ထည့်၍ ရေနွေးခပ်လိုက်ပြီး ကျန်ရေနွေးကို အဖုံးဖွင့်ပြီး အအေးခံထားလိုက်သည်။

''တောခေါင်းလေး...ဒီတဘက်စောင်ပါလာရင်.. တစ်ထည်လောက်ချန်ပေးပါဦး...ပြာသိုလဆိုတော့ အရမ်းအေးတာ...ည...ည မီးထည့်တာတောင်အေးလွန်းလို့..ရှိတဲ့စောင်စုတ်လေးကလည်း..ရှေ့ကခြုံ..နောက်ကမလုံ ဖြစ်နေပြီ ''

အဘသီက ရောက်ရောက်ခြင်း စောင်ကိစ္စပြောလာသည်။ ကျွန်တော်တို့စိုက်ခင်း မင်းကြီးဆရာဦးခင်လှိုင်မှ စိုက်ခင်းဆန်အပြင် ငါးပိ၊ ကြက်သွန်၊ ဆီ၊ ဆားနှင့်မုံ့ရှာဂွမ်းစောင်များပါပို့ပေးထားပြီး စိုက်ခင်းငွေထုတ်၍ လုပ်အားခပေးလျှင် ပြန်ဖြတ်သည့်စနစ်ဖြင့် ယာသမားများအား ရောင်းချပေးသည်။

''ဟုတ်ကဲ့ အဘသီ...ကျွန်တော်ယူလာခဲ့မယ်....''

ကိုမျိုးမြင့်က စစ်သုံးမတ်ခွက်ဆေး၍ ဘီအီးဆီလက်နှစ်လုံးတွင် ရေကျက်အေး အပြည့်စပ်လိုက်သည်။ ဒယ်အိုးဆေး၍ မီးဖိုပေါ်တင်ကာ ဆီနည်းနည်းထည့်ပြီး ရှဥ့်ကင်ဖြုတ်ကာ ခုတ်ထစ်၍ ဆီနှင့်လှိမ့်ကြော်လိုက်သည်။ ရှဥ့်ကြော်မွှေးရနံ့က ကျွန်တော့်ကို သွားရည်ယိုစေသည်။ အဘသီက ဝါးဆစ်ခွက်သုံးခွက်တွင် စပ်ရည်ဘီအီးအရက်လက်နှစ်လုံးခန့်စီထည့်လိုက်သည်။

''ရော့...တောခေါင်းလေး...''

ဝါးခွက်ထဲမှဘီအီးရနံ့သင်းသင်းလေးကို ရှူရှိုက်လိုက်၏။ ကျွန်တော်က အူရိုင်းမို့ အရက်သိပ်မသောက်နိုင်၊ သို့သော် ယခုလိုအမြည်းကောင်းလျှင်မူမငြင်းပေ။ ဝါးခွက်အလွတ်တစ်ခုအတွင်း ဝါးဆစ်ဘူးမှရေငှဲ့ထည့်၍ ဝိုင်းအလယ်ချလိုက်သည်။ တဲရှေ့မြေပြောင်ပြောင်တွင် ဒန်အိုးအဖုံးပေါ်၌ ရှဥ့်ကြော်ထည့်၍ ကျွန်တော်တို့ယမကာဝိုင်းစလိုက်၏။

ဘီအီးတစ်မြုံ့ပူနွေးချိုလေးက လည်ချောင်းကိုဖြတ်စီးသွားသဖြင့် ရေတစ်ငုံလိုက်မျောချရင်း ရှဥ့်အသားတစ်ဖတ်နှင့် အမြန်ဖြေလိုက်၏။ ကောင်းလိုက်သည့်ဖြစ်ခြင်း။ ရေလည်း ရောဦးမှ ''ရေမရောရင် အသေစောမယ်'' ဆိုထားတယ်မဟုတ်လား။

''ကိုမျိုးမြင့်အခင်းထဲ...ဟိုး....စောင်းက မတ်တတ်ပင်တွေ ...မလှဲရသေးဘူးလား''

''ဟုတ်တယ်...တောခေါင်းလေး...အပေါ်ပင်ကခုတ်လှဲပြီးပေမယ့်...အောက်အပင်မပြတ်တပြတ်မှာ မေးတင်ပြီး...မလဲဘူးဖြစ်နေတယ်...ကမ်းပါးစောင်းမို့ခြေကုပ်မရဘူးဖြစ်အောင်တော့ လှဲမှာပါ...''

''မောင်မျိုးမြင့်ရေ သတိတော့ထားနော့် အဲသည်အပင်မျိုးက လဲပြီးအပင်တုံးလုံးဖြစ်နေလို့ လူကောင်တင်လို့ခေါ်တယ်...ခိုက်တတ်တယ်...မင်းတစ်ယောက်တည်း ရမ်းမလုပ်နဲ့နော်...''

''ဟုတ်လား အဘသီ...ခိုက်တတ်တယ်လား...''

အဘသီအပြောကို ကျွန်တော်ဆက်မေးမိသည်။

''သစ်ခုတ်တာတို့...သစ်စုတာတို့မှာ.... မလုပ်သင့်မခုတ်သင့်တဲ့သစ်တွေရှိတယ်...အခိုက်တွေပေါ့...တောခေါင်းလေး''

''ပြောပါဦးအဘရဲ့...ကျွန်တော်တို့ဗဟုသုတရအောင်''

''အင်း...ပြောရမယ်ဆိုရင်တော့...''

''သိမ်း..စွန်..ခင်ပုတ် နေတောအုပ်...သစ်ခုတ်မပြုအပ်တဲ့...လင်းတ...မိစ္ဆာ...သစ်ယုတ်မာ...နေရာ မခုတ်အပ်တဲ့...''

''ဩော်...အဲဒီလိုငှက်တွေ...နေတဲ့နေရာက သစ်ဆို...မသုံးရ မခုတ်ရဘူးပေါ့...''

ကျွန်တော် စကားထောက်လိုက်သည်။

''ခုတ်ခါတွဲလွဲ ပေါ်မှာဆွဲ.....ဆွဲချသစ်ဟုမှတ် ...ဆွဲချသစ်များသုံးဆောင်ငြား...ပျက်ပြားသေဆုံးတတ်''

''ထက်ကြီးအောက်ရှူး...အနေထူး...ဘီလူးသစ်ဟုမှတ်..ဘီလူးသစ်တွင် နေခဲ့လျှင်...လင်နှင့်မယား သေဆုံးအံ့တဲ့''

''ကြောက်စရာကြီးနော်...''

''လမ်းကိုလွန်ကြူး..ချောင်းကိုကူး.. လမ်းချောင်းကူးဟုမှတ်..လမ်းချောင်းကူးမှာ နေခဲ့ပါ..ငါးဖြာရန်တွေ့တတ်''

''ခုတ်ပြီးပေါ်တွင် နေခဲ့လျှင်...လူကောင်တင်ဟုမှတ် လူကောင်တင်ရာ သုံးခဲ့ပါ...မသာချရတတ်...လို့ဆိုတယ်...''

''ကိုင်းခက်ပေါ်တွင် ချိတ်ခဲ့လျှင်...မည်တွင် သစ်မျောက်မှတ်...သစ်မျောက်ကိုလည်း သုံးဆောင်စွဲ...ချွတ်လွဲ

PDF Compressor Free Version

လိမ့်ကျတတ်...''

''အလယ်ကျမှ ထိုသစ်မှ...ပေါ်ယူ နယ်မှုမျက်... နပုန်းသစ်များ သုံးဆောင်ငြား...ကြီးမားဘေးတွေ့တတ်...''

''နွယ်ပင်တက်သွားထိုသစ်များ နဂါးဟူ၍မှတ် ....နဂါးသစ်များ သုံးဆောင်ငြား...စီးပွားရန်တွေ့တတ် ..... ဖွတ်တက်...ဗျိုင်းနား ဥပဒ်များ...ထင်ရှားဖြစ်လာတတ်လို့ ဆိုတယ် တောခေါင်းလေးရေ...''

''ခိုက်တတ်တာကလည်း များသားပဲ...အဲဒီ လူကောင်တင် သစ်ပင်တော့...ခက်ရင်မလုပ်နဲ့နော်...ကိုမျိုးမြင့်...မီးနဲ့တိုက်ချတာပေါ့...''

အသောက် ကောင်း၊ အမြည်းလည်း ကောင်း၊ စကားလည်း ကောင်းမို့ ရှဉ့်နှစ်ကောင်ကုန်မှပဲ ကျွန်တော် စခန်းသို့ ပြန်ခဲ့ပါတော့သည်။

\+ + + + +

''ဘယ်လိုဖြစ်တာလဲ အဘသီရယ်...ကိုမျိုးမြင့်ကို မလှဲနဲ့လို့...ကျွန်တော်ပြောခဲ့သားဘဲ...''

ဖျာကြမ်းပေါ်တွင် သွေးစွန်းစောင်ဖြင့် ပတ်ထုပ်ထားသော ကိုမျိုးမြင့်အလောင်းကိုကြည့်ရင်း ကျွန်တော် မချိတင်ကဲဖြစ်လျက် မျက်ရည်များပင် ပိုးပိုးပေါက်ပေါက် ကျမိသည်။

''အဘလည်းပြောပါတယ် ...မင်းတစ်ယောက်တည်း မလုပ်နဲ့..အဘကိုလာပြောလို့...အဲဒါ ပျဉ်းကတိုးသစ်မို့ရောင်းလို့ရမှာဘဲဆိုပြီး လောဘတက်နေတာ...မနက်က ဝုန်းကနဲ သစ်ပင်လဲသံကြားပြီး...အသံနက်ကြီးနဲ့ အော်သံကြားလို့..... ပြေးသွားတော့ သစ်ပင်ထောင်ရိုက်ပြီး...ချောက်ထဲမှာ ခေါင်းစိုက်နေလို့...အဖွဲ့တွေခေါ်ပြီး သစ်ပင်ဖယ်ကြည့်တော့... မောင်မျိုးမြင့် အသက်မရှိတော့ဘူး...တောခေါင်းလေးရယ် ...မိုက်လိုက်တဲ့ကလေး...ဒီအပင်က လူကောင်တင်မို့... ခိုက်တတ်တယ်လို့ သေချာပြောထားရက်နဲ့...မကြောက်မရွံ့... အီး...''

''ကဲ...ကဲ...နေစောင်းသွားရင် မကောင်းဘူး.....'' နယ်မြေရဲစခန်းကလည်း လူသေမှုအတည်ပြုပြီးပြီဘဲ..... တောထဲမို့ သက်ပျောက်ဆွမ်းမကပ်နိုင်ပေမယ့် မနက်ဖြန် ဘုန်းကြီးကျောင်းဆွမ်းချိုင့်ပို့ပြီး ကိုမျိုးမြင့်အတွက် အမျှအတန်းဝေကြတာပေါ့...အခုတော့ သူ့တဲနဲ့နီးတဲ့ တောတန်းလေးမှာဘဲ သင်္ဂြိုလ်လိုက်ကြရအောင်...သူ့အိမ်ကိုတော့ အကြောင်းကြားရမှာဘဲ...''

စိုက်ခင်းတာဝန်ခံ တောအုပ်ကြီး၏ စကားအဆုံးမှာ ကိုမျိုးမြင့်၏ အလောင်းအား သူ့အိပ်ယာ၊ သူ့ဖျာဖြင့် လိပ်၍ ဝါးလျှိုလျှက် ခြေရင်းကိုရှေ့မှာထားကာ ယာသမားများ ထမ်းပိုးလိုက်ကြသည်။

''ခွမ်း...''

တဲကအထွက် သောက်ရေအိုးတစ်လုံးကို ခွဲလိုက်သည့်အသံက သူနေခဲ့သည့်တဲလေးနှင့် ကိုမျိုးမြင့်ကို သံယောဇဉ်ဖြတ်ခိုင်းလိုက်ကြ၏။ ဝါးဆစ်ခွက်ညောင်ရေအိုးတွင် သပြေနှင့်တောပန်းလေးများကို ယာသမားတစ်ယောက်က ရှေ့ကကိုင်၍ ကိုမျိုးမြင့်ခေါင်းချမည့် တောတန်းလေးသို့ တိတ်ဆိတ်ခြောက်ကပ်စွာ ထွက်လာကြသည်။ ဆွေမျိုးမဲ့သော၊ ငိုသူမရှိသောအသုဘက ကျွန်တော့်ရင်ကို ပူလောင်စေ၏။

''ဘဝဆက်တိုင်း ဘဝတိုင်းမှာ...ဒီလို ဥပစ္ဆေဒကံနှင့် မကြုံရပါစေနဲ့လို့...ဆုတောင်းပါတယ်...''

အသင့်တူးပြီးသော မြေကျင်းနားအရောက်တွင် အလောင်းကိုချ၍ ထမ်းဝါးပြန်နှုတ်ကာ ဖျာလိပ်ကို ဖွင့်လိုက်၏။ ဖျာဖြင့်မ၍ ကျင်းထဲသို့ချပြီး အလောင်း၏ ခေါင်းရင်းဘက်တွင် တောအုပ်ကြီးမှ နေရာယူကာ သေမိန့် ပြန်တမ်းကို ဖတ်ကြားလေသည်။

''၂၅ . ၁ . ၁၉၈၀ ရက်နေ့တွင် ရမည်းသင်းခရိုင်... ပျဉ်းမနားမြို့နယ်...တောင်ညိုကြိုးဝိုင်း...အကွက်အမှတ် (၉) တွင်...ဥပစ္ဆေဒကံဖြင့်...ကွယ်လွန်သွားပြီဖြစ်သောယာသမား ကိုမျိုးမြင့်သိစေရမည်...''သင်သည် ဤအမိန့်ပြန်တမ်းအရ ...ဤနေ့ဤရက်မှစ၍...ကျွန်ုပ်တို့သစ်တောဦးစီးဌာနနှင့်လည်းကောင်း...၊ ဤတောင်ယာစိုက်ခင်းနှင့် သော်လည်းကောင်း...လုပ်ဖော်ကိုင်ဘက်များဖြင့်လည်းကောင်း... သက်ဆိုင်ခြင်း မရှိတော့ပါ...သို့ဖြစ်ပါ၍...သင်သွားလိုရာသို့ လွတ်လပ်စွာသွားနိုင်ကြောင်း အမိန့်ပြန်အပ်သည် ... ကောင်းရာသုဂတိလားပါစေ...ပုံ...စိုက်ခင်းတာဝန်ခံ...''

အမိန့်ပြန်တမ်းဖတ်သည့် တောအုပ်ကြီး၏ အသံမှာပြတ်သားသော်လည်း တုန်ရီနေသည်။ သူလည်း ခံစားရသလို ကျန်သူများမှာလည်း ဝမ်းနည်းပူဆွေးစွာဖြင့် စီးကျလာသည့်မျက်ရည်များကို မသိမသာခိုးသုတ်လိုက်ကြ၏။ လောကီလူသားတွေမို့လား အချိန်တန်တော့လည်း တစ်လမ်းစီသွားရမည်မှန်းသိသော်လည်း ဖြေမဆည်နိုင်ကြပေ။

မြေကျင်းကိုဖို့လိုက်ကြ၏။ တစ်ယောက် မြေတစ်ဆုပ်စီကောက်၍ ကျင်းထဲသို့ထည့်ကြသည်။ ကျွန်တော်လည်း မြေတစ်ဆုပ်ကောက်ယူကာ မြေကျင်းထဲသို့ ထည့်ရင်း စိတ်ထဲမှ တိုးတိုးလေးရေရွတ်နှုတ်ဆက်လိုက်သည်။

''လူကောင်တင်တဲ့လား...အခုတော့... လူကောင်တင်မို့ သုံးခဲ့လျှင်...မသာချရတတ်တယ်...ဆိုတာ မှန်နေပါပေါ့ ကိုမျိုးမြင့်ရေ...ကောင်းရာဘုံဘဝရောက်ရှိပါစေ...နောင်ဒီအဖြစ်ဆိုးမျိုး မကြုံပါရစေနဲ့လို့.... ဆန္ဒပြုလိုက်ပါတယ်.... သွားပေဦးတော့....။ ။

PDF Compressor Free Version

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာမျှဝေခြင်းအစီအစဉ်
## ECO-SCHOOL FOR UNIVERSITY STUDENTS

# သိန်းသန်းထွန်း (သစ်တော)

**နိဒါန်း**

၁။ ၁၉၉၂ ခုနှစ် ဘရာဇီးနိုင်ငံ၊ ရီအိုဒီဂျနေရိုးမြို့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံမှ ထာဝစဉ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် (၁၇) ရပ်ကို ချမှတ်ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ရည်မှန်းချက် ပန်းတိုင် (၁၇) ရပ်မှာ ကမ္ဘာမြေနှင့် လူသားများအတွက် ငြိမ်းချမ်းခြင်းနှင့် သာယာသော ကမ္ဘာမြေ တည်ဆောက်ရန်အတွက် ကမ္ဘာပေါ်ရှိသစ်တောများနှင့် သမုဒ္ဒရာများကို ထိန်းသိမ်းရန်နှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်၏ ဆိုးကျိုးများကို တိုက်ဖျက်ရန်ဖြစ်သည်။

၂။ အဆိုပါပန်းတိုင် (၁၇) ရပ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဂေဟစနစ်တည်ငြိမ်ကောင်းမွန်စေရေးတို့အတွက် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာမြေအဖြစ် ရေရှည်ရပ်တည်နိုင်ရန်အတွက် အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်များကို အခြေခံကောင်းများထားရှိခဲ့ရုံမျှမက ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို သိရှိနားလည် လက်ခံသဘောပေါက်စေပြီး ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ သင်ကြားပေးရန်နှင့် ပြဿနာများကို ခေတ်မီနည်းပညာနှင့် ပူးပေါင်းဆောင်ရွက်တတ်မှုတို့ကို ရင်းနှီးကျွမ်းဝင်စေရန် မိတ်ဆက်လေ့ကျင့်ပေးရန်အတွက် eco-school program ကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

၃။ ကျောင်းသား/သူများသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး အစီအစဉ်ဆောင်ရွက်ခြင်းဖြင့် ကုလသမဂ္ဂ၏ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (၁၇)ချက်နှင့် ဆက်သွယ်မှုကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**၁။ ဆင်းရဲနွမ်းပါးမှု လျော့ချစေခြင်း (No Poverty)**

တစ်ကမ္ဘာလုံးရှိ ယဉ်ကျေးမှု၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု မတူညီကွဲပြားသော လူမှုအသိုက်အဝန်းများရှိ ကျောင်းသားလူငယ်များအားလုံးကို စုစည်းပါဝင်ဆောင်ရွက်စေခြင်းဖြင့် အနာဂတ်တွင် အသိဉာဏ်ပညာထွန်းကားသော လူငယ်များဦးဆောင်မှုဖြင့် ဆင်းရဲနွမ်းပါးမှု အခန်းကဏ္ဍကို လျော့ပါးနိုင်ကြောင်း တင်ပြအပ်ပါသည်။

**၂။ ငတ်မွတ်ခေါင်းပါးမှု လျော့ချစေခြင်း (Zero Hunger)**

အဟာရ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အစားအသောက်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအပြင် ကျောင်းနှင့် အိမ်ပတ်ဝန်းကျင် သီးပင်စားပင်များစိုက်ပျိုးခြင်း၊ မိမိတို့ ကိုယ်တိုင် အစားအစာထုတ်လုပ်နိုင်သူများ ဖြစ်လာစေရန် နည်းပေးလမ်းပြဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် ငတ်မွတ်ခေါင်းပါးမှု လျော့ချနိုင်ကြောင်း တင်ပြအပ်သည်။

**၃။ ကိုယ်ကျန်းမာ စိတ် ချမ်းသာစေခြင်း (Good health and well-being)**

ကျောင်းသားများကို ကိုယ်ခန္ဓာကျန်းမာသန်စွမ်းရေးအတွက် နေ့စဉ် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာနှင့် စိတ်ချမ်းသာရေးနည်းလမ်းများ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် အနာဂတ်တွင် ကိုယ်စိတ်ကျန်းမာချမ်းသာစွာ ဦးဆောင်နိုင်သော ခေါင်းဆောင်ငယ်များ ဖြစ်လာနိုင်ကြောင်း တင်ပြအပ်ပါသည်။

**၄။ ပညာရေး အဆင့်အတန်းမြင့်မားစေခြင်း (Quality education)**

ကုလသမဂ္ဂ၏ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် (၁၇) ရပ်ကို ကောင်းစွာနားလည်သဘောပေါက် လက်ခံပြီး စာသင်ကျောင်းအတွင်းနှင့် ပြင်ပကမ္ဘာတွင် အဆိုပါ လုပ်ငန်းစဉ်များတွင် လက်တွေ့ပါဝင် လုပ်ကိုင်နိုင်သော လူငယ်များဖြစ်လာစေပြီး ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်လုပ်ကိုင်တတ်ပြီး စဉ်းစားတွေးခေါ် ဉာဏ်ရင့်သန်ပြီး ကမ္ဘာနှင့်ရင်ဘောင်တန်းနိုင်သော လူငယ်မျိုးဆက်သစ်များ ဖြစ်လာနိုင်ကြောင်း တင်ပြအပ်ပါသည်။



**၅။ ကျား/မ တန်းတူအခွင့်အရေး ရရှိစေခြင်း(Gender Equity)**

PDF Compressor Free Version

ကျား/မ ခွဲခြားမှုမရှိဘဲ အခွင့်အရေးတန်းတူညီမျှစွာ ပါဝင်လုပ်ကိုင်စေရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ အခွင့်အရေးပိုမိုရရှိစေရန် အခွင့်အလမ်းများဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်လာနိုင်ကြောင်း တင်ပြအပ်ပါသည်။

**၆။ သန့်ရှင်းသော သောက်ရေနှင့် ကျန်းမာစွာနေထိုင်နိုင်စေခြင်း (Clean Water and Sanitation)**

ရေသယံဇာတ၏ အရေးပါပုံ၊ ကမ္ဘာ့ရေသံသရာစက်ဝန်းလည်ပတ်ပုံ၊ ရေချိုသယံဇာတများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေးနှင့် ရေဝေရေလဲဒေသရှိ သစ်တောများထိန်းသိမ်းကာကွယ်ရေး၊ သောက်ရေနှင့် သုံးရေရရှိမှုကို မိမိနေထိုင်ရာ ကျောင်းပတ်ဝန်းကျင်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ အာရှဒေသနှင့် ကမ္ဘာအဝှမ်းရှိ မြစ်၊ ချောင်း၊ ပင်လယ်၊ သမုဒ္ဒရာအစရှိသည့် ရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးလုပ်ငန်းစဉ်များကို ကောင်းစွာ နားလည်သဘောပေါက်လက်ခံလာနိုင်ကြောင်း တင်ပြအပ်ပါသည်။

**၇။ သန့်ရှင်းသော စွမ်းအင်ရရှိရေးနှင့် ထိရောက်တွင်ကျယ်စွာအသုံးချခြင်း (Affordable and Clean energy)**

စွမ်းအင်ချွေတာသုံးစွဲရေး၊ သန့်ရှင်းသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်သည့်နေရာများဖြစ်သော လေစွမ်းအင်၊ နေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ရေအားလျှပ်စစ်၊ နျူကလီးယားစွမ်းအင်၊ ထုတ်လုပ်မှုနှင့် ထိရောက်တွင်ကျယ်စွာ အသုံးချနိုင်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းသင်ကြားပြသပေးခြင်းဖြင့် စွမ်းအင်ကဏ္ဍတွင် တွေ့ကြုံနေရသော စိန်ခေါ်မှုများနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများကို ကောင်းစွာနားလည်သဘောပေါက် လက်ခံလာနိုင်ကြောင်း တင်ပြအပ်ပါသည်။

**၈။ အလုပ်အကိုင်အခွင့်အလမ်းရရှိစေခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း (Decent Work and Economic Growth)**

လုပ်ငန်းခွင် သာယာဝပြောရေးနှင့် လုပ်ငန်းကျွမ်းကျင်မှု တိုးတက်မြင့်မားစေရေးအတွက် လုပ်ငန်းခွင်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များ၊ စည်းကမ်းချက်များနှင့် လုပ်ငန်းခွင်ခေါင်းဆောင်မှု အရည်အသွေးများ တိုးတက်မြင့်မားစေရေး ဆောင်ရွက်လုပ်ကိုင် ပြသပေးခြင်းဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများတိုးတက်စေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပေးနိုင်ပြီး ပြည်တွင်းထုတ်လုပ်မှုသာမက ပြည်ပပို့ကုန် တိုးမြှင့်လုပ်ကိုင်လာနိုင်သဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေနိုင်ကြောင်း တင်ပြအပ်ပါသည်။

**၉။ စက်မှုလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးအတွက် ဆန်းသစ်တီထွင်မှု ဆောင်ကြဉ်းပေးခြင်း (Industry,Innovation and Infra-structure)**

သိပ္ပံနှင့် နည်းပညာဆိုင်ရာ အတွေးအခေါ် အယူအဆကောင်းများ လက်ခံလာပြီး ပိုမိုတိုးတက်ကောင်းမွန်သော အသိဉာဏ်ပညာ စွမ်းရည်ထက်မြက်သူများဖြစ်လာစေပြီး အသုံးချသုတေသနနှင့် သိပ္ပံပညာရပ်ဆိုင်ရာနယ်ပယ် အသီးသီးတွင် ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော၊ ယှဉ်ပြိုင် အနိုင်ယူနိုင်စွမ်းရှိသော မျိုးဆက်သစ်လူငယ်များဖြစ်လာစေနိုင်ကြောင်း တင်ပြအပ်ပါသည်။

**၁၀။ မညီမျှမှုများကို လျော့နည်းစေခြင်း (Reduced Inequalities)**

စာသင်ခန်းအတွင်း၊ ရပ်ကွက်/ကျေးရွာအတွင်း၊ မိမိနေထိုင်ရာ ကျောင်းနှင့် ပတ်ဝန်းကျင်ဒေသများအတွင်း တွေ့ကြုံရလေ့ရှိသော မညီမျှမှုများကို တွေ့ရှိပါက ညီညွတ်မျှတစွာ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်တတ်စေရန်နှင့် တန်းတူညီမျှမှုကို အခြေခံသော လူ့ဂုဏ်သိက္ခာ တန်ဖိုးထားလေးစားတတ်ပြီး လူ့အသိုက်အဝန်း တိုးတက်ကောင်းမွန်မှုလုပ်ရပ်များကို ပိုမိုလုပ်ဆောင်လာနိုင်စေရေး စည်းရုံးပညာပေး၊ ဆောင်ရွက်တတ်စေနိုင်ကြောင်း တင်ပြအပ်ပါသည်။

**၁၁။ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်သော မြို့ပြများနှင့် လူမှုအသိုက်အဝန်းများ တည်ဆောက်ခြင်း(Sustainable Cities and Communities)**

မိမိကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်စေခြင်း၊ စွန့်ပစ်ပစ္စည်းနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးနှင့် ပြန်လည်အသုံးချနိုင်ရေး စီမံဆောင်ရွက်စေခြင်း၊ ကျောင်းသားတစ်ဦးချင်းစီ၏ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံး ယဉ်ကျေးစေပြီး အနာဂတ်တွင် နိုင်ငံ့သားကောင်း၊ လူကောင်းလူချွန်များဖြစ်လာစေရေး နည်းပေးလမ်းပြသင်ကြားပေးခြင်းဖြင့် မိမိလူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ သယံဇာတအရင်းအမြစ်များ စနစ်တကျစီမံခန့်ခွဲရေး၊ ကမ္ဘာ့အဆင့်မီ မြို့ပြလူမှုအဖွဲ့အစည်းများ တည်ထောင်လုပ်ကိုင်တတ်စေနိုင်ကြောင်း၊ တာဝန်ယူမှုတာဝန်ခံမှုဖြင့် ခေါင်းဆောင်ကောင်းတစ်ယောက်၏ ကိုယ်ရည်ကိုယ်သွေးများ ပြည့်ဝလာစေရန် လေ့ကျင့်ပေးနိုင်ကြောင်း တင်ပြအပ်ပါသည်။


PDF Compressor Free Version

**၁၂။ အစားအစာ ထုတ်လုပ်ခြင်းနှင့် သယံဇာတအသုံးချမှု စီမံခန့်ခွဲခြင်း (Responsible Consuption and Production)**

စာသင်ကျောင်းအတွင်းနှင့် မိမိနေထိုင်ရာ နေအိမ်ပတ်ဝန်းကျင်အတွင်း သီးပင်စားပင်များ ကိုယ်တိုင် စိုက်ပျိုးနိုင်စေရန်တိုက်တွန်းခြင်းနှင့် လက်တွေ့စိုက်ပျိုးနိုင်စေရန် လေ့ကျင့်သင်ကြားပေးခြင်း၊ သစ်တောသစ်ပင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ကိုယ်တိုင်လက်တွေ့ကျကျ ပါဝင်လုပ်ကိုင်ဆောင်ရွက်စေခြင်းဖြင့် သဘာဝသယံဇာတ အရင်းအမြစ်များ၏ တန်ဖိုးနှင့်ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၏ အရေးပါမှုကို သိရှိနားလည်လက်ခံယုံကြည်၍ အနာဂတ်တွင် နိုင်ငံတော်မှ အားထားရသော အသိပညာရှင်အတတ်ပညာရှင်များအဖြစ် ပေါ်ထွန်းလာစေကြောင်း တင်ပြအပ်ပါသည်။

**၁၃။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၏ ဆိုးကျိုးများကို တုံ့ပြန်နိုင်စေခြင်း (Climate Change)**

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကို ကောင်းစွာနားလည်သဘောပေါက်စေပြီး အပူချိန်မြင့်မားလာခြင်း၊ ရေချိုသယံဇာတရှားပါးလာခြင်း၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျက်စီး ပျောက်ဆုံးလာခြင်း၊ မြေဆီလွှာတန်ဖိုးကျဆင်းလာခြင်း၊ သဘာဝတွင်းထွက်ပစ္စည်းများ ပိုမိုသုံးစွဲလာခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လုပ်မှုမြင့်မားလာခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် တောအဆင့်အတန်းကျဆင်းလာခြင်း၊ သဘာဝဘေးအန္တရာယ်များ ပိုမိုရင်ဆိုင်ကြုံတွေ့လာနေရခြင်း၊ သဲကန္တာရဖြစ်ထွန်းမှု ပိုမိုများပြားလာခြင်း၊ စားနပ်ရိက္ခာထုတ်လုပ်မှုတိုးတက်စေရေးအတွက် သဘာဝမြေယာရှုခင်းများကို အခြားနည်းဖြင့် မြေအသုံးချမှု များပြားလာခြင်းတို့၏ ဆိုးကျိုးများကို ခေတ်မီနည်းပညာများ အသုံးပြု၍ မှန်ကန်ကောင်းမွန်သော နည်းလမ်းများဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်စေကြောင်း တင်ပြအပ်ပါသည်။

**၁၄။ ရေနေသတ္တဝါများ ထိန်းသိမ်းကာကွယ်ခြင်း(Life Below Water)**

ကမ်းရိုးတန်းဒေသ ဂေဟစနစ်များ တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ပင်လယ်နှင့် ဒီရေရောက် ဧရိယာများကာကွယ်ရေး၊ ငါးနှင့် ရေထွက်ပစ္စည်းသယံဇာတများ ရေရှည် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် စီမံခန့်ခွဲရေး၊ သစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးအတွက် အဏ္ဏဝါအမျိုးသားဥယျာဉ်များနှင့် ဒီရေတောဂေဟစနစ်များ စနစ်တကျစီမံအုပ်ချုပ်ရေး၊ ဘက်စုံအသုံးချပင်လယ်ကမ်းရိုးတန်းဒေသ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက် လာစေနိုင်ကြောင်း တင်ပြအပ်ပါသည်။

**၁၅။ ကုန်းမြေဒေသ ဂေဟစနစ်များနှင့် သက်ရှိသတ္တဝါများ ထိန်းသိမ်းကာကွယ်ခြင်း (Life on Land)**

မြန်မာနိုင်ငံနှင့် ကမ္ဘာပေါ်ရှိ ဂေဟစနစ်များဖွဲ့စည်းတည်ရှိမှု၊ ထိုဂေဟစနစ်များ၏ လူသားတို့အပေါ်ဆောင်ရွက်ပေးနေသော ရိက္ခာဖြည့်တင်းပေးခြင်း၊ ဟန်ချက်ညီစေရေး ထိန်းညှိပေးခြင်း၊ ထောက်ပံ့မှုပြုပေးခြင်း၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာတည်တံ့စေခြင်း စသည့် အရေးကြီးသောအချက်များကို ရှင်းလင်းစွာနားလည်သဘောပေါက်လာနိုင်စေကြောင်း တင်ပြအပ်ပါသည်။

**၁၆။ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် အဖွဲ့အစည်းများအားကောင်းခိုင်မာစေခြင်း (Peace,Justice and Strong Institution)**

လူ့ပတ်ဝန်းကျင်တွင်ငြိမ်းချမ်းရေး၊ တရားမျှတမှုရှိစေရေးနှင့် လူ့အဖွဲ့အစည်းများအတွင်း အပြန်အလှန်လေးစားခြင်း၊ ကောင်းရာကောင်းကျိုးသယ်ပိုးခြင်း၊ အများအကျိုးဆောင်ရွက်ခြင်း၊ မေတ္တာတရား၊ ဂရုဏာတရား၊ မုဒိတာတရားနှင့် ဥပေက္ခာတရားစသည့် ဗြဟ္မာစိုရ်တရားများနှင့် လောကပါလတရားများထွန်းကားရေး၊ လူ့အဖွဲ့အစည်းအတွင်း သနားကြင်နာခြင်း၊ ကိုယ်ချင်းစာခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြမ်းဖက်မှု ကင်းစင်ခြင်း စသည်များ ဖြစ်ထွန်းလာနိုင်ကြောင်း တင်ပြအပ်ပါသည်။

**၁၇။ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် (၁၇)ရပ် အောင်မြင်စေခြင်း (Partnership for the Goals)**

ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် (၁၇) ရပ် အောင်မြင်စေရေးအတွက် နိုင်ငံတကာနယ်ပယ်များမှ ဘဏ္ဍာရေး၊ နည်းပညာဆိုင်ရာ ကဏ္ဍအသီးသီးမှ ကျွမ်းကျင်ပုဂ္ဂိုလ်များ အတူတကွ ပူးပေါင်းပါဝင် လုပ်ကိုင်လာစေနိုင်ကြောင်း တင်ပြအပ်ပါသည်။

## နောက်ကျောဖုံးမှ အဆက်

PDF Compressor Free Version

**ပေါက်ရောက်ခြင်း။**

ပင်လယ်အုန်းပင်များသည် အိန္ဒိယ ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့၌ အများဆုံး ပေါက်ရောက်ကြသည်။ မြန်မာနိုင်ငံ၌ ပင်လယ်အုန်းပင်များကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသနှင့် တနင်္သာရီတိုင်း ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေ ဖုံးလွှမ်းသော ရေငံတောများ၌ပေါက်ရောက်ကြသည်။ အစုလိုက် အပြုံလိုက် ပေါက်ရောက်ခြင်းမရှိကြဘဲ ပျောက်ကြားပျောက်ကြားသာ ပေါက်ရောက်ကြသည်။ ၎င်းနှင့်အတူ ရောနှောပေါက်ရောက်လျက်ရှိသောအပင်များမှာ မျောက်လေဆိပ်ပင်၊ ကမ္ဗလာပင်၊ သမဲ့ပင်၊ ကျည်းဖြူပင်စသည်တို့ ဖြစ်ကြသည်။

ပင်လယ်အုန်းပင်များ သဘာဝအလျောက် ပေါက်ရောက်ကြသည့် မူရင်းဒေသ၏ ရာသီဥတုမှာ အရိပ်အာဝါသအောက်၌ အမြင့်ဆုံး အပူချိန်မှာ ၉၈ – ၁၀၂ ဒီဂရီဖာရင်ဟိုက်နှင့် အရိပ်အာဝါသအောက်တွင်အနိမ့်ဆုံး အပူချိန်မှာ ၄၅ – ၆၀ ဒီဂရီဖာရင်ဟိုက်အထိ ဖြစ်သည်။ နှစ်စဉ် ရွာသွန်းသည့် မိုးရေချိန်မှာ ၆၅–၂၀၀ လက်မအထိ ဖြစ်သည်။

ပင်လယ်အုန်းပင်များသည် ပေ ၄၀ – ၅၀ အထိ မြင့်ပြီး ပင်စည်ဖြောင့်မတ်သည်။ အမြဲစိမ်းလန်းသော အပင်မျိုးဖြစ်ပြီး ပင်စည်မှာ ရင်စို့လုံးပတ် ၄ ပေ အထိ ကြီးမားအောင် ပေါက်နိုင်သည်။ လုံးပတ် သေးငယ်သော အပင်မျိုးဖြစ်၍ သစ်ခွဲသား ပျဉ်များအနေဖြင့်လည်း အရွယ်အစားကြီးကြီးမားမားမရရှိနိုင်ပေ။ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်မှ ထုတ်ယူရရှိသည့်သစ်လုံးများမှာ ရင်စို့လုံးပတ် ၂ – ၃ ပေ အထိသာ ကြီးမားကြသဖြင့် များသောအားဖြင့် အိမ်တိုင်အတွက်သာ အသုံးများကြသည်။ တနင်္သာရီတိုင်း၊ မြိတ်ခရိုင်၊ ကော့သောင်းမြို့နယ်မှ ထွက်သော ပင်လယ်အုန်းပင်များသည် ရင်စို့လုံးပတ် ၄ ပေ ကျော်အထိ ကြီးမားပြီး အများအပြားလည်း ထုတ်ယူနိုင်သည်။

**ပုံသဏ္ဍာန်။**

အပင်၏အရွက်များသည် ငှက်မွေးပုံ ရွက်ပေါင်းဖြစ်ပြီး ရွက်မြွာ ၂ စုံမှ ၃ စုံအထိ ပါရှိသည်။ အရွက်အနားများမှာ ညီညာပြီး ရွက်ညှာများမှာ တိုကြသည်။ ပင်စည် အကိုင်းအခက်နှင့်အရွက်များမှာ ချောမွတ်ကြပြီး အခေါက်မှာ မီးခိုးရောင်ဖြစ်သည်။ ပန်းများမှာ သေးငယ်ကြသော်လည်း အသီးများမှာ အလုံးကြီးမားပြီး အချင်း ၃ လက်မ မှ ၄ လက်မအထိ ကြီးသည်။ အသီးများသည် ဇူလိုင်လ အတွင်း ရင့်မှည့်ကြသည်။ အစေ့အိမ်အတွင်း၌ အစေ့ ၂ စေ့မှ ၃ စေ့အထိ ပါရှိတတ်သည်။ အစေ့များသည်၂ –၂.၇ လက်မအထိ ရှည်ပြီး ဖြက်မှာ ၁.၃ မှ ၂ လက်မ နီးပါးခန့်ရှိသည်။ အစေ့များမှာ သုံးမြှောက်ပုံဖြစ်ပြီး အပင်မှကြွေကျခြင်း အညှောက်ထွက်၍ အပင်ငယ်များ ပေါက်သည်။

**မျိုးဆက်ခြင်း။**

ပင်လယ်အုန်းအစေ့များမှာ ရေတွင်ပေါ်သည့်အတွက် ရေနှင့် မျောပါသွားပြီး နေရာအနှံ့အပြား၌ ပြန့်နှံ့ပြီး ပေါက်ရောက်ကြသည်။ ဒီရေအမြင့်ဆုံးတက်သည့် နေရာ၌ အများဆုံး ပေါက်ကြသည်။ ကြတ်နန်ပင်များသည် စတင်၍ ပေါက်ခြင်း အလွန်အကြီးမြန်သည်။ တစ်လ အတွင်း အမြင့် ၁၆ လက်မကျော် အထိကြီးပြီး ၂ လကျော်လျှင် ၂ ပေ ကျော်အထိ ကြီးသည်။ အပင်အကြီးမြန်သည့်အတွက် ပင်လယ်ဒီလှိုင်းဒဏ်ကို ကောင်းစွာ ခံနိုင်ရည်ရှိသည်။

**သစ်သား။**

သစ်လုံးများကို စတင်ခွဲစိတ်သည့်အခါ အဖြူရောင်ရှိသော်လည်း လေနှင့် ကြာရှည်စွာ ထိတွေ့သည့်အခါ အနီရင့်ရောင်သို့ တဖြည်းဖြည်းပြောင်းလဲသွားသည်။ ကြတ်နန်သားမှာ အလွန်မာ၍ ကြာရှည်စွာ အသုံးခံသော သစ်မျိုးဖြစ်သည်။ လွှဖြင့် ဖြတ်တောက်ရန် လွယ်ကူသော်လည်း ရွှေပေါ်ထိုးရန်အတွက် ခက်ခဲသည်။ ပန်းပုထုလုပ်ရန်အတွက်လည်း အနည်းငယ်ခက်ခဲသည်။ သစ်ခွဲသားများမှာ အသားသေ ခြောက်သွေ့ပြီးနောက် ကျုံ့ခြင်း ကွဲခြင်း အလွန်နည်းပါးသည်။ လေဖြင့် အခြောက်ခံပါက ခွဲသားများကို စနစ်တကျမစီထားပါက ပျဉ်များ ကောက်ကွေ့တတ်သည်။ ဖိုဖြင့် ခြောက်သွေ့လျှင်လည်း ကောင်းသည်။

ပင်လယ်အုန်းသားကို အိမ်ဆောက်ရန် ပျဉ်၊ အိမ်တိုင်၊ လှေစပ်ခြင်း၊ လက်နက်ကိရိယာများအတွက် လက်ကိုင်ရိုးများ၊ လှည်း၊ ဘီးထောက်၊ သေနတ်ဒင်အဖြစ် အသုံးပြုကြသည်။ ကြတ်နန်သားသည် မဟော်ဂနီသားနှင့် အလွန်တူသည်။ ကြတ်နန်သားများမှာ နီရဲရဲအရောင်ရှိ၍ အလွန်ခိုင်မာပြီး ကြာရှည်စွာ အသုံးခံသည်။ အသားသေအောင် ပြုလုပ်ပြီးမှ အသုံးပြုသင့်သည်။ အဖိုးတန်သော အိမ်ထောင်ပရိဘောဂများပြုလုပ်ရန်အတွက်လည်း အလွန်ကောင်းသော သစ်ဖြစ်သည်။

လေဖြင့် ခြောက်သွေ့ပြီးသော ပင်လယ်အုန်းသား

တစ်ကုဗပေသည် အလေးချိန် ၄၉ ပေါင်စီးသည်။ ကျွန်းသစ်၏ဂုဏ်သတ္တိများကို ၁၀၀ စီထား၍ နှိုင်းယှဉ်လျှင် ပင်လယ်အန်းသားသည် အလေးချိန် ၁၁၅၊ ရက်မအဖြစ် ခိုင်ခံ့အား ၉၅၊ ရက်မအဖြစ် တောင့်ခံအား ၉၅၊ တိုင်/ ကျားကန်အဖြစ် ခိုင်ခံ့အား ၁၀၀၊ ထုနှက်ခံနိုင်အား ၉၅၊ လျှောပြတ်အား ၁၀၀၊ မာရည် ၁၃၀ နှင့် ပုံတည်မြဲမှု ၈၀ ဖြစ်သည်။ အနောက်တိုင်း ပြိုင်လှေများကို ကြတ်နန်သားဖြင့်ပြုလုပ်ခဲ့ရာ အလွန်အားရကျေနပ်ဖွယ်ရာ တွေ့ရှိရသည်။ ၎င်းအပင်ကို ကြတ်နန်ပင်ဟုလည်း ခေါ်ကြသည်။

PDF Compressor Free Version



ဓာတ်ပုံ–အင်တာနက်



ဓာတ်ပုံ–အင်တာနက်

## အောက်ဆီဂျင် (သို့) အသက်ရှည်ဆေး



သီးနှံစုံ၊ စိုက်ပျိုးကြ
မိုးဦးကျ၊ ရာသီမှာ။
မီးဖိုချောင် ၊ အသုံးစရိတ်
မဖိတ်စင်ရာ။
အိမ်နောက်ဖေး၊ ဈေးဆိုင်တည်ပါ
ငယ်စဉ်ခါ၊ ကြားဖူးသား။
ရှေးလူတွေ ၊လမ်းညွှန်ပြတဲ့
ဆုံးမစကား။
ဘူးဖရုံ ၊ နံနံ ခဝဲ
ဖရဲနှင့်၊ကျောက်ဖရုံ
ခရမ်းချဉ်၊ ငရုတ်အမျိုးမျိုး
စိုက်ပျိုးကြကုန်။
ပင်စိမ်းနှင့် ၊သပွတ်အုံ
ကင်မွန်းရုံ စိုက်ရလွယ်ဆုံး။
ဆေးမကူ၊ သဘာဝသီးမို့
အိမ်ကြီးရှင်ပြုံး။
ဟင်းနုနွယ်၊ကန်စွန်းခင်း
မုန့်ညှင်းနှင့် ရွက်ကိုက်လန်။
ပူစီနံ၊တဖောင်းခါး
စိုက်ထားသင့်ပြန်။
ဆူးပုပ်ကြီး၊ချဉ်ပေါင်ခြံ
ဟင်းအရံ ဖူလုံရေး။
မုန့်ညှင်းဖြူ၊ ဂေါ်ဖီပန်းပွင့်
စိုက်သင့်ကြသေး။
မာလကာ၊ သဘော်ာ သရက်
နှစ်မပျက်၊ စိုက်ပါလေ။
ပိန္နဲပင်၊ တမာ မန်ကျည်း
ရိပ်ကြီးရပေ။
သစ်ဝါးရိပ် အေးမြစေ
အသက်ရှည်စေ နည်းလမ်းကောင်း။
အောက်ဆီဂျင် ထုတ်ပေးသည့်နတ်ကွန်းမို့
''သီးနှံပင် စိုက်ပျိုးကြပါ'' လို့
တိုက်တွန်းပါကြောင်း။ ။

ရွှေညာသူ(စက်မှု)



PDF Compressor Free Version

# ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ အဆင့်မြှင့်တင်ခဲ့စဉ်အမှတ်တရများ



ဦးငွေးအောင် ( စိမ်းစိုသစ် )

နိုင်ငံတော်အစိုးရ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ) ၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့ရှိကန်တော်ကြီးသဘာဝဉယျာဉ်ကို ၂၀၀၃– ခုနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သစ်တောရေးရာဝန်ကြီးဌာန) တို့က ပါဝင်ဆောင်ရွက်ခဲ့ရပြီး မိမိတို့ဝန်ကြီးဌာန၏တာဝန်ဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၊ သစ်ခွကျွန်း၊ မြိုင်မာလာကျွန်းနှင့်ရေလယ်ကျွန်းတို့ အဆင့်မြှင့်တင်ခြင်းကို သစ်တောဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရပါသည်။

သစ်တောဦးစီးဌာနသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာတို့နှင့် စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တာဝန်ကျေပွန်အောင်မြင်အောင် ဆောင်ရွက်သည့် အစဉ်အလာကြီးသောဌာနဖြစ်သည်နှင့်အညီ ဌာန၏ မူလရည်မှန်းချက်များအပြင် ပေးအပ်လာသည့်တာဝန်များကို ကျရာအခန်းကဏ္ဍမှ အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြသည်များနှင့် ထိုသို့အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် ဌာန၏ ခွင့်ပြုရန်ပုံငွေ၊ စက်သုံးဆီ၊ စက်ယန္တရား၊ ပုံစံ (၈)သစ်အပါအဝင် ဝန်ထမ်းများ၏ ကာယအား၊ ဉာဏအားများ စိုက်ထုတ်ပါဝင်ဆောင်ရွက်ခဲ့ရသည်များကို မှတ်တမ်းအဖြစ် ကျန်ရှိစေရန်နှင့် မသိမီ/ မသိရှိခဲ့ကြသည့် သစ်တောမောင်/မယ်များ သိရှိနိုင်ကြစေရန် ရေးသားတင်ပြခြင်းဖြစ်ပါသည်။

## ၁။ သစ်တောဦးစီးဌာနနှင့် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီးသဘာဝဉယျာဉ်နယ်မြေတွင် ပါဝင်သည့် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူအုပ်ချုပ်ခဲ့သည်မှာ ယခင်ခေတ်ကာလများကထဲကပင်ဖြစ်ပါသည်။ သို့ရာတွင် ယခု တင်ပြမည့် ၂၀၀၃/ ၂၀၀၄ ခုနှစ် အပိုင်းအခြားကာလတွင်မူ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၊ မြိုင်မာလာကျွန်း၊ သစ်ခွကျွန်းနှင့် ရေလည်ကျွန်းတို့၏ အဆင့်မြှင့်တင်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကိုသာမက ပန်းခြံဝင်ကြေးကောက်ခံသည့်လုပ်ငန်းမှစ၍ သန့်ရှင်းရေးလုပ်ငန်းအထိ လုပ်ငန်းအားလုံးကို သစ်တောဦးစီးဌာနက တာဝန်ယူစီမံအုပ်ချုပ်ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ပါသည်။

## ၂။ ပဲခူးရိုးမမှသည် ရွှေတိဂုံဆီသို့

ကျွန်တော်သည် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်သစ်တောဦးစီးဌာနသို့ ဦးစီးအရာရှိတာဝန်ဖြင့် (၇–၁–၂၀၀၃) ရက်နေ့တွင် စတင်ရောက်ရှိခဲ့ပါသည်။ အလုံမြို့နယ်၊ သစ်တောဦးစီးဌာနတွင် တာဝန်ယူအုပ်ချုပ်ရသည့်ဧရိယာသည် ရန်ကုန်မြို့ (Downtown Area) ဖြစ်သည့် မြို့နယ် (၁၃) မြို့နယ်ဧရိယာဖြစ်ရာ သစ်တောစိုက်ခင်းတည်ထောင်ခြင်း အပါအဝင် အဓိက သစ်တောလုပ်ငန်းလျာထားချက်များမရှိဘဲ ဌာန၏အခြားသစ်တောလုပ်ငန်းများသာ တာဝန်ယူဆောင်ရွက်ရခြင်းနှင့် အလုံမြို့နယ်သစ်တောဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ယာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရပါသည်။ အလုံမြို့နယ် သစ်တောဦးစီးဌာန၏ သီးခြားတာဝန်တစ်ခုမှာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် (အရှေ့မြောက်အရပ်) ပေါ်တွင် စိုက်ပျိုးထားသည့် ဗန္ဓရသရက်ပင်ကို သစ်တောဝန်ထမ်းများက နေ့/ညအချိန်ပြည့် အလှည့်ကျ တာဝန်ယူစောင့်ရှောက်ရသည့်

အလုပ်ဖြစ်ပါသည်။ အဆိုပါ ဗန္ဓုရသရက်ပင်ကို သံပန်း၊ သံတံခါးမ [illegible] PDF Compressor Free Version ရေလောင်းပြုစုထိန်းသိမ်းမှုများကို နေ့ရက်၊ အချိန်နာရီနှင့်တကွ မှတ်တမ်းတင်ထားရှိပြီး အထက်အဆင့်ဆင့်သို့ အပတ်စဉ် တင်ပြရသည့် တာဝန်တစ်ခုသည်လည်းအပါအဝင်ဖြစ်ပါသည်။

**၃။ ဒေတ္တတိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)**

ထိုသို့ အလုံမြို့နယ်ဦးစီးအရာရှိ၏ တာဝန်များထမ်းဆောင်နေစဉ် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ နိုင်ငံတော်အကြီးအကဲလာရောက်စစ်ဆေးမည်ဖြစ်ရာ ရှင်းလင်းဆောင်တစ်ခု အမြန်ဆောက်လုပ်ရန်နှင့် တိရစ္ဆာန်ဥယျာဉ်အတွင်း လမ်းများ ဝဲယာတစ်လျှောက်လိုအပ်သည့် နေ့ရက်များတွင် အရိပ်ပင်၊ အလှပင်၊ နှစ်ရှည်သီးပင်၊ စားပင်များ စိုက်ပျိုးရန် ရန်ကုန်တိုင်း၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး (ထိုစဉ်က အစ်ကိုကြီး ဦးသောင်းတင်)၏ တာဝန်ပေးချက်အရ ကျွန်တော်နှင့် အလုံမြို့နယ် သစ်တော ဝန်ထမ်းများသည် တိရစ္ဆာန်ဥယျာဉ်လုပ်ငန်းခွင်သို့ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လတွင် ပါဝင်ဆောင်ရွက်ခဲ့ကြရပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့ကြရာတွင် နိုင်ငံတော်အဆင့်အတွက် အဆင့်မီ ရှင်းလင်းဆောင်တစ်ခုကို (၈၀'x၄၀') ခန့် လိုင်းသွပ်မိုး၊ အုတ်ဘလောက်တုံးခင်း၊ အထပ်သားကာ၊ မြေယာရှုခင်း အလှဆင်ခြင်း အပါအဝင် လုပ်ငန်းများအား (၃) ရက်အတွင်း အပြီးဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ရာ ယခုခေတ်ကဲ့သို့ Steel Structure ခေတ်မီပစ္စည်းများ အလွယ်တကူမရနိုင်သည့်အချိန်ဖြစ်ရာ ဖော်ပြပါရှင်းလင်းဆောင်ကို သစ်များဖြင့်သာ သတ်မှတ်ချိန်အမီ ပြီးစီးအောင် နေ့ဆိုင်း/ ညဆိုင်းခွဲပြီး ဆောင်ရွက်ခဲ့ရခြင်း၊ လမ်းဝဲယာတစ်လျှောက် သရက်၊ ပိန္နဲအစရှိသည့် နှစ်ရှည်သီးနှံပင်များ၊ အလှပင်၊ အရိပ်ပင်များ အချိန်တိုအတွင်း ပြီးစီးအောင်ဆောင်ရွက်ခဲ့ခြင်းများသည် ရန်ကုန်တိုင်းသစ်တောဝန်ထမ်းများ ဖြစ်သန်းခဲ့ရသည့် အမှတ်တရများအနက်မှ တစ်ခုအပါအဝင် ဖြစ်ပါသည်။

**၄။ တိရစ္ဆာန်ဥယျာဉ်မှသည် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံသို့**

အထက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ပြီးချိန်တွင် ကန်တော်ကြီးသဘာဝဥယျာဉ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေသည့် ကာလဖြစ်ရာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဦးစီးရုံးချုပ်၏ ညွှန်ကြားချက်အပေါ် ရန်ကုန်တိုင်းသစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးက ကျွန်တော့်အား ထပ်ဆင့်တာဝန်ပေးအပ်လာရာ ကျွန်တော်နှင့် အလုံမြို့နယ် သစ်တောဝန်ထမ်းများသည်



မပြုပြင်မီက ဗိုလ်ချုပ်ပန်းခြံ

၂၀၀၃ ခုနှစ်၊ ဇူလိုင်လနှောင်းပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၏ စည်ပင်သာယာရေးဝန်ထမ်းများအဖြစ် အလိုအလျောက် အသွင်ပြောင်း ရောက်ရှိခဲ့ကြရပါသည်။

**၅။ ထိုစဉ်ကဗိုလ်ချုပ်အောင်ဆန်းပန်းခြံ**

၂၀၀၃ ခုနှစ်၊ ဇူလိုင်လတွင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ အဆင့်မြှင့်လုပ်ငန်းများ စတင်ဆောင်ရွက်စဉ် ထိုစဉ်က ပန်းခြံ၏အခြေအနေမှာ ယခုလက်ရှိကာလ အခြေအနေကဲ့သို့မဟုတ်ဘဲ ပန်းခြံအတွင်း များပြားလှသည့် စားသောက်ဆိုင်များ၊ ဖျော်ဖြေရေးများ တည်ရှိနေသည့် အပြင် အဆင့်မီပန်းခြံတစ်ခု၏ အသွင်အပြင်များ လျော့နည်းနေပြီး သန့်ရှင်းသာယာမှုမှာလည်း လွန်စွာ အားနည်းခဲ့ပါသည်။ ထို့အပြင် မောင်နှင့်နှမ၊ သားနှင့်အမိ အတူယှဉ်တွဲသွားလာရန် မဆိုထားနှင့်။ မိသားစုများ အနားယူ အပန်းဖြေသွားပါက အမြင်မသင့်သည့်ပန်းခြံတစ်ခုအသွင် တည်ရှိခဲ့ပါသည်။

**၆။ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံမှာ (၈) လတာ**

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ကန်တော်ကြီးသဘာဝဥယျာဉ် (ရန်ကုန်)သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူအုပ်ချုပ်နေသည့် လုပ်ငန်းဖြစ်သော်လည်း တာဝန်ပေးအပ်လာသည့်အခါ ကျွန်တော်နှင့် အလုံမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး၊ တောအုပ်၊ တောခေါင်းဝန်ထမ်းများသည် မိမိတို့၏ မူလတာဝန်ဝတ္တရားများအပြင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ အဆင့်မြှင့်တင်သည့်လုပ်ငန်းများကို အချိန်ပြည့်ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

ဖော်ပြပါ ကန်တော်ကြီးသဘာဝဥယျာဉ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဗဟိုကော်မတီ အစည်းအဝေးများကျင်းပရာတွင်လည်း ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအတွင်းရှိ

PDF Compressor Free Version

ဌာနက ဆောက်လုပ်ထားသည့် ရှင်းလင်းဆောင်တွင်သာ အဓိကပြုလုပ်လျက်ရှိပြီး နိုင်ငံတော်အဆင့် ဝန်ကြီးဌာန အဆင့်နှင့် ဦးစီးရုံးချုပ်အဆင့်တို့က မကြာခဏ လာရောက်စစ်ဆေးလျက်ရှိသည့်အပြင် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (ထိုစဉ်က ဗိုလ်မှူးချုပ်တင်နိုင်သိန်း) သည် ရုံးသွားရုံးပြန်အချိန်များတွင် နေ့စဉ်နှင့်အမျှ ဝင်ရောက်စစ်ဆေးလျက်ရှိရာ ကျွန်တော်၏ မူလတာဝန်ပုံမှန်အလုပ်များ၊ အလုံသစ်တောဝန်း ဝန်ထမ်းအိမ်ယာ ပြင်/ထိန်းလုပ်ငန်းများကို နံနက်စောစောနှင့် ညနေပိုင်းအချိန်များတွင် ပိုမိုအချိန်ပေး ကြီးကြပ်ဆောင်ရွက်ခဲ့ရပြီး ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အချိန်ပြည့်အားထည့် ဆောင်ရွက်နိုင်ရန်အတွက် ပန်းခြံအတွင်းရှိ ရေတံခွန်နေရာ (ထိုစဉ်က မတည်ဆောက်ရသေး)တွင် မိုးကာတဲထိုး (ယာယီ) ရုံးဖွင့်လှစ်ပြီး ဆောင်ရွက်ခဲ့ကြပါသည်။

**ဂ။ ဧရိယာအကျယ်အဝန်း**

ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအပါအဝင် ကန်တော်ကြီး သဘာဝဥယျာဉ်တစ်ခုလုံးသည် မြေပြင်ဧရိယာ (၁၁၀)ဧက ရေပြင်ဧရိယာ (၁၅၀) ဧက စုစုပေါင်း (၂၆၀) ဧက ကျယ်ဝန်းပြီး သစ်တောဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရသည့် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၊ ရေလယ်ကျွန်း၊ မြိုင်မာလာကျွန်း၊ သစ်ခွကျွန်းတို့၏ ကုန်းမြေဧရိယာမှာ (၃၂) ဧက ကျယ်ဝန်းသည်ဟု သိရှိရပါသည်။ ကန်တော်ကြီးသဘာဝဥယျာဉ်ကို အဆင့်မြှင့်တင်ရာတွင် သက်ဆိုင်ရာဖုံအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဂျပန်နိုင်ငံသား Designer က ရေးဆွဲအဆိုပြု၍ ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ပြီး အထက်အဆင့်ဆင့် (ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) ၏ အတည်ပြုဆုံးဖြတ်ချက်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရပါသည်။

**ဃ။ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ (သို့မဟုတ်)** Central Forest Zone

ကန်တော်ကြီးသဘာဝဥယျာဉ်ကို လာရောက်လည်ပတ်လေ့လာကြသူ ပြည်တွင်း/ ပြည်ပဧည့်သည်များ အနားယူ၊ အပန်းဖြေရန်အတွက် ပုလဲကျွန်း၊ မဟာမြိုင်ကျွန်း၊ မြေပဒေသာကျွန်းတို့ကို Relaxation Zone/ Recreation Zone ဟုလည်းကောင်း၊ သဘာဝသစ်တော အရသာကို ပေးစွမ်းနိုင်စေရန်နှင့် သစ်ပင်ပန်းပင်မျိုးစုံကို လေ့လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် သစ်ပင်သစ်မျိုးများ များပြားစွာ ပေါက်ရောက်လျက်ရှိပြီး၊ သဘာဝဆန်သည့် မြေပြင်အနေထားရှိသည့် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံကို Central Forest Zone ဟုလည်းကောင်း အမည်ပေးသတ်မှတ်ခဲ့ပါသည်။ ဖော်ပြပါရည်ရွယ်ချက်နှင့် ကိုက်ညီစေရန်



အပင်ကြီးများအောက်ခြေရှင်းလင်းခြင်း



စားသောက်ဆိုင်စွန့်ပစ်နေရာ



အပင်ကြီးများအောက်ခြေရှင်းလင်းခြင်း

အတွက် ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံအတွင်းရှိ စားသောက်ဆိုင်များ၊ အခြားဖျော်ဖြေမှုများအားလုံးကို ဖျက်သိမ်းစေခဲ့ပြီး ဖြစ်ပေါ်လာသည့် ကွက်လပ်များတွင် သစ်ပင်၊ သစ်မျိုးများ ပိုမိုစုံလင်စေရန် ထပ်မံဖြည့်စွက်စိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ပိုမိုကောင်းမွန်စေရန်အတွက် စားသောက်ဆိုင်တစ်ခုကိုသာ (ယခု Royal Garden Restaurant) ခွင့်ပြုရန် သတ်မှတ်ခဲ့ပါသည်။

ဆက်လက်ဖော်ပြပါမည်။

ယခင်လမှအဆက် ➤

PDF Compressor Free Version

# ဒုံးကျွန်းစုအဏ္ဏဝါအမျိုးသားဥယျာဉ်သတ်မှတ်မည့်အပေါ် ဒေသခံများအား ကြေးတိုင်လုပ်ငန်းစဉ်များ ချပြရှင်းလင်းခြင်း ဆောင်ရွက်ခဲ့စဉ်က

## သိုက်ဝင်းထွန်း

နောက်မေးခွန်းမှာ ၎င်းတို့ယခုလုပ်ကိုင်နေသည့် ဥယျာဉ်ခြံမြေတို့ကို မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိလိုကြရာ အစိုးရစီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်သဖြင့် ဆောင်ရွက်ရမည့်နည်းလမ်းအဆင့်ဆင့်ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြေစာရင်းဌာနတို့မှ ရှင်းပြပေးသည်။ ထိုနေ့က ရွာနှစ်ရွာ၌ ရှင်းလင်းချပြမှုများအပေါ် အဏ္ဏဝါအမျိုးသားဥယျာဉ်သတ်မှတ်မည့် ဒေသရှိ ဒေသခံပြည်သူများမှ ကြည်ဖြူစွာ သဘောတူလက်ခံကြသည်။ ကြေးတိုင်လုပ်ငန်းစဉ်များအကြောင်းကိုလည်း သူတို့ နားလည်သွားသည်။





ညစာစားတော့ ဝန်ထမ်းတွေက ပင်လယ်စာ 'သံပခြုပ်' ယူလာသည်။ သူတို့အဆိုအရ သံပခြုပ်ကို စားလျှင် ခွန်အားတိုးသည်ဆိုသည်။ စားနေကျမဟုတ်လို့လား မသိပါ။ ပေါ့ရွှတ်ရွှတ်နဲ့ အရသာသိပ်မတွေ့ပေ။ ထိုနေ့က ကျွန်းပေါ်ကရွာလေးတစ်ရွာမှာဘဲ ညအိပ်ကြရသည်။ပင်လယ်ကမ်းစပ်က ရွာလေးများမို့ လေထဲမှာ ဆားနံ့နှင့် ငါးညှီနံ့တို့ တသင်းသင်းရနေသည်။ လှိုင်းပုတ်သံ၊ ပင်လယ်လေတိုးသံတို့ကြား၌ ချော့သိပ်သလို အိပ်ပျော်သွား၏။

### ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီ ၂၅



ယနေ့အဖို့ ပလွန်းဝါး၊ ဒုံးဇလပ်၊ ဒုံးဆွေသန်း၊ ဒုံးဥယျာဉ်ကမ်းကျေးရွာများသို့ ကျွန်တော်တို့အဖွဲ့သွားရောက်ရှင်းပြဆွေးနွေးကြသည်။ တစ်ရွာနဲ့ တစ်ရွာကို ခြေကျင်၊ ဆိုင်ကယ်၊ စက်လှေ၊ စပိဘုတ်ဖြင့် အဆင်ချောသလို ကူးကြရသည်။ ရွာစဉ်အလိုက် နေရာ၊ အချိန် တို့ကို ကြိုတင်ညှိနှိုင်းပြင်ဆင်ထားရာ ချိန်းဆိုထားသည့် အချိန်အတိုင်း ရောက်ရှိအောင် ကြိုးစားရသည်။ ၎င်းရွာများအနက် ဒုံးဆွေသန်းရွာသည် ဤရွာစတင်တည်ထောင်ခဲ့သော ဦးဆွေသန်း၏ အမည်ကို အစွဲပြုလျက် တွင်သောအမည်နာမဖြစ်သည်။ ယခုတော့ ၎င်း၏ သမီးဖြစ်သူက ရွာ၏ရေလုပ်ငန်းများ၌ သြဇာအတော်အတန်ကြီးသောလုပ်ငန်းရှင်တစ်ဦးအဖြစ်တွေ့မြင်ရသည်။



ဤရွာတွေမှာ ဆောင်ရွက်ထားသည့် LMMA (Locally Managed Marine Area) တို့ကိုလည်း တွေ့မြင်ရသည်။ ဆိပ်ကမ်းအတက်မှာတွေ့ရသည့် ရေလုပ်သားလင်မယားနှင့် စကားစမြည်ပြောကြည့်သည်။ ပလပ်စတစ်ခြင်းကြားတစ်လုံးထဲမှာ ထည့်ထားသော ငါးမျိုးစုံကိုကြည့်ရင်း ''ဒါ..ဘယ်လောက်ဖိုးလောက်ရှိလဲ'' ဆိုတော့ ''ဘယ်လောက်ရမှာလဲ၊ သုံးထောင်ဖိုးလောက်ရှိမှာဘဲ'' ဟုဖြေသည်။ ငါးပိသာ၊ ခြောက်ပိသာခန့်ရှိသည်။ 'ဒီ

လောက်ဘဲဈေးရသလား''ဆိုတော့ ''ဒါတွေက ငါးကောင်းမဟုတ်ဘူး ဒါကြောင့် ဈေးမရတာ''ဟု ဆိုသည်။ ဤဒေသမှာ ငါးအမျိုးအစားမျိုးစုံကို ရွေးချယ်စားသောက်နိုင်တော့ တော်ရုံငါးမျိုးက ဈေးပေါသည်။

PDF Compressor Free Version

ရွာတစ်ရွာရောက်လျှင် ထိုရွာ၏ လူမှုစီးပွားရေးအခြေအနေတို့ကို စေ့ငုလေ့ရှိသည့်အတိုင်း ဆိပ်ကမ်းမှာတွေ့ရသော ရေလုပ်သားဒေသခံတချို့နှင့် စကားပြောရသည်။ လက်လုပ်လက်စားတို့ဘဝမှာ ထုံးစံအတိုင်း ရရစားစားနှင့်သာ ဘဝကိုဖြတ်သန်းကြရသည်။ ငါးပုစွန်၊ ကဏန်းအပါအဝင် ပင်လယ်ထဲမှ ဖမ်းမိလာသမျှ ရွာပေါက်ဈေးဖြင့်သာ ရွာကဒိုင်အသီးသီးမှာ သွင်းကြရသည်။ တချို့ငွေကြိုမယူလို့ ဒိုင်မသွင်းဘဲရွာထဲရောင်းလည်း ဈေးမရပေ။ တန်ဖိုးမြှင့်အဖြစ် ထုတ်လုပ်ရောင်းချနိုင်မှသာလျှင် ကွဲကူးရေပါဆိုသလို သူတို့ဝင်ငွေမြင့်မည်။ ဒေသခံတို့၏ လူမှုစီးပွားမြင့်လာဖို့ အခြားအကြောင်းများလည်း လိုသေးသည်။

ဒီရွာတွေမှာ မေးတဲ့မေးခွန်းများမှာ ယခင်ရွာများနည်းတူ ပုံစံတူမေးခွန်းတွေပါသလို မတူတာတွေလည်းပါသည်။ မတူသော မေးခွန်းတချို့မှာ–

အဏ္ဏဝါအမျိုးသားဥယျာဉ် ဖွဲ့စည်းမယ်ဆိုတော့ ဒီရွာနဲ့ ဒုံးကျွန်းစုပေါ်က ရွာတွေက ပင်လယ်ရေတိမ်ပိုင်းမှာ ငါးမဖမ်းရတော့ဘူးလား၊ ပင်လယ်နဲ့အသက်မမွေးရတော့ဘူးလား''

''ဒီရွာနဲ့ ဒုံးကျွန်းစုပေါ်ကရွာတွေမှာ ငါးလုပ်ငန်းဦးစီးဌာနနဲ့ FFI တို့ အတူတကွပူးပေါင်းပြီး LMMA တွေ သတ်မှတ်ထားကြတယ်၊ စနစ်တကျငါးဖမ်းကြတယ်၊ အဲ့ဒီ LMMA ထဲမှာ ''ငါးမဖမ်းရ''ဧရိယာတွေလည်း သတ်မှတ်ထားကြတယ်၊ ငါးဖမ်းနိုင်တဲ့ ဧရိယာရှိမယ်၊ လုံးဝငါးမဖမ်းရတဲ့ဧရိယာရှိမယ်၊ အခုလည်း အဏ္ဏဝါအမျိုးသားဥယျာဉ်သတ်မှတ်ပြီးတဲ့အခါမှာ သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ FFI တို့ ပူးပေါင်းပြီး လိုအပ်တဲ့နေရာတွေမှာ LMMA သတ်မှတ်တာ အပါအဝင် စနစ်တကျစီမံဆောင်ရွက်ရပါမယ်၊ ဒါမှလည်း ရေရှည်မှာ အဏ္ဏဝါဂေဟဗေဒ



စနစ်ကို ထိန်းသိမ်းနိုင်ပြီး ငါးသယံဇာတပေါကြွယ်နေစေမှာဖြစ်ပါတယ်''

ယခင်ကတည်းက ဤရွာအပါအဝင် ဒုံးကျွန်းစုပေါ်က ရွာတွေမှာ ကမ်းနီးရေတိမ်ပိုင်း၌ ဒေသခံတွေကိုယ်တိုင် စီမံအုပ်ချုပ်ခွင့်ရှိသည့် အဏ္ဏဝါဧရိယာ LMMA များ သတ်မှတ်ဆောင်ရွက်ခဲ့ကြတာဖြစ်သည်။ ငါးလုပ်ငန်းဦးစီးဌာန၏ LMMA ဆိုသည်က သစ်တောဦးစီးဌာန၏ CF-Community Forest (ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော) ပမာဖြစ်သည်။ ''ရေပြင်အဏ္ဏဝါနှင့် မြေပြင်သစ်တော''မို့ လုပ်ဆောင်ပုံကွာခြားပေမဲ့ လုပ်ငန်းစဉ်တို့၏ အနှစ်သာရ တူသည်။ LMMA ရဲ့ ရည်ရွယ်ချက် ၌ to protect marine biodiversity and fisheries ဟူ၍ ပါဝင်သည်။



ဤကိစ္စနှင့်ပတ်သက်ပြီး FFI နှင့် ငါးလုပ်ငန်းကလည်း သူတို့ကျေလည်အောင် ထပ်မံရှင်းပြကြသည်။ အဏ္ဏဝါ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများနှင့် သဘာဝအနေအထားကို မထိခိုက်မပျက်စီးစေလျှင် ဒေသခံတို့၏ မူလအခွင့်အရေးများမဆုံးရှုံးဘူးဆိုတာကို သိစေရသည်။ ထိုသို့နားလည်သွားတော့လည်း သဘာဝထိန်းသိမ်းရေးနယ်မြေဖွဲ့စည်းမည့်အပေါ် သဘောတူပါကြောင်း ဖွင့်ဟကြပေသည်။ ဒါ့အပြင် ကျွန်တော်တို့ ထပ်ကွန့်လိုက်တာက–

''အခုပင်လယ်ရေနက်ပိုင်းမှာဘဲ ငါးဖမ်းခွင့်ရှိတဲ့ စက်လှေကြီးတွေထဲက တချို့ဟာ စည်းကမ်းမလိုက်နာဘဲ ပိုက်အရွယ်အစားမျိုးစုံနဲ့ ဒုံးကျွန်းစုရဲ့ကမ်းနီးရေတိမ်ပိုင်းကို တရားမဝင် ငါးဝင်ဖမ်းတတ်ကြတယ်မို့လား၊ သဘာဝထိန်းသိမ်းရေးနယ်မြေ ၊ အဏ္ဏဝါအမျိုးသားဥယျာဉ်သတ်မှတ်ပြီးတဲ့အခါမှာ ဒါကိုတင်းတင်းကြပ်ကြပ် ဥပဒေအတိုင်းအရေးယူသွားနိုင်ပါတယ်''

ဒီလိုအဖြစ်တွေကလည်း ဒုံးကျွန်းစုသာမဟုတ်၊ တနင်္သာရီကမ်းရိုးတန်း၏နေရာအတော်များများမှာ ဒေသခံတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် လက်ရှိအခက်အခဲတွေဖြစ်

သည်။ ဒါ့အပြင် စီးပွားဖြစ်ငါးဖမ်းစက်လှေကြီးများမှ တချို့က အရွက်ခွဲပိုက်ဖြင့် ငါးဖမ်းတာတွေ (trawling)၊ PDF Compressor Free Version ပင်လယ်ရေ အောက်မိုင်းခွဲပြီးငါးဖမ်းတာတွေ (mining) စသည်တို့ကိုလည်း ငါးလုပ်ငန်းဥပဒေဖြင့်သာမက သဘာဝထိန်းသိမ်းရေးနယ်မြေဖြစ်သည့် အဏ္ဏဝါအမျိုးသားဥယျာဉ် ဖွဲ့စည်းတည်ထောင်ပြီးပါက ဥပဒေဖြင့် တိကျစွာ အရေးယူသွားနိုင်မည်ဖြစ်ကြောင်း ရှင်းပြရပါသည်။ ဒီလိုဆိုတော့ သူတို့ သဘောကျသည်။ ဒေသခံများမှာလည်း မနိုင်လို့သာ ကြည့်နေရတာ။ စည်းကမ်းမလိုက်နာသူတို့အပေါ် အမြင်ကြည်ကြတာမဟုတ်ပေ။ သို့ဖြစ်၍ သဘာဝထိန်းသိမ်းရေးနယ်မြေဖွဲ့စည်းမည့်အပေါ် သူတို့ရှုမြင်သုံးသပ်ချက်များ ကောင်းမွန်လာသည်။ ကြေးတိုင်လုပ်ငန်းစဉ်များအား သဘောပေါက်လာသည်။ ထိုသို့ တရားမဝင်ငါးဖမ်းနည်းများက ငါးအရွယ်အစားမျိုးစုံ၊ ငါးအမျိုးအစားမျိုးစုံနှင့် ပင်လယ်ရေသတ္တဝါမျိုးစုံတို့ကို ပျက်စီးပြုန်းတီးစေသည့်အပြင် အဖိုးတန်သန္တာကျောက်တန်းတို့ကိုလည်း ပျက်စီးစေသည်။ တစ်ရွာမှာတော့ မူလတန်းကျောင်းလေးပေါ်မှာ တွေ့ဆုံကြရသည်။ ထိုရွာက လူဦးရေလည်း မများလှပေ။ စာသင်ကျောင်းလေးပေါ်မှာ ဆရာနှင့်တပည့်တို့ ကြိုးစားအားထုတ်မှုများကို တွေ့ရသည်။ ပန်းချီကားချပ်များ၊ သဘာဝပတ်ဝန်းကျင်တို့ကို ရွံ့ဖြင့်ပုံဖော်ထားခြင်းများ၊ ကလေးကစားစရာအပါအဝင် ရွံ့ဖြင့်လုပ်ထားသော လူသုံးပစ္စည်းများကိုတွေ့မြင်ရသည်။ ပင်လယ်ကမ်းရိုးတန်းဒီရေတောတို့ကဖြင့် ရောက်သမျှနေရာတိုင်းမှာ ကောင်းမွန်တာမြင်ရသကဲ့သို့ ကျေးရွာများအနီးအနားရှိ ဒီရေတောတို့က သဘာဝအတိုင်းလွတ်လပ်စွာ ရှင်သန်ခွင့်ရကြတာတွေ့ရသည်။

**၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီ ၂၄**

ဒီနေ့တော့ ဒုံးကျွန်းစုပေါ်မှာရှိတဲ့ ရွာများအနက် နောက်ဆုံးသုံးရွာသို့ လှည့်လည်ရှင်းလင်းရန် ဖြစ်ပေသည်။ ထိုရွာများမှာ ဒုံးညောင်မှိုင်း၊ ဒုံးကမာချောင်း၊ ဒုံးဒဟွန်းကျေးရွာတို့ဖြစ်ကြသည်။ ဥယျာဉ်ခြံလုပ်သော ကျေးရွာတို့လည်းပါကြသည်။ မြို့နယ်သစ်တောဦးစီးမှူးက–

''ဆရာ..ဒုံးညောင်မှိုင်းမှာ ရေတံခွန်ရှိတယ် သွားဦးမလား''

''ဒုံးညောင်မှိုင်းရေတံခွန်မှာ မြိတ်ကျွန်းစုများ၏ ခရီးသွားလုပ်ငန်း၌ အထင်ကရလည်ပတ်စရာနေရာအဖြစ် ထင်ရှားသလို အဝေးမှလာရောက်သည့် အပျော်ခရီးသွားတို့ နှစ်ခြိုက်ကြသည့်နေရာများထဲက တစ်ခုဖြစ်သည်။ သဘာဝ အရင်းအမြစ်တစ်ခုအနေနဲ့လေ့လာရင်း အတူလာကြသည့် စိစစ်ရေးအဖွဲ့အတွက် အပန်းဖြေသဘောမျိုး သွားလိုက သွားနိုင်ရန်ဖြစ်သည်။ လေ့လာဖို့ သွားချင်သော်လည်း ရွာသားတွေနဲ့တွေ့ဖို့ အချိန်ဖွဲ့ပေးရမည်မို့ မသွားတော့ပါ။ ယနေ့ဆလုံရွာလေးတစ်ရွာကို အရင်ရောက်သည်။ ဆလုံရွာနှင့် ဆလုံတို့ကို လေ့လာကြသည်။ ဆလုံရွာလေးက ကမ်းခြေသဲသောင်ပြင်မှာ မြေစိုက် ခြေတံရှည်အိမ်လေးများဖြင့် နေကြသည်။ အိမ်တိုင်မှာ မျော/တိုင်တို့သုံးထားပြီး အကာ ဝါးထရံ၊ အမိုးက ဓနိဖက်တို့ဖြစ်သည်။ သဲသောင်မှာ ဆော့နေသော ဆလုံကလေးငယ်တချို့လည်း တွေ့ရသည်။ အိမ်တစ်အိမ်အောက်မှာ အမျိုးသမီးတစ်ယောက်က ပုစွန်ခြောက်လုမ်းဖို့ ပုစွန်တွေပြုတ်နေတာတွေ့ရသည်။ ကမ်းခြေမှာ ဆိုက်ထားသော လှေတစ်စင်း၏ ပေါင်းမိုးပြန့်ပေါ်ဝယ် ပုစွန်ခြောက်တွေလှမ်းထားသည်။ ထိုပေါင်းမိုးပေါ်မှာပင် ဆလုံကလေးငယ်တစ်ဦး ဇလုံတစ်လုံးပိုက်လျက် တိတ်ဆိတ်စွာ ထမင်းစားနေသည်။ ဘာကိုမျှ စိတ်ဝင်စားပုံမရ။ ဘယ်ကိုမျှမကြည့်။ သူ့ထမင်းသာ သူ့အာရုံမှာရှိပုံရသည်။ ဟင်းကတော့ မယ်မယ်ရရ မမြင်ရ။

ဆလုံတွေ အသုံးပြုသည့် 'သစ်လုံးထွင်း လှေဘတ်ကိုလေးတစ်စီး'ကို လေ့လာကြသည်။ လူတစ်ယောက်နှစ်ယောက်သာနိုင်မည့် ထွင်းလှေလေးဖြစ်သည်။ လှေငယ်လေးမို့ အလွယ်တကူ လှော်ခတ်သွားလာနိုင်သည်။ ဒုန်းညောင်မှိုင်းမှာ ခက်ခဲသောမေးခွန်းတို့မဖြေခဲ့ရပေ။ အရင်နေ့ရက်များက ဒုံးကျွန်းစုပေါ်မှာ လှည့်လည် ရှင်းလင်းခဲ့ရာ သူတို့သိချင်သောမေးခွန်းတွေကို အခြားရွာများမှ ပြန်လည်ကြားသိလောက်ပြီးပေပြီ။ အလားတူ ပုံစံတူမေးခွန်းတို့ကို ဖြေကြားရှင်းလင်းရာမှာလည်း သူတို့လက်ခံကြသည်။ ဒုံးကမာချောင်းကျေးရွာကဖြင့် တခြားရွာများနှင့် မတူ၊ သူကကုန်းတွင်းကျသည်။ ပင်လယ်ကိုအရင်းခံသည့် အသက်မွေးဝမ်းကျောင်းထက်၊ ကျေးရွာနှင့်ကပ်လျက် တည်ရှိသောသဘာဝတောကိုအမှီပြုပြီး ဥယျာဉ်ခြံမြေတည်ထောင်လုပ်ကိုင် စားသောက်ကြသည်။ ကျေးရွာတာဝန်ခံလုပ်သူမှာ ဤဒေသခံမဟုတ်ဟု သိရသည်။

တောတောင်များက ကျေးရွာနှင့်ကပ်နေတော့ မြေပြိုသည့်အန္တရာယ်ကို ရှင်းပြရသလို သစ်တောများထိန်းသိမ်းပြီးထိုအန္တရာယ်ကို ကာကွယ်နိုင်ပုံ၊ သဘာဝထိန်းသိမ်းရေးနယ်မြေ၏ အပြင်ဘက်ခြမ်းဇရိယာများမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်နိုင်ပုံတို့ကိုလည်း ရှင်းပြရသည်။ အကျေအလည်ရှင်းပြအပြီးမှာတော့ ကျေးရွာသားများအားလုံးက သဘာဝထိန်းသိမ်းရေးနယ်


PDF Compressor Free Version

မြေသတ်မှတ်မည့်အပေါ် အားတက်သရော သဘောတူလက်ခံကြပေသည်။ ထိုရွာကထွက်တော့ ဒုံးဒဟွန်းရွာလေးသို့ ခရီးဆက်သည်။ ဆောင်းရာသီပေမဲ့ လေထုထဲက ရေငွေ့ကြောင့် ရာသီဥတုက ပူနွေးသည်။ နေရောင်က စူးစူးရှရှတောက်ပလျက်။ မွန်းလွဲပိုင်းမို့ အိုက်စပ်စပ်နိုင်လှသေးသည်။ ဒုံးဒဟွန်းရွာလေးကဖြင့် တိတ်ဆိတ်နေသည်။ ကျေးရွာသားတို့နှင့်တွေ့ဆုံမည့် စာသင်ကျောင်း၌ ရွာသူရွာသားတို့ရောက်ရှိနေပြီ။ ကျွန်တော်တို့ ဝင်ထိုင်ကြပြီးတော့ အခမ်းအနားမစခင် ရွာသားတချို့နဲ့ ရောက်တတ်ရာရာ စကားဆိုခိုက် 'တောက်တောက်ပြေး' အရွယ်ကလေးငယ်တစ်ယောက် ဘယ်ကပေါက်လာသည်မသိ။ အနားရောက်လာပြီး ပုခုံးကိုလာကိုင်သည်။ ကလေးကို စကားပြောကြည့်တော့ ကျွန်တော်တို့လေသံကို သူနားလည်ပုံမပေါ်။ သူပြောနေတာလည်း ကျွန်တော် နားမလည်။ စားပွဲပေါ်က ချိုချဉ်နှင့်မုန့်လေးတွေကို သူ့လက်ထဲထည့်ပေးလိုက်သည်။ ပြီးနောက် ကျွန်တော့် တောဆောင်းဦးထုပ်ကို သူ့ခေါင်းပေါ် ဆောင်းပေးလိုက်သည်။ ရွာသားတို့က သဘောကျစွာရယ်မောကြသည်။ ကလေးဆိုသည့်အတိုင်း အပြစ်ကင်းစွာ ချစ်စရာကောင်းတော့ မြင်ရသူတို့နှစ်ခြိုက်ပေမည်။ ရွာသူရွာသားတို့ကို ကြည့်ရသည်မှာ သူတို့မျက်နှာပေါ်ဝယ် အေးချမ်းမှုတို့မြင်ရသည်။ ကျေးရွာ၏ခေါင်းဆောင်အပေါ်မှာလည်း မူတည်ပုံရသည်။

နောက်ဆုံးတစ်ရွာဖြစ်တဲ့ ဒုံးဒဟွန်းရွာလေးမှာ ချပြရှင်းလင်းပြီးသော် ဒုံးကျွန်းစု အဏ္ဏဝါအမျိုးသားဥယျာဉ်သတ်မှတ်ရေးနှင့်သက်ဆိုင်သောဒေသဖြစ်သည့် ဒုံးကျွန်းစုပေါ်ကကျေးရွာတို့အား ဒေသခံတို့သိသင့်၊ သိထိုက်သည်များကို ရှင်းလင်းချပြပြီးဖြစ်ပေသည်။ ကျေးရွာအားလုံး၏ ကျေးရွာသူ၊ကျေးရွာသားများထံမှ တုံ့ပြန်ပုံက အားရစရာ ကောင်းမွန်သည်။ အဏ္ဏဝါ အမျိုးသားဥယျာဉ်သတ်မှတ်မည့်အပေါ် သူတို့အားလုံး လိုလားစွာသဘောတူကြသည်။ အဖွဲ့သားအားလုံး ဒုံးညောင်မှိုင်းပင်လယ်ကမ်းခြေမှာ လွတ်လပ်စွာ ခေတ္တထိုင်ရင်း အမောဖြေကြသည်။ ညနေပိုင်းဆိုလျှင် ပင်လယ်ပြင်မှာ လှိုင်းကြီးလေ့ ရှိသော်လည်း ညမအိပ်တော့ဘဲ ပြန်ကြမည်။ စိစစ်ရေးအဖွဲ့မှာ ပါဝင်လိုက်ပါလာသည့် ဌာနဆိုင်ရာတို့မှာလည်း နောက်ပိုင်းအလုပ်တွေ ရှိကြသေးသည်။ ပင်လယ်ကမ်းခြေ သဲသောင်ပြင်မှာ သဘာဝအတိုင်းပေါက်ရောက်နေသော အုန်းပင်တန်းတို့က ပင်လယ်နှင့် လိုက်ဖက်စွာ လှပနေသည်။ ပင်လယ်ပြင်၊ သဲသောင်ကမ်းခြေနှင့် အုန်းပင်တန်းတို့ကို ဖြတ်သန်းတိုက်ခတ်လာသောလေက လတ်ဆတ်သည်။ ကျွန်တော်တို့သောက်ဖို့ အုန်းသီးတစ်ခိုင်ချလာသည်။ ထိပ်နှစ်ဖက်ဖြတ်ပေးလာသော အုန်းသီးကို အလုံးလိုက်မော့သောက်ကြသည်။ သောက်ရသော အုန်းရေက သူ့အရပ်သူ့ဇာတ်မို့ အလွန်အရသာရှိသည်။ အခြားအရပ်ဒေသမှာ အုန်းရေသောက်ရလျှင် ပင်လယ်ကမ်းရိုးတန်းဒေသက အုန်းရေကိုမမီဟု ခံစားရသည်။

ကမ်းခြေမှာ တံငါလှေသုံးလေးစီး ဆိုက်ကပ် ထားသည်။ ပင်လယ်ကမ်းခြေနှင့် မနီးမဝေးမှာ ပေါင်းမိုးမပါသော လှေငယ်လေးတစ်စီးတည်း လှော်ခတ်နေသည်။ လှိုင်းလေကြီးလျှင် အန်တုနိုင်ပါ့မလားဟု တွေးမိ၏။ ဟိုးအဝေးပင်လယ်ပြင်ထဲမှာ ထီးတည်းထွက်ပေါ်နေသော ကျောက်တောင်ကျောက်ဆောင်တစ်ခုပေါ်၌ အပင်မျိုးစုံတို့တွယ်ကပ်ပေါက်နေကြသည်။ သစ်ပင်တို့က ပုကြသည်။ အပင်တချို့က အရွက်မရှိတော့။ ရိုးတံပြိုင်းပြိုင်းထလျက်။ ထိုအပင်တို့ကြားမှာ တစ်ပင်ကဖြင့် ထူးထူးခြားခြား အစိမ်းရင့်ရောင်အရွက်တို့ဖြင့် ရွက်အုပ်တစ်ခုလုံး စိမ်းစိုဝေဆာနေသည်။ ကျောက်တောင်ပေါ်မှာ ပေါက်ရလည်း ရွက်အုပ်လှပသည်။ လွယ်ကူစွာရှင်သန်ရခြင်းမဟုတ်သဖြင့် အခြားနေရာများမှာ လွယ်ကူစွာ ပေါက်ရောက်နိုင်သည့်အပင်များထက်ပင် ပို၍ မာကျောသန်မာပေလိမ့်မည်။ တစ်ခါတစ်ရံ ခက်ခက်ခဲခဲရရှိသော အောင်မြင်မှုတို့က ပို၍ လှပချိုမြိန်တတ်သည်ပင်။



လက်ရှိထက်
ပိုကောင်းတဲ့အနာဂတ်ကို
လက်ဆင့်ကမ်းဖို့ မျိုးဆက်တိုင်းမှာ
တာဝန်ရှိတယ်။

PDF Compressor Free Version








# ပင်လယ်အုန်းပင်

ဦးဟုတ်လင်း

အင်္ဂလိပ်အမည်။ Mangrove cannonball tree , Cedar mangrove .

သိပ္ပံအမည်။ *Xylocarpus moluccensis*

မျိုးစဉ်။ Sapindales.

မျိုးရင်း။ Meliaceae

မျိုးစု။ Xylocarpus

မျိုးစိတ်။ moluccensis စသည်တို့ ဖြစ်ကြသည်။

ပင်လယ်အုန်းပင်များသည်

၁။ ခလောင်ပင် Amarie wood tree, Amoora wallichiana

၂။ သစ်ကတိုးပင်၊

၃။ ရင်းမာပင်၊

၄။ ပန်းတမာပင်၊

၅။ သစ်တိုပင်၊

၆။ မဟော်ဂနီပင် တို့နှင့်အတူ Meliaceae မျိုးရင်း၌ ပါဝင်ကြသည်။

စာမျက်နှာ ( ၄၁ ) သို့